
www.burmeseclassic.com

မိတ်ဆွေစာပေ

# ကိုးသချိုင်းမောင်ပိုင်း

# နှင့်

# သုသာန်မြေမှကိုယ်တွေ့ဖြစ်ရပ်ဆန်းများ



## ပီနန်းအောင်ကျော်

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ မောင်ဝိုင်းနှင့် ဦးလောဂူ ၁

၂။ မောင်ဝိုင်းနှင့် ရှေးဟောင်းပစ္စည်းများ ၅၅

၃။ ကိုးသချိုင်းမောင်ဝိုင်းနှင့် အကြမ်းလားအချောလား ၇၂

၄။ ကိုးသချိုင်းမောင်ဝိုင်းနှင့် ကွင်းပိုင်ကြီးတွေ့ကြပြီ ၁၀၀

၅။ ကိုးသချိုင်းမောင်ဝိုင်းနှင့် လျှာရှည်သောအလောင်း ၁၃၁

၆။ ကိုးသချိုင်းမောင်ဝိုင်းနှင့်သုသာန်ထဲက အချစ်ဇာတ်လမ်း ၁၈၁


# အတ်ခင်ပေါ်ကာမီးသေရာရှိစကား

(၁)

ဒီနေရာကြီးမျိုးနှင့်ပတ်သက်၍ ပြောကြ ဆိုကြတာတွေ ရှိခဲ့သည်။ တွေ့ရှိ ခဲ့သည့် တံတိုင်းတွေ၊ တံခါးကြီးတွေ ပိတ်ဆို့ ထားပေးရန်မလို။ အထဲရောက်နေသူများတလည်း အပြင်သို့ တစ်ခေါက်ပြန်၍ ထွက်မလာနိုင်။ အပြင်တွင် **ကျန်ရစ်နေသူများ** တလည်း အထဲသို့ ဘယ်သူမျှ မဝင်ချင်။

ကြုံကြုံဖန်ဖန် မေးတတ် ရေးတတ်သည့် **တိန်းအောင်ကျော်** ကြောင့် ဒီလိုနေရာမျိုး၊ ဒီလိုညမှော**င်မှောင်ကြီးထဲတွင် မရှုံမရှာ** ကြောက်မရှံ့ လုပ်ကိုင်စားသောက်ခဲ့ရသူ၊ တစ်**ကိုယ်တော် ဥပဓေမဲ့** သိုက်သားတစ်ယောက်ရှိခဲ့ကြောင်း သိရသည်။ နှာခေါင်းပိတ်၍ ဆက်ပြီး မျက်လုံးပြူးကြီးဖြင့် တအံ့တဩဖြစ်ရသည်။

"မောင်ဝိုင်း"တဲ့။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်ဝိုင်းတောင် ရိုးရိုးသာမန်မောင်ဝိုင်းမဟုတ်။ "ကိုးသချိုင်း ပြန်မောင်ဝိုင်း"ဆိုပါလား။

ဟိန်းအောင်ကျော် စာအရေးအသားကောင်း၍ မောင်ဝိုင်း သွားရာနောက်သို့ ကြောက်ဒူးတတုန်တုန်ဖြင့် လိုက်ပါသွားမိသည်။ စိတ်ကူးထဲတွင် နာခေါင်းကို လက်ကိုင်ပဝါစည်းပြီး ဘေးမှ ရပ်ကြည့် နေမိသည်။ မောင်ဝိုင်းက သချိုင်းပေါင်းများစွာအတွင်း ကျင်လည် ကျက်စားခဲ့ပြီဖြစ်၍ သူ့အလုပ်တွင် ဆရာမလို၊ အရာရာတွင် သူကသာ ဆရာကြီး ဖြစ်နေသည်။

အကယ်၍များ မိုးသည်းသည်းညတစ်ညတွင် မောင်ဝိုင်း လုပ်ကိုင်နေပုံကို စိတ်ဝင်တစား လိုက်ကြည့်နေမိစဉ် အနီးရှိသစ်ပင် ကြီးပေါ်က ဘယ်သူများ ငုံ့ကြည့်နေမလဲ။ ဘာကောင်ကြီးများ ခုန်ချလာလေမလဲ။ တိုး ခပ်ဝေးဝေးက ခွေးပိန်ကလေးတစ်ကောင် ဆွဲဆွဲငင်င် အူနေသံကြားသလား။ မီးရောင်လက်လက်ကလေး တွေဟာ ရေနံဆီမီးခွက်မီးရောင်တွေ ဟုတ်ပါလေစ။ သူ့ရဲမျက်လုံး ဆိုတာတွေများလား။ ဇွိပုခုံးကို လေဝင်တိုးသွားတာ ဟုတ်ပါ့ မလား။ တစ်ကောင်ကောင် အတူဝင်ရပ်ကြည့်နေတာများလား။ မိုးစို၍ ကျောဘက်က ရုတ်တရက် ချမ်းစိမ့်သွားသည်။ သွေးရိုး သားရိုးမဟုတ်။ ကျောချမ်းတာ၊ ကျောချမ်းတာ။ နောက်ဘက်





ငြလည်း တစ်ကောင်ကောင်ရှိနေနိုင်သည်။ ခပ်လှမ်းလှမ်း သစ်ပင် ာတ်တုတ်ခိုင်ခိုင်ကြီးပေါ်က ဘာကြီးလဲ။ မိုးစိုနေတဲ့ သစ်ရွက်တွေ ခပေါ် ဘယ်သူနင်းလျှောက်လာနေတာပဲ။

ရုတ်တရက် မောင်ဝိုင်းတစ်ယောက် သူရှာနေတာ ဝမ်းမြောက် းသာတွေ့သွား၍ မိမိဘက်လှည့်ပြီး အသံတစ်ခုခု ပြုလိုက် ငလည်း သွေးလန့်သွားနိုင်သည်။ လန့်ပြီးအော်လိုက်မိလျှင် ွား ဒါက ရာဇဝတ်ဘေးနှင့် ကင်းသည့်အလုပ်မျိုးမဟုတ်။ ာင်ဝိုင်းနှင့်လိုက်လာခဲ့မိသည်မှာ အမှားကြီးမှားခဲ့ပြီ။ မောင်ဝိုင်း ယ်နေကိုင်နေပုံကို ထားခဲ့ပြီး မိမိတစ်ယောက်တည်း ထိုနေရာ ေသကြီးထဲမှ တံတိုင်းစည်းရိုးအပြင်သို့ ထွက်ပြေးဖို့ကြိုးစား ို့လား။ ဘယ်လိုမှ ပြန်ထွက်တတ်မည်မဟုတ်။ ပြေးကြည့်လေ။ ုဂ်ဟောင်းတွေကို ခလုပ်တိုက်မိမလား။ ရေဝင်တွင်းဟောင်းတွေထဲ ိမ့်ကျသွားမလား။

မောင်ဝိုင်းက သူတူးလိုက်သည့် တွင်းထဲမှ တစ်ခုခုဆွဲနှိုက် း 'တွေ့ပြီ'ဟု အော်လိုက်လျှင် တွင်းကြီးထဲသို့ မိမိငုံ့ကြည့် ြမလား။ လက်ဖျံရိုးကြီးတစ်ချောင်းနှင့် ငြိနေ၍ ကျွမ်ပြတ်ပေးစမ်းပါ ာ အကူအညီတောင်းလိုက်လျှင်တော၊ သူ့လိုပင် ရေချွဲချွဲ ွင်းကြီးထဲ လိုက်ဆင်းပြီး သူခိုင်းသလို လုပ်ပေးရဲပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မကူရရှာ၍ တွင်းထိပ်မှ ရပ်ကြည့်နေတုန်းမှာပင် အနီးရှိ တွင်းကြီးတစ်တွင်းထဲက လက်ကြီးတစ်ဖက် ရုတ်တရက် ထွက်လာပြီး မိမိခြေထောက်ကို လှမ်းဆွဲခံလိုက်ရလျှင်။ အောင်မယ်လေး မတွေးရဲတော့ပြီ။

ကွယ်လွန်သူ ကျွန်တော့်ဆရာကြီး 'မောင်ထင်'အား ပထမအကြိမ်ထုတ် တိန်းအောင်ကျော်၏ မောင်ပိုင်းစာအုပ်အကြောင်း ပြောမိစဉ်က 'ကိုချစ်ညွန့်ဆိုတဲ့လူက ကတ်သီးကတ်သတ်တွေ ရှာရေးတတ်တယ်ကွ။ စာရေးဆရာကောင်းတစ်ယောက်ပဲ။ စာအုပ်ကို မဖတ်ဘဲ မင်းလာပြောတာကို ကြားရတာနဲ့တောင် ငါဖြင့် ကြက်သီးတွေ တဖြန်းဖြန်း ထသွားတယ်ကွ'ဟု မှတ်ချက်ချဖူးသည်။ ထိုနေ့ကပင် ဆရာမောင်ထင်ထံမှ စာပေလက်ဆောင် ဩဝါဒစကားတစ်ရပ်ကို နာယူလိုက်ရသည်။

**"နာမည်ရပြီး စာရေးဆရာတစ်ယောက်ရဲ့ လက်ရာကောင်း ဝတ္ထုတစ်အုပ်မှာဘယ်တော့မှ အမှားစာတွေ ဘာတွေ သွားရေးမပေးနဲ့ကွ။ အဲဒီ မင်းလူလည်လုပ်တာပဲ။ ဥပမာတွာ ဇာတ်စင်ပေါ်မှာ ရွှေမန်းတင်မောင် နှစ်ပါးသွား မြိုင်မြိုင်ဆိုင်ဆိုင်ကြီး တနေတုန်း ဇာတ်စင်ပေါ်က မီးပြင်ဆရာဖြတ်ပြေးတာမျိုးနဲ့ အတူတူပဲကွ"**





ဆရာရေ ...

တိန်းအောင်ကျော်ရဲ့ မောင်ပိုင်းဒုတိယအကြိမ် ပြန်လာတာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုချင်လို့ ရွှေမန်းတင်မောင်ရှေ့က ကျွန်တော်ငမိုက်သား မီးဆရာဖြတ်ပြေးမိပါပြီ။ ဇာတ်ခွင်ထဲက ရွှေမန်းတင်မောင်ရဲ့ အခင်းအကျင်းအလှအပတွေကို ပရိသတ်တွေ ပိုမြင်နိုင်အောင် မီးသီးကြီးတစ်လုံး ပိုထွန်းပေးလိုက်ချင်လို့ပါ ဆရာ ...။

**မောင်ကြည်သန့်**



www.burmeseclassic.com

www.burmeseclassic.com

# မောင်ဝိုင်းနှင့် ဦးလောဂူ

(၁)

တစ်ခုသောညတစ်ည ...

ဒီည၌ လမထွက်။ ကြယ်ရောင်ကလည်း မလင်းဖြစ်သည်။

အကျည်းတန် အရုပ်ဆိုးလှစွာသော အမှောင်ထုကြီးကသာ နေရာတိုင်းနေရာတိုင်း၌ မင်းမူထား၏။ ကြည့်လိုက်မိတိုင်း အရုပ်ရုပ်မျက်နှာ၊ အရုပ်ဆယ်မျက်နှာတို့တွင် ချိပ်မည်းရည်များ လောင်းချ ယိုစီးနေသလို ပိန်းပိန်းထနေသည့်ဟု ထင်ရသည်။ ရှေ့နောက် ဝဲယာကိုပင် သဲကွဲစွာမမြင်နိုင်လောက်အောင် အနက်ရောင်ပိတ်များ ကာဆီးထားဘိသကဲ့သို့ ထင်နေပေတော့၏။

အမင်္ဂလာညမျိုးတုပင် ခေါ်ရတော့မလိုလိုပင်ဖြစ်သည်။





ထိုကဲ့သို့ ညမျိုးတွင် လူနှစ်ယောက်သည် ရွာ၏တောင်ဖျားရှိ ပုဆိုးနှစ်ပတ်စာခန့်ရှိသော ညောင်ပင်အောက်အမှောင်ထုထဲ၌ ငြိမ်သက်စွာ နေထိုင်ကြသည်။ သူတို့နှစ်ဦးသည် ဘယ်အချိန်လောက် ကတည်းက ဒီညောင်ပင်ကြီးအောက်သို့ ရောက်ရှိနေသည်မပြောတတ်။ နှစ်ဦးသား ပခုံးချင်းယှဉ်လျက် ညောင်ပင်ရင်းရှိ အမြစ်တစ်ခုပေါ်တွင် ထိုင်နေကြသည်။ အမှောင်ထဲမှလာသူတစ်ဦးဦးသည် ရုတ်တရက် သူတို့ကိုတွေ့လိုက်ပါက သရဲတစ္ဆေ အဖြစ်မှတ်ခံရသည်ဟု ထင်တာ သွေးလန့်မတတ် အော်ဟစ်ထွက်ပြေးသွားမှာ အမှန်ပဲဖြစ်၏။

အတော်အတန် သတ္တိကောင်းလှပါသည်ဟုဆိုသူပင်လျှင် ခံနိုင် ရည်ရှိမည်မဟုတ်။ အချိန်ကလည်း ညအချိန်၊ နေရာကလည်း ရွာစွန် ရွာဖျား။ အမှောင်ကလည်း ပိန်းပိတ်အမှောင်။ ပြီးတော့ အကိုင်းအခက် အရွက်များစွာဖြင့် ဝေဆာအုပ်ဆိုင်းနေသည့် ညောင်ပင်ကြီးအောက်မှာ။

အင်မတန်ကျောချမ်း၊ ကြက်သီးမွေးညင်းထစရာကောင်းလှ ပေစွ ...။

လူနှစ်ယောက်မှာမူ ဘာတစ်ခုမျှ အမှုမထားသလိုပင်။ တစ်ခုခု ဘာမှပြောဆိုခြင်းမရှိ။ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ဆိတ်ဆိတ်နေပုံကိုကြည့်ခြင်းအားဖြင့် အတွေးကိုယ်စီ ရှိနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့နှစ်ဦးစလုံး တွေးနေပုံချင်းတူသော်လည်း ကောင်းသောတွေးပုံတွေးနည်း မဖြစ်နိုင်။ မကောင်းမှုနှစ်ရိုက်တစ်ခုခုကို ဘယ်ပုံဘယ်နည်းဖြင့် စတင်လုပ်ဆောင်ဖို့ကိုသာ တွေးတော ဆုံးဖြတ်နေကြပုံရှိ၏။

ညကလည်း မကောင်းမှုတစ်ခုခု ပြုလုပ်ဖို့အတွက် အစွမ်းကုန်အားပေးလျက် ရှိနေပေပြီတည်း။

* * *

သူတို့က အဘယ်မည်သောအလုပ်ကို လုပ်ကြမည်နည်း။

ဒါကလည်း သူတို့နှစ်ဦးသာ အသိဆုံးဖြစ်သည်။ လုပ်ရန်လည်း တိုင်ပင်ဆုံးဖြတ်ပြီးဖြစ်၏။ ထို့ကြောင့် သူတို့သည် ကြိုတင်ညှိနှိုင်းထားသည့်အတိုင်း အချိန်ကိုက်၍ ဒီညောင်ပင်ကြီးအောက်တွင် စုရပ်အဖြစ် လာရောက်ဆုံကြခြင်း ဖြစ်ပေသည်။

သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး အရွယ်ချင်းမတူ။ ဆယ်နှစ်တန်းမျှ ကွာခြားပုံရသည်။ အသက်ကြီးကြီးလူမှာ အသားဖြူဖြူ အရပ်မြင့်မြင့်၊ မပိန်လွန်း မဝလွန်းရှိ၏။ သို့သော် သူ့အသားအရေမှာ ဖောသွပ်သွပ် ပွယောင်းယောင်းရှိသည်။ မျက်နှာမှာ အစဉ်သဖြင့်





နီလျက် ပွဖောင်းနေ၏။ နေ့ညမပြတ် အရက်သောက်လွန်းသောကြောင့် အရက်ဖော ဖောလျက်ရှိတော့သည်။

လူငယ်မှာ အရပ် မနိမ့်မမြင့်၊ ငါးပေသုံးလက်မသာသာရှိသည်။ အသားညိုစိမ့်စိမ့်၊ ဗလတောင့်တောင့်၊ အလုပ်အကြမ်းအနုမရွေးသည့် ကိုယ်ကာယပုံစံမျိုး၊ နှုပေနာပေသမား။ အထူးခြားဆုံးမှာ စူးရှထက်မြက်သောမျက်လုံးပင်ဖြစ်သည်။

ဒီလို မျက်လုံးပိုင်ရှင်သည် လောက၌ ဘာကိုမျှမမှု၊ ဘယ်သူ့ကိုမျှမကြောက်၊ အရာရာကို ဆုံးဖြတ်ပြီးပြီဆိုလျှင်လည်း နောက်မဆုတ်၊ နောက်မတွန့်၊ ရှေ့သို့သာ တစ်ဇွတ်ထိုး။

သူတို့နှစ်ယောက် အသွင်မတူကြသော်လည်း အမြင်တူ ခံယူချက်တစ်ခုတော့ ရှိနေပြီးသားဖြစ်သည်။ ထို့ကြောင့်လည်း အမြင်တူ ဆန္ဒတူအလုပ်တစ်ခုကိုလုပ်ဖို့အတွက် လျှို့ဝှက်စွာပင် ဤညောင်ပင်ကြီးအောက်သို့ ရောက်နေခဲ့ခြင်းဖြစ်သည်။

* * *

— အသက်ကြီးကြီးလူသည် အချိန်ကိုစောင့်ဆိုင်းနေရသည့်အတွက် စိတ်မရှည်သည်လားမပြောတတ်။ သက်ပြင်းရှည်ကို တူးခနဲ မှုတ်ထုတ်လိုက်ပြီးနောက် လက်ထဲက သောက်လက်စဆေးပြင်းလိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



မြေကြီးပေါ်သို့ ပစ်ပေါက်လိုက်သည်။ မီးဖွားတွေ ရဲခနဲ ပြန့်ကျဲ လွင့်စင်သွား၏။

လေသည် ခပ်ကြမ်းကြမ်းပင် ဖေ့ရမ်းတိုက်ခတ်သွား၏။ တစ္ဆေ သရဲ၏ လက်ကြမ်းကြီးဖြင့် ဆွဲခါပစ်သလို ညောင်ကိုင်းများ၊ ညောင်ရွက်များမှာ ယိမ်းခါသွားတော့သည်။ ရှက်ချင်းခတ်သံ တရှဲရှဲမှာလည်း နာနာဘဝတစ်ယောက်၏ ကုတ်ခြစ်နေသံကဲ့သို့ထင်ရသည်။

ထိုအခိုက် ရှည်လျားဆွဲငင်လှသော ခွေးအူသံကြီးက ညဇ၏တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်တော့သည်။ ရင်ခေါင်းသံကြီးဖြင့် သံရှည်ဆွဲ၍ အူနေသည်မှာ တော်တော်နှင့်မဆုံးနိုင်ပေ။ တစ်ဆက်တည်းမှာပင် အခြားခွေးများကပါ ရောယောင်၍ လိုက်အူလေသည်။

ညငှက်ဆိုးတစ်ကောင်သည် ထိန်ပင်ဖျားမှ အလန့်တကြား "ဂိ"ခနဲ အော်မြည်လျက် သချိုင်းဆီသို့ ထပျံသွားသည်။

"ကဲ ... တို့လုပ်ငန်းစကြရအောင်"

ညောင်ပင်အောက်မှ လူနှစ်ယောက်အနက် အသက်ကြီးကြီးလူက စတင်ပြောလိုက်သည်။ ထို့နောက် ပေါင်ပေါ်တွင် တင်ထားသည့် ပုဆိုးဖောင်းတစ်ထည်ကို ခေါင်းပေါင်း ပေါင်းသည်။ အိတ်ထဲက ဆေးပေါ့လိပ်တစ်လိပ်ကို ထပ်မံနှိုက်ယူပြီး မီးညှိဖွာလိုက်ပြန်၏။





လူငယ်က မလှုပ်သေး။ လူကြီး၏ လှုပ်ရှားမှုကိုသာ အရိပ်အကဲ စောင့်ကြည့်နေပုံရှိသည်။ လူကြီးသည် သစ်မြစ်ဆုံကြား တွင် ထောင်ထားသည့် အရက်ပုလင်းနှင့် ပလတ်စတစ်ရေခွက်ကို လှမ်းယူရင်း

"မင်း စို့နဲ့တူရော ပါခဲ့သလား"

လူငယ်ကို သတိပေးသလို မေးသည်။

လူငယ်က မြေတွင်စိုက်ထားသော သံတူရွင်းကို ဆွဲနုတ်ရင်း ဖြေသည်။

"အားလုံးအဆင်သင့်ပါဗျာ"

"ကဲ ... ဒီလိုဆို သွားကြမယ်"

စကားအဆုံး၌ သူတို့နှစ်ယောက်သည် ငြိုင်တူလိုလိုပင် ထသည်။ ထို့နောက် လူကြီးကရှေ့ဆောင်၍ ထွက်သည်။ လူငယ်က နောက်ကလိုက်သည်။ ညောင်ပင်ကြီးအောက်မှ ထွက်လာပြီး နောက်မြေမျက်စေ့သာသာခန့်ရှိသော ချောင်းရိုးကလေးကို ဖြတ်ကူးသည်။

"မောင်းစိုင်း၊ မင်းစိတ်ထဲမှာ ဘယ်လိုနေလဲ"

အကဲစမ်းသလိုအမေးမျိုး အမေးခံလိုက်ရသဖြင့် အောင့်သက်သက်ရှိသွားသည်။ မခံချင်စိတ်က ရင်ထဲမြည့်တက်လာ၏



www.burmeseclassic.com

www.burmeseclassic.com



သံတူရှင်းကို ပခုံးပေါ်ထမ်းတက်ရင်း ခပ်ဆတ်ဆတ်ပြန်မေးသည်။

"ကိုထွန်းရ၊ ခင်ဗျားက ဘာကိုဆိုလိုချင်တာလဲ"

လူကြီးကိုထွန်းရ ဆေးလိပ်ကို သုံးလေးဖွာ ဖွာနေပြီးမှ...

"စိတ်မတိုစမ်းပါနဲ့ မောင်ဝိုင်းရာ၊ ငါပြောချင်တာက မင်းတာ ဒီလုပ်ငန်းမှာ အတွေ့အကြုံမရှိသေးဘူးမဟုတ်လား၊ ဒီတော့ မင်း လန့်များလန့်နေမလားလို့ပါကွာ"

"ဟား ဟား"

မောင်ဝိုင်းက ခပ်အုပ်အုပ်ရယ်လိုက်ပြီးနောက် ...

"ကိုထွန်းရရာ၊ ခင်ဗျား ကျွန်တော့်ကို အထင်သေးလှချည်လား။ ကျွန်တော်ခင်ဗျားထင်သလောက် သွေးမနည်းလှပါဘူး။ အေး ဒါပေမယ့် တစ်ခုတော့ရှိတာပေါ့လေ။ ကျွန်တော်က ဒီလုပ်ငန်းမှာ အတွေ့အကြုံမရှိတာတစ်ခုပဲ။ ခင်ဗျားကို ဆရာတင်ရတာကိုပဲ ကြည်တော့လေ"

"ရှိပါစေတော့ကွာ၊ ခုတော့ ငါကဆရာပေါ့။ နောက်တော့ မင်းကများ ဆရာဖြစ်သွားမလားမသိဘူး"

ပြောပြီး နှစ်ယောက်သား ကိုယ့်အဓိပ္ပါယ်နှင့်ကိုယ် တဟဲဟဲ ရယ်လိုက်ပြန်၏။ သူတို့သည် ပြောရင်းရယ်ရင်းဖြင့် မြရာပင်သချိုင်း ဝဆီသို့ နီးသည်ထက်နီးလာသည်။ ထိုအခိုက်တွင် မောင်ဝိုင်း၏





နာခေါင်းထဲသို့ ပုပ်အက်အက်အနံ့ဆိုးကြီးကို ရှူရှိုက်မိလိုက်သည်။ ရင်ထဲပို၍တက်သွားသလို ကျောထဲ၌လည်း အေးခနဲ စိမ့်သွားသည်ထင်သည်။

မကောင်းဆိုးဝါးတွေက ပေးလေ့ပေးထရှိသော အနံ့အသက်တွေဆိုတာ ဒါမျိုးပေလားဟု တွေးမိတွေးရာ တွေးမိသေးသည်။ ရင်တွေတုန်မတက်ဖြစ်သွားသည်ကို မနည်းသတိထားထိန်းလိုက်သည်။

အလုပ်မလုပ်ခင်က ကိုထွန်းရပြောခဲ့သော စကားတွေကို ပြန်လည်အမှတ်ရနေ၏။



www.burmeseclassic.com

www.burmeseclassic.com



## (၂)

ခုတလော မောင်ပိုင်းစိတ်ညစ်နေသည်။

အလုပ်အကိုင်ကလည်း အဆီငေါ်မတည့်ပေ။ လုပ်လက်စ ...န်းရုံအလုပ်ကလည်း တိုက်ဆောက်သောတိုက်ရှင်နှင့် ဝန်းရုံခေါင်း ...ဆောင်တို့ အလုပ်ကိစ္စ စကားများကြသဖြင့် သူတို့တစ်ဖွဲ့လုံး ...းလိုက်ရသည်။ လက်သမားအလုပ်လိုက်လုပ်မည်တု မိတ်ဆွေ ...က်သမားအချို့ကိုပြောသော်လည်း "နေဦး၊ အလုပ်အတွက် ...ူမလိုသေး၊ သူ့လူနဲ့သူပြည့်နေလို့"ဟု အကြောင်းပြသည်။

ဒီလိုနဲ့ အလုပ်မရှိတာ တစ်လကျော်ခဲ့ပေပြီ။

ဒီအထဲ အဖေ့ဆိုက်ကားကို ပိုင်ရှင်က ပြန်သိမ်းသွားသည်။ ...မေကလည်း ကျန်းမာရေးသိပ်မကောင်း။ ညီငယ်နှင့်နမများက ...သည်း အားကိုးအားထားပြုနိုင်သေးသည့် အရွယ်မတုတ်။

စားအိုးကြီးလှသော ဤအိမ်ကြီး၏ တာဝန်ကို အဖေနှင့် ...ူက တာဝန်ယူထားရပေသည်။





ယခုတော့ ဝင်ငွေရှိသူတစ်ဦးက ဝင်ငွေမရှိသဖြင့် စားဝတ်နေရေး အခက်တွေ့နေတော့သည်။ သို့နှင့် မောင်ပိုင်း စိတ်ညစ်...ခိုက်တွင် ကိုထွန်းရနှင့် သွားတိုး၏။

ကိုထွန်းရက မောင်ပိုင်း၏ အရိပ်အကဲကိုကြည့်ရင်း ...

"မောင်ပိုင်း၊ မင်းအခုတလော မျက်နှာမကောင်းပါလား၊ ဘာတွေဖြစ်နေတာလဲ"

ရေချိန်ကိုက်လာသော ကိုထွန်းရ၏ အာလေးလျှာလေး ...မေးလိုက်သည့်စကားကို မောင်ပိုင်း ရုတ်တရက်ပြန်မဖြေသေး။ ...ငေးပေပြန်ကြည့်သည်။ သူနှင့်ကိုထွန်းရမှာ တစ်ရပ်ကွက်၊ တစ်...မ်းတည်းနေဖြစ်သည်။ ကိုထွန်းရမှာ အလုပ်မယ်မယ်ရရလုပ်...ည်တာ၍ ဘယ်တုန်းကမှ မတွေ့ဘူးပေ။ အရက်ကလေးတမြမြနှင့် ...ောင်ခြောက်ဆယ်သမားဖြစ်၏။

ကိုထွန်းရ၏ဇနီး မစိန်ခက်ကတော့ အကြော်သည် ...ဖြစ်သည်။ နံနက်ဝေလီဝေလင်းကထဲ၍ အကြော်ဖောက်သည်ယူပြီး ...တွက်ထဲလှည့်လည်ရောင်းရသူတည်း။

သို့သော် အကြော်သည်တဲ့ အထင်သေးလို့မရ။ ဝတ်စာ...တော ရွှေနှင့်ငွေနှင့်။ သားသမီးတွေကိုလည်း မညှိုးငယ်စေရ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မှာလည်း အပြည့်အစုံ။ ဤလိုနေနိုင် စားနိုင်သည်က အံ့စရာ ဖြစ်လေသည်။

"ပြောစမ်းပါဦး၊ မောင်ပိုင်းရ ဘာတွေဖြစ်နေတာလဲကွ"

စကားမပြောချင်သလို၊ ပြောချင်သလို ဖြစ်နေသော မောင်ပိုင်းကို မရမက ကုတ်ကပ်မေးနေပြန်သည်။ မောင်ပိုင်းက...

"စိတ်ညစ်နေလို့ဗျာ"

ခပ်တိုတိုပြတ်ပြတ်ဖြေ၏။ သူ့အဖြေကြောင့် ကိုထွန်းရ တဟားဟားရယ်သည်။ ရယ်သံဖြင့် ....

"ဟုတ်ပါပြီကွာ၊ မင်းစိတ်ညစ်နေလိမ့်မယ်ဆိုတာကိုတော့ ငါကြိုတွက်ပြီးသားပါကွာ၊ မင်းအရိပ်အခြေကို ငါကြည့်နေတာဆယ်ရက်လောက်ရှိနေပြီ။ ငါသိနေတာပေါ့။ ငါက ဒါကို မေးတာမဟုတ်ဘူး။ လူဆိုတာက စိတ်ညစ်တာ၊ စိတ်ပျော်တာရှိနိုင်လည်း ရှိမပေါ့။ ဒါကလူကိုး။ ငါသိချင်တာက မင်းစိတ်ညစ်ရတဲ့အကြောင်းအရင်းကို၊ မင်းသဘောပေါက်အောင် ပြောရရင်တော့ ဥပမာပေါ့ကွာ။ မင်းချစ်သူက တခြားကောင်လေးတစ်ယောက်ကို ယူသွားလို့၊ ဒီမှမဟုတ် ရင်ငွေထုပ်ကြီးလက်ထဲကကျပျောက်သွားလို့၊ ဒီမှမဟုတ် ရပေါက်ရလင်းတွေ ပိတ်ဆို့နေလို့ အဲသလိုမျိုးပေါ့ကွာ။





စိတ်ညစ်ရတဲ့အကြောင်းအရင်း ဇာစ်မြစ်ကိုမေးတာ"

အရက်သမားပီပီ စကားကြောက ရှည်လိုက်တာဟု စိတ်ထဲအောက်မေ့မိသည်။ မျက်မှောက်တစ်ချက်ကျုံ့ကြည့်လိုက်ပြီးမှ ...

"ကိုထွန်းရကလည်းဗျာ၊ စကားကြောရှည်လိုက်တာ။ ဘယ်ကချစ်သူတွေဘာတွေ ဘာမှမဟုတ်ဘူးဗျ။ အလုပ်မရှိတော့ လက်ထဲမှာ ငွေမရှိတော့ဘူးပေါ့ဗျာ။ ကျွန်တော်တို့အိမ်အကြောင်းလည်း ခင်ဗျားသိသားနဲ့။ စားအိုးဘယ်လောက်ကြီးတယ်ဆိုတာ"

"တဲ ... တဲ ..."

ကိုထွန်းရ ဘာကို သဘောကျသွားသည်မသိ။ တဟဲဟဲရယ်ပြန်သည်။ ရယ်နေရာမှ နှုတ်ကလည်း ခပ်တိုးတိုးပြောသည်။

"တဲ ... တဲ ... ငွေ။ ငွေဆိုတာက ရှာတတ်ရင် အလွယ်ကလေးကွ။ ရှေးလူကြီးသူမတွေ ပြောတဲ့စကားရှိသားပဲမောင်ပိုင်းရ။ ကြွက်သေတစ်ခုအရင်းပြုတဲ့၊ အရင်းမရှိ လျှော့တိုးလိုက်တဲ့။ ဘာအရင်းအနှီးမှ မလိုဘူး။ အဲဒီ ငွေရနည်း။ ရွှေရနည်းပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ပိုင်း ငွေသံကြားလိုက်ရသဖြင့် ကိုထွန်းရစကားကို တော်တော်စိတ်ဝင်စားသွားမိ၏။

"ဘယ်လို ရွှေရနည်း၊ ငွေရနည်းလဲဗျ။ ဆိုစမ်းပါဦး"

"မသိသူကျော်သွား၊ သိသူဖော်စားဆိုတဲ့စကားလည်း မင်းကြားဖူးမှာပေါ့။ အဲ့သလိုပဲကွ၊ အဂ္ဂိရတ်ထိုးတဲ့ လူတွေ လိုပေါ့။ လုံထဲကို ဘာနဲ့ဘာထည့်ရမယ်၊ ဘာဘယ်လို လုပ်ရမယ်ဆိုတာကို ရိုးရိုးသားသားမရေးခဲ့ကြဘူးကွ၊ ဉာဏ်ရှိမှအဖြေပေါ်တာ။ ဥပမာဆိုကြပါစို့။ မျိုင်းချေးပင် အောက်ခြေနဲ့ကျောက်တဲ့ကွ။ အဲ့ဒီတော့ ဉာဏ်နည်းတဲ့ အဂ္ဂိရတ်သမားဟာ မျိုင်းချေးပင်ကို ခြေနဲ့ကန်ရမယ်ထင် ပြီးသွားကန်သတဲ့။ ဘယ်ဖြစ်မလဲ။ အမှန်က မျိုင်းချေး ပင်အောက်ဆိုတာ မျိုင်းချေးမင်ရဲ့အမြစ်ကို ပြောတာ၊ ခြေနဲ့ကျောက်ဆိုတာ ကျောက်နဲ့ နာနာချေတဲ့။ အဲ့သလို ကြေညက်ပြီးမှ လုံထဲထည့်ထိုးရမယ်လို့ မှာခဲ့တာ၊ မသိတော့ မှားကုန်ကြရော။ မအောင်မြင်ဘူးပေါ့။ ရွှေငွေ ရတဲ့နည်းကလည်း ဒီနည်းမျိုးပဲကွ ..."

မောင်ပိုင်း ကိုထွန်းရစကားကို နားထောင်ပြီး တော်တော် စိတ်ပျက်သွား၏။





"တာဗျာ။ ခင်ဗျားဥစ္စာက လုံတွေရော၊ ဗိုလ်ထိုးနဲ့ဘယ်ကာ လမှ ရွှေတွေ၊ ငွေတွေဖြစ်မယ်မှန်းမသိတဲ့နဲ့။ ရှုပ်ပါတယ်ဗျာ"

ကိုထွန်းရက ချက်ချင်းလက်ကာလိုက်ပြီး ...

"တိုး ... တိုး ...၊ မင်းကစိတ်မြန်တာ၊ အရင်ကိုး၊ ငါက ဥပမာပြောပါတယ်ကွာ။ မင်းကို ဗိုလ်ထိုးခိုင်းနေတာ မဟုတ်ပါဘူး။ တစ်ညအတွင်း သိန်းသောင်းတွေရနိုင်တဲ့ အကြောင်းကို ငါစကားလမ်းခင်းနေတာပါကွာ"

"ဒါဆိုလည်း တိုတိုပဲပြောဗျာ၊ ကျွန်တော်တို့ လူရိုက်လုမှာ လား၊ ဓားပြတိုက်မှာလား၊ ဖောက်ထွင်းခိုးယူရမှာလား၊ ရှင်းရှင်းပြောဗျာ"

ကိုထွန်းရ မောင်ပိုင်းစိတ်မရှည်ပုံကို ကြည့်ရင်းနှင့် ...

"စိတ်ရှည်ရှည်ထားစမ်းပါ မောင်ပိုင်းရာ၊ ငါက မင်းရဲ့ အစ်ကိုကြီးဆိုလည်း မမှားပါဘူး။ ငါက မင်းကို မကောင်း မှုအစရိုက်တွေ လုပ်ခိုင်းပါ့မလားကွ။ တရားသေသာနည်းလမ်း တွေအများကြီးပါ ငါ့ညီရာ ..."

ကိုထွန်းရ၏ ချော့မော့လေသံလေးကို ကြားလိုက်ရသော အခါ မောင်ပိုင်းအားတက်သွားသည်။ ခေတ္တမျှ ကိုထွန်းရကို စိုက် ကြည့်နေပြကြည့်နေပြီးမှ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကလည်း တရားနည်းလမ်းကျတဲ့အလုပ်ဆိုရင် လုပ်ဖို့ဝန်မလေးပါဘူး။ ဘာအလုပ်လဲ၊ ပြောစမ်းပါဦး"

ပြောစမ်းပါဦးဆိုကာမှ ကိုထွန်းရမှပြောသေး။ လက်ထဲက ဆေးလိပ်တိုကို မီးညှိပြီး အားရပါးရ ဖွာနေသေး၏။ အဆက်မပြတ် အာ ခြောင်း ဖွာနေပြီးမှ ...

"ဒီအလုပ်လောက် တရားတဲ့နည်း ဘယ်ရှိဦးမလဲကွာ။ ကြာရင် မြေသြဇာအလကားဖြစ်သွားမယ့် ဥစ္စာပစ္စည်း တွေကိုဖော်ထုတ်တဲ့နည်းလေ။ လူတွေသုံးစွဲလို့ရအောင် ဖော်ထုတ်တဲ့အတွက် ကုသိုလ်တောင်ရချင်ရနေဦးမှာ"

"ဘာလဲဗျ။ သိုက်တူးတဲ့ အလုပ်လား ကိုထွန်းရ"

ကိုထွန်းရ ခေါင်းခါ၏။ ထို့နောက် မောင်ဝိုင်းကို တည့်တည့် ကြည့်နေပြီးပြောသည်။

"အုတ်ဂူဖောက်တဲ့အလုပ်"

"ဗျာ ..."

မောင်ဝိုင်း၏ ဗျာ ... ဟူသောအသံမှာ အတော်အတန် ကျယ်သွား၏။ ကျောထဲ၌လည်း စိမ့်သွားသလိုရှိသည်။ တစ်ဆက်တည်းမှာပင် အုတ်ဂူတွေဖောက်လို့ကော ဘာတွေအကျိုးရှိမှာလဲ





ဟူသောအတွေးစများက ခေါင်းထဲရောက်လာသည်။ ကိုထွန်းရကို လှမ်းကြည့်၍ ...

"ခင်ဗျား အုတ်ဂူတွေ ဖောက်လို့ကော ..."

"ဟဲ့ ... ရတာပေါ့ကွ။ သိန်းဂဏန်းက အသာလေး"

နားမလည်နိုင်သဖြင့် ကြည့်နေရမှ မောင်ဝိုင်းက ...

"လူသေကောင်လောင်းကလွဲလို့ သိန်းဂဏန်းက ဘယ်လို ရနိုင်မှာလဲဗျ ..."

"ဟာ ... မင်းတော်တော်ညံ့သေးတာပဲကိုး"

"ဘာလဲ လူသေကောင်အလောင်းကို ရောင်းမလို့လား"

မောင်ဝိုင်းက တမင်အရွဲ့တိုက်မေးလိုက်မှန်း ကိုထွန်းရ သဘောပေါက်သည်။

"လူသေကောင်အလောင်းကို ဘယ်သူတဝယ်မှာလဲ။ သေ ပြီးတဲ့နောက်မှာတော့ ကိုယ့်သား၊ ကိုယ့်မယား၊ ကိုယ့် ဆွေမျိုးတွေတောင် ခုနစ်ရက်ပြည့်အောင်မထားချင်ကြ ဘူးကွ။ ရေခဲတိုက်တို့၊ သချိုင်းကုန်းတို့မှာ သွားစွန့် ပစ်လိုက်တာပဲ မဟုတ်လား ..."

မောင်ဝိုင်းက နဖူးကြောကို တစ်ချက်တွန့်၍ စဉ်းစားနေ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့ဗျာ။ တဲ ... ကျွန်တော်ပြောပါဦးမယ်။ နေ့ခင်းကြောင်တောင်ကြီး အုတ်ဂူသွားဖောက်ပြီတဲ့။ တစ်ရပ်ကွက်လုံး ထွက်ကြည့်နေလို့ ရှက်စရာဗျာ"

ကိုထွန်းရ စိတ်ပျက်လက်ပျက်ခေါင်းရမ်းသည်။ ထို့နောက် မောင်ပိုင်းကို သနားစရာသတ္တဝါတစ်ကောင်လို ကြည့်နေပြီးမှ လေသံတိုးတိုးဖြင့် ....

"သွားပြီ ... သွားပြီ။ မောင်ပိုင်းရာ မင်းဦးနှောက်တွေ ဟတ်တိုင်ဖြစ်သွားပြီလားကွ။ နေ့ခင်းကြီးလုပ်မှတော့ အရပ်ကဝိုင်းကြည့်နေမှာမဟုတ်ဘူး။ ဝိုင်းသမမှာ ... ဝိုင်းသမမှာ"

မောင်ပိုင်းက မျက်လုံးပြူးသွား၏။

"အဲဒါဆိုရင် ဘယ်လိုလုပ်ရမှာလဲ"

ကိုထွန်းရက ခေါင်းတဆတ်ဆတ်လုပ်နေရင်းမှ ...

"ညဘက်လေကွာ"

ဒီတစ်ကြိမ်မှာတော့ မောင်ပိုင်း သိသိသာသာကြီး တုန်လှုပ်သွားမိတော့သည်။ ငယ်ငယ်တုန်းက ကြားဖူးထားသော စကားများကို သတိရသည်။ သချိုင်းကုန်းတွင် သရဲ၊ တစ္ဆေများရှိသည်။ ထို့ကြောင့် လူများသည် ညဘက်၌ သချိုင်းကုန်းအတွင်းသို့ပင် မဆိုထားနှင့်။ အနီးအနားကိုပင်လျှင် မသွားရဲ။ စိတ်ကူးထဲ၌ပင်





မစဉ်းစားဝံ့သော ကိစ္စတစ်ရပ်ကို ကြားလိုက်ရသဖြင့် မောင်ပိုင်း တုန်လှုပ်သွားရခြင်းဖြစ်သည်။

"တာဗျာ။ ကိုထွန်းရ ခင်ဗျားမနောက်သင့်ဘူးဗျာ"

"ဘာကိုမနောက်သင့်တာလဲ ... ဟကောင်ရ"

"သရဲ၊ တစ္ဆေနဲ့ သွားနပန်းလုံးရမှာလားဗျ"

စိတ်မရှည်သလို မောင်ပိုင်းပြောသည်။ စကားအဆုံး၌ ကိုထွန်းရ ရယ်သည်။

"မင်းက တော်တော် ကြံကြံဖန်ဖန်တွေးတဲ့အကောင်ပဲ။ သုသာန်မှာ သရဲရှိတယ်လို့ မင်းကိုဘယ်သူကပြောသလဲ"

"လူကြီးတွေ ပြောသံကြားတယ်ဗျ"

"မင်း မြဲမြဲမှတ်ထား။ ဒါတာ အလကားစကားတွေကွ။ သေတဲ့လူဆိုတာ ဘယ်ဘဝဘယ်ရောက်မှန်းတောင် မသိတဲ့ဥစ္စာ"

"အဲဆိုရင် ဘာလို့ ခြောက်တယ်၊ လှန့်တယ်လို့ ပြောနေကြမှာလဲ ကိုထွန်းရရဲ့"

မောင်ပိုင်း စိတ်ပေါက်ပေါက်နှင့်မေးသည်။ ကိုထွန်းရက ဆေးလိပ်ကို နာနာဖွာရှိုက်နေရာမှ ခေါင်းတဆတ်ဆတ်လုပ်နေသေး၏။ အတန်ကြာမှ သတိရသလိုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ ဟုတ်တော့ ဟုတ်တယ်။ ခြောက်တာ၊ လှန့်တာ လောက်တော့ ရှိတာပေါ့လေ။ ဒါကလည်းသိပ်မှုလောက် စရာ မရှိလောက်ပါဘူးကွာ။ တစ္ဆေခြောက်တယ်ဆိုတာက ဒီလိုရှိသေးတယ်။ အခြောက်ခံရသူကနိမ့်လို့ အခြောက် ခံရခြင်း၊ နောက်ပြောင်ကျယ်စယ်လိုလို့ ခြောက်ခြင်း၊ အမျှအတန်းဝေမှုကိုခံယူလိုလို့ခြောက်ခြင်း၊ စားသောက် လိုလို့ခြောက်ခြင်း၊ ဥစ္စာပေးလိုလို့ခြောက်ခြင်း၊ မှာထား လိုလို့ခြောက်ခြင်း၊ နှုတ်ဆက်လိုလို့ခြောက်ခြင်း၊ သား မယားတို့ကို စွဲလမ်းခင်မင်လို့ ခြောက်ခြင်း၊ ဘုရားသံ တရားသံကြားလို့ မရှုတ်အောင်ခြောက်ခြင်းတို့ပဲရှိတယ် ကွ။ ဒါပေမယ့် ကြောက်စရာမလိုပါဘူး။ သူတို့ ခြောက်တယ် ဆိုတာက သူတို့ရှိတယ်ဆိုတာလောက်ကို သိစေချင်တဲ့ သဘောသက်သက်ပါကွာ"

ကိုထွန်းရ စိတ်ရှည်လက်ရှည်ရှင်းပြလိုက်သောအခါ၌ မောင်ပိုင်းရင်ထဲတွင် ကြောက်စိတ်များလျော့ပါးသွားသလို ဖြစ်သွား သည်။ ထို့ပြင် ငွေလိုချင်သည့် အာသီသကလည်းရှိနေသဖြင့် စိတ်ကိုတင်းထားလိုက်သည်။ ကိုထွန်းရကို သေချာစိုက်ကြည့်လိုက် ပြီးမှ ...





"အဲ့ဒီဂူဖောက်လို့ကော ငွေရဖို့က သေချာရဲ့လားဗျ"

"မြေကြီးကို လက်ဝါးနဲ့ပုတ်ရင် လွဲရင်လွဲမယ်။ သေချာ ပေါက်ရကို ရရမယ်"

"ခင်ဗျားဒီလောက်ကြီး အာမခံရဲတာ ဘာကြောင့်လဲဗျ"

ကိုထွန်းရက သူ့ကို လျှာရှည်ရန်ကောဟုသော အကြည့် ဖြင့်ကြည့်လိုက်ပြီး ...

"မင်းက အကော်ပေရှည်တဲ့ကောင်ပဲ။ ငါက မင်းကိုရစေ ချင်လို့ပြောနေတာကွ။ မင်းအတွက်ချည်းပဲ သိန်းဂဏန်း နားမှာရှိတယ်။ မင်းယုံရဲ့လား။ မင်းရပါစေတော့ဆိုတဲ့ စေတနာနဲ့ငါပြောတာ။ ဒီဂူကို ငါအားလုံးစုံစမ်းပြီးပြီ"

"ဂူပိုင်ရှင်ရဲ့ မိသားစုတွေ သိသွားရင်ဒုက္ခ"

"အဲဒါတော့ လုံးဝပဲ။ အဲဒီဆွေမျိုးသားချင်းတွေတောင် ဒီမှာ မရှိကြတော့ဘူး"

အတန်ကြာအောင် မောင်ပိုင်းစဉ်းစားသည်။ လုပ်သင့် မလုပ်သင့်ကို အပြန်ပြန်အလှန်လှန် တွေးဆနေပြီးမှ ဖြေလိုက်သည်။

"ကောင်းပြီလေ။ ကျွန်တော်စမ်းကြည့်မယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



## (၃)

သချိုင်း၏ အဝင်သို့အရောက်တွင် မမျှော်လင့်သော အနံ့ဆိုးကြီးတစ်ခုက ထောင်းခနဲရလိုက်ပြန်သည်။ စူးစူးဝါးဝါးအနံ့ဆိုးကြီးကြောင့် ရင်ထဲပြည့်သွားအောင်ပင် ဆိုးဝါးလှသည်။ ဖျို့အန်ချင်လာ၏။ ထိုအခိုက် တစ်ချိန်လုံးငြိမ်သက်နေသော လေရူးက ဖြုန်းစားကြီး ဘယ်နေရာကထွက်လာသည်မသိ။ တောတော ဒိုင်းဒိုင်းကြီး ဖေ့ရမ်းတိုက်ခတ်သွားသည်။ တွေ့သမျှချုံပုတ်ချုံနွယ်များအား လက်ကြမ်းကြီးဖြင့် ဆွဲခါလှုပ်ခါပစ်သလို ရုတ်ရုတ်သဲသဲအသံများ မြည်သွားတော့သည်။ သစ်ပင်ကြီးများ၏ ကိုင်းများ ကိုင်းနားများသည် ဆွဲကိုင်ရမ်းပစ်သလို ရှဲရှဲဝေါဝေါအသံများ ကြားလိုက်ရသည်။

အမှောင်ထုနက်နက်ထဲတွင် ညစုန်းတုထင်မှတ်ရသည့် လင်းချည်မိုတ်ချည်ဖြင့် လေတိုက်ရာဆီသို့ လွင့်သွားသည်ကို တဖျတ်ဖျတ်တွေ့လိုက်ရသည်။ ထိုစဉ်မှာပင် အဝေးတစ်နေရာဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကို ထပ်မံကြားလိုက်ရပြန်သည်။





ထိုအသံသည် တောက်တောက်နှင့် ရပ်ဆိုင်းမသွားပေ။ တိတ်ဆိတ်သည့်ညအ၏အတာလအချိန်မို့ ခွေးအူသံသည် ကျယ်လောင်လှပေသည်။

မောင်ပိုင်း၏ စိတ်ထဲတွင် တုန်လှုပ်သွားသည်။ သူတို့လုပ်မည့်အလုပ်ကို နာနာဘာဝများသည် ကြိုတင်များသိနေမလားပြောတတ်။ သူတို့အလုပ်ကို တန့်တားနှောင့်ယှက်ရန် မကောင်းဆိုးဝါးများအား စိတ်ခေါ်နေသည်လားမဆိုနိုင်။ တစ်ခုခုတော့ ဖြစ်တော့မည်မှာ သေချာနေပြီဟု မောင်ပိုင်းတွေးမိသည်။

သူ့ရင်ထဲမှာ အေးခနဲ စိမ့်သွား၏။ ကျော၌ ကြက်သီးမွေးညင်းများ ထသွားသည်။ ဦးခေါင်းမှာလည်း အဆမတန် ကြီးသွားသည်ဟု ထင်မိသည်။ ဦးခေါင်းမှ ဆံပင်များပင် ထိုးခနဲ ထောင်သွားသည်ကို အတိအကျသတိပြုမိလိုက်၏။ မောင်ပိုင်းရှေ့သို့ လှမ်းမည့်ခြေလှမ်းသည် ရှေ့ရှ်မရတော့ပေ။ နောက်သို့လှည့်၍ ပြန်လှည့်ခြေးဖို့ပင် တန့်ခြင်မိနေပေပြီ။

"မောင်ပိုင်း၊ ဘာမှမကြောက်နဲ့။ ဘာမှမဖြစ်ဘူး။ ငါ တစ်ယောက်လုံးရှိတယ်"

ရှေ့မှ ဦးဆောင်သွားနေသော ကိုထွန်းရက သတိပေးသလိုပြောသည်။ သူသတိဝင်လာ၏။ လက်မှကိုင်ထားသော သံတူးကိုလည်း တင်းတင်းဆုပ်ထားမိ၏။ မည်းမည်းမြင်တွေ့ရှင်



www.burmeseclassic.com

www.burmeseclassic.com



ထိုသံတူရှင်းဖြင့် အားကုန်ရိုက်ချမည်ဟုလည်း ဆုံးဖြတ်လိုက်သည်။ သွေးလန့်မိသည်ကို ပြေပျောက်သွားစေလိုသဖြင့် ...

"မရောက်သေးဘူးလားဗျ"

ခပ်ကျယ်ကျယ်မေးလိုက်သည်။

"ရောက်လုတော့မှာပါ"

နဖူးက ချွေးသီးချွေးပေါက်ကို ဦးခေါင်းဆောင်းခါထုတ်ရင်း...

"ခင်ဗျားဥစ္စာကလည်း ရောက်နိုင်ခဲလိုက်တာ"

စိတ်မရှည်သလို ညည်းသလိုလေသံဖြင့် ပြောလိုက်သည်။ ကိုထွန်းရက မောင်းပိုင်း၏ စိတ်မရှည်သည့်လေသံကို နားထောင်ရင်း အသံတိုးတိုးဖြင့် ရယ်မောလျက် ...

"ဒီအလုပ်မျိုးဆိုတာ စိတ်ရှည်ရှည်ထားရတယ်ကွ"

* * *

သချိုင်း၏အလယ်သို့ရောက်သောအခါ ရှေ့မှသွားသည့် ကိုထွန်းရသည် ရပ်သွားသည်။ အမှောင်ထဲတွင် အုတ်ဂူမည်းမည်း ချိတ်ချိတ်များသည် ဖော်လည်ပြည့်လျက်ရှိသည်။ ငြိမ်သက်စွာ





လျောင်းနေကြသည့် အုတ်ဂူများထဲမှ ဘယ်အုတ်ဂူများ ဖောက် ငင်းပါလိမ့်တူသော အတွေးဖြင့် အကဲခတ်နေသည်။

လေကလည်း စောစောကလို မဟုတ်တော့။ ငြိမ်သက်သွား သပြီ။ ညပရစ်ကလေးများသည် ဘာကိုကြောက်ရွံ့သွားသည်မသိ။ စ်ပြိုင်တည်း တစီစီအော်လေတော့သည်။

ချိန်ကိုက်ညှိနှိုင်းထားသလိုပင် အဝေးဆီမှ ခွေးအူသံများ လွင့်လာပြန်သည်။ မရှေးမနှောင်းမှာပင် ခွေးဟောင်သံများ၊ စ်ကောင်နှင့်တစ်ကောင် ကိုက်ခဲသံများ၊ အော်ဟစ်ညည်းသံများ ကြားရသည်။

မောင်ပိုင်းရင်ထဲ ဖိုသွားသည်။ ချက်ချင်းပဲ ဝဲယာရှေ့ နောက်ကိုကြည့်သည်။ မည်သည့်အရိပ်အယောင်ကိုမျှ မတွေ့ရ။ ထိုစဉ် ကိုထွန်းရက ...

"ရောက်ပြီတော့ရောက်ပြီကွ။ နေဦး ငါကွင်းပိုင်ကို မြှောက်လိုက်ဦးမယ်"

ကိုထွန်းရသည် သူ့လက်ထဲတွင် အသင့်ကိုင်ထားသော အရက်ပုလင်းဖြင့် ကွင်းပိုင်အား တင်မြှောက်နေ၏။ နှုတ်မှလည်း တတွတ်တွတ် ရွတ်ဆိုနေ၏။ ပီပီသသ မကြားရသဖြင့် မောင်ပိုင်း ဘာမှန်းမသိ။ သို့သော် သူ့ရင်ထဲ၌ အလိုလိုနေရင်း ခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကာယ်လုပ်တော့မည့် အချိန်၌မူ စိုးရိမ်ကြောင့်ကြမှုများကို ကွေးမိရက်သားဖြစ်လာသည်။

သူတို့ တူးဆွလိုက်သော အလောင်းကောင်ကြီးသည် ရုတ်တရက်ထထိုင်လာမည်လား။ ပုပ်ပွလျက် ရုပ်ပျက်ဆင်းပျက်ကြီးကို တွေ့မြင်လိုက်ရမည်လား။ အနံ့တထောင်းထောင်း လောက်ဟာဖွားဖွားနဲ့ မြင်လိုက်ရမည်လား။ ခေါင်းကြီးကိုထမ်း၍ သူတို့နောက်သို့ တရကြမ်းလိုက်လာမည်လား၊ အကောင်အထည် မမြင်ရဘဲ လက်ဝါးကြီးတစ်ဖက်ဖြင့် သူ့ကျောကုန်းကို ဖြန်းခနဲ ရိုက်လိုက်လေမည်လား။ ထိုအခါ၌ သူသည် အသံကုန်အော်တစ်၍ ငြေဦးတည်ရာ ပြေးမိလေမည်လား စသည်တို့ကို တောင်စဉ်ရေမရ လျှောက်တွေးမိကာ အသည်းငယ်ချင်သလို ရှိနေမိသည်။

အင်း၊ ငါဆက်မလုပ်ဘဲ ဒီနေရာကလှည့်ပြန်တာ ကောင်းပါ လိမ့်မယ်ဟု တွေးမိနေခိုက်မှာပင် ကိုထွန်းရက သူ့ကို လှည့်ကြည့် ရင်း

"မောင်ဝိုင်းရေ၊ အလုပ်စလို့ပြီကွ။ ငါတို့အလုပ်လုပ်မယ့် ဂူကြီးက ဒီဓာတ်ဂူကြီးပဲ"

ကိုထွန်းရပြသော အုတ်ဂူကြီးကို သူတစ်ချက်ကြည့်သည်။ အမှောင်ထဲတွင် အရိပ်မည်းကြီး ရပ်နေသလို ကြီးမားခိုင်ခံ့လှသည်။





ဆေးတွင်လည်း သစ်ပင်ချုံနွယ်များ ထူထပ်စွာရှိနေ၏။

ကိုထွန်းရသည် ပြောဆိုပြီးနောက် ဖယောင်းတိုင်ကို မီးညှိ လိုက်သည်။ သူတို့ပတ်ပတ်လည်တွင် အလင်းများဖြာဝေသွား သည်။

ခုမှ သူအုတ်ဂူကြီးကို သေချာကြည့်မိသည်။ ကာလအတန် ကြာနေဟန်တူ၏။ မိုးဒဏ်လေဒဏ်များကြောင့် ရေညှိများဖြင့် မွဲ ခြောက်ခြောက် ဖြစ်လျက်ရှိလေသည်။ ပြုပြင်သူ၊ မွမ်းမံသူ မရှိ တော့သဖြင့် ချုံနွယ်ပိတ်ပေါင်းများ တက်နေပေပြီ။ အချို့နေရာ၌ အင်္ဂတေများပဲ့လျက် အတွင်းအုတ်သားများကိုပင် တွေ့ရ၏။ သို့သော် ကြီးမားသောထုထည်နှင့် ခိုင်မြဲမှုကတော့ ဖော်ပြလျက်ရှိ နေသေးပေသည်။

"လာကွ"

ကိုထွန်းရက ဦးဆောင်ခေါ်သည်။ သူနောက်က ခပ်ရှုံ့ရှုံ့ လိုက်ခဲ့သည်။ အုတ်ဂူ၏ ခေါင်းရင်းလား၊ ခြေရင်းလား မပြောတတ် သည့်နေရာတွင် ကိုထွန်းရရပ်သည်။

"ဦးလောဂူဆိုတာ ဒါပဲ မောင်ဝိုင်းရ။ ကဲ ... အလုပ် ကြစို့"

ဦးလော၏အုတ်ဂူဆိုသဖြင့် သူသေချာကြည့်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူမှာ တော်တော်ပင် ကြီးမားလှသည်။ ခိုင်ခံ့ပုံလည်းရသည်။ ရှေးပန်းရံဆရာများဖြင့် စိတ်ကြိုက်လုပ်ထားပုံလည်းရသည်။ ရှည်လျားပြီး ထိပ်ဦးဝိုင်းပုံသဏ္ဍာန်ရှိသည်။

"ဘယ်နေရာကနေ ဖောက်မှာလဲ"

"ဒီနေရာက ဖောက်ရမှာကွ"

ကိုထွန်းရ လက်ညှိုးထိုးပြသည်။ အုတ်ဂူ၏ ဦးခေါင်းပိုင်းနေရာနှင့်တူသည်။ အလုပ်သဘောအရ ကိုထွန်းရမှာ အတော်အတန် ကျွမ်းကျင်နေပုံရ၏။ သေသူ၏ ကမ္ပည်းမှတ်တမ်းသလင်းကျောက်ဖြူပြားနှင့် မနီးမဝေးနေရာမှ စခွာသည်။

သူ သံတူရွင်းကို မြေတွင်စိုက်သည်။ ထို့နောက် တူနှင့် စို့ကိုကိုင်၍ ထိုင်သည်။ ထို့နောက် စို့ကို အင်္ဂတေပေါ်တင်၍ တူဖြင့်ရိုက်သည်။ ဒုတ်ခနဲမြည်လျက် စို့ပင်တုန်ခုန်သွား၏။ အင်္ဂတေ အစပ်အဟပ်ကောင်းလှသည်ဟု သူနားလည်လိုက်သည်။

တောင်းအိုကြာမြင့်နေသော်လည်း အင်္ဂတေသားက ခိုင်မြဲနေသဖြင့် တော်ရုံတန်ရုံအားနှင့် ကွဲပဲ့သွားနိုင်သည် မဟုတ်။ ကိုထွန်းရက ဖယောင်းတိုင်မီးသေချာပြရန် လက်ဟန်ခြေဟန်ပြသည်။ မောင်ဝိုင်းက မီးရောင်မြင်နိုင်သမျှမြင်ရန် အနီးသို့တိုးကပ်ပြပေးသည်။ သူကလည်း တူကို စို့ဖင်ပေါ်သို့ အကျအနချိန်၍ချိန်၍ ရိုက်လိုက်





သည်။ ထောင်ခနဲ ထောင်ခနဲ မြည်သံနှင့်အတူ အင်္ဂတေများ ပဲ့၍ပဲ့၍ ထွက်သွားသည်။ အားစိုက်၍ ရိုက်ဖန်များလာသည်နှင့်အမျှ အက်ကြောင်းပေါ်လာသည်။ ထိုအက်ကြောင်းအတွင်းသို့ စို့သွားသွင်းကာ တူဖြင့် အလှာလိုက် အလှားလိုက် ခွာထုတ်လိုက်သည်။

ခဏအကြာတွင် အတွင်းအုတ်သားပေါ်လာသည်။ လူတစ်ကိုယ်စာ ချောင်ချောင်ဝင်နိုင်မည့် အနေအထားရအောင် အင်္ဂတေများကို ခွာထုတ်လိုက်ပြန်သည်။ ပြီးလျှင် အုတ်တစ်ချပ်ကို အစပေါ်သွားအောင် စို့ဖြင့် ခွပစ်၏။ အစရပြီးမှ သံတူရွင်းကိုယူကာ အုတ်ခဲတစ်လုံးစီကို ခက်ခဲစွာ ဖယ်ထုတ်လိုက်သည်။

အုတ်ခဲများ အတော်အတန်ဖယ်လိုက်သောအခါ၌ အုတ်ဂူအတွင်းမှညှော်သိုးသိုးအနံ့ဆိုးကြီးက လုံးခနဲထွက်လာသည်။ တော်တော်ဆိုးဝါးသည့် အနံ့အသက်ဖြစ်သည်။ သူနှာခေါင်းရှုံ့လိုက်ရင်း

"လူသေကောင် အပုပ်နံ့ကြီးဗျ"

မောင်ဝိုင်းက လှတ်ခနဲပြောမိလိုက်၏။ ကိုထွန်းရက ...

"မင်း တော်တော်အံ့ပြောကောင်းတဲ့ကောင်ပဲ။ ဆယ်နှစ်တောင်ကျော်နေပြီဥစ္စာ၊ ခုထက်ထိ လူသေကောင်က ပုပ်နေဦးမလားကွာ။ ခုလောက်ဆို အရိုးတောင်ကျွမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပြီ။ ဒါက ဂူနံ့ကွ။ အတွင်းမှာနေပြီး အောင်းနေတဲ့လေတွေက ဒီလိုအနံ့မျိုးပဲရှိတော့မပေါ့။ မဟုတ်ဘူးလား”

သူဘာမျှဆက်ပြောမနေတော့ပေ။ အုတ်ချပ်တွေကိုသာ ခပ်သွက်သွက် ခွာထုတ်နေ၏။ အုတ်ချပ်နှင့်သံတူရွင်း ထိခတ်သံသည် ဂူကြီးအတွင်း၌ လိုဏ်သံများ ပဲ့တင်ထပ်နေတော့၏။ နာရီဝက်ကျော်ကျော်မျှပင် ဂူပေါက်မှာ ပြီးစီးသွားလေပြီ။

ထို့နောက် သူ့လက်ထဲက သံတူရွင်းကို လှမ်းယူသည်။ ထို့နောက် သံတူရွင်း၏ တစ်ဘက်များတွင် ဖယောင်းစက်များချကာ ဖယောင်းတိုင်တင်ထွန်းထားသည်။ ထို့နောက် ဖယောင်းတိုင်ပါသော သံတူရွင်းကို ဂူကြီးအတွင်းသို့ လက်လှမ်းမီသရွေ့သွင်းပြီး တိုရွေ့သည်ရွေ့ လုပ်နေပြန်သည်။ ကိုထွန်းရလုပ်တိုင်နေပုံကို မောင်ပိုင်းက စေ့စေ့စပ်စပ် ကြည့်နေပြီးနောက် မေးလိုက်၏။

“ကိုထွန်းရ၊ အဲဒါ ဘာလုပ်တာလဲ”

ကိုထွန်းရ ပြုံး၍ ...

“အထဲမှာ လေရှိမရှိ စမ်းတာလေကွာ။ လေမရှိလို့ တို့ဆင်းသွားမိရင် မွန်းကျပ်ပြီး စက္ကန့်ပိုင်းအတွင်းမှာ တို့သေသွားနိုင်တယ်။ ဒီဖယောင်းတိုင် မီးမငြိမ်းပုံထောက်





ရင် အထဲမှာလေရှိနေတယ်။ တို့ ဘာမှမဖြစ်နိုင်ဘူး။ နောက်ပြီး ဂူတွင်းကအခြေအနေကိုလည်း အကဲခတ်ကြည့်ရှုနိုင်တယ်။ အခြေအနေကောင်းတယ်ကွ။ လာ ... တို့ဆင်းရအောင်”

* * *

ဂူအတွင်းသို့ ရောက်သောအခါ ကိုထွန်းရသည် ဖယောင်းတိုင်လေးငါးတိုင်ကို နေရာအနှံ့အပြားတွင် ထွန်းညှိလိုက်သည်။ မီးရောင်များဖြင့် ဂူကြီးမှာလင်းထိန်နေသည်။ စောစောက အပြင်မှာ မြင်တွေ့ရသည်ထက် အတွင်းတွင်ပို၍ကျယ်ဝန်းနေသည်ကို တွေ့ရ၏။ ခေါင်းများထားရှိမည်ဆိုလျှင် အခေါင်းသုံးလေးလုံးမျှပင် ယှဉ်၍ထားနိုင်လိမ့်မည်ဟု ထင်ရပေသည်။

သို့သော် ခေါင်းမှာ တစ်လုံးတည်းဖြစ်သည်။ အလယ်တည့်တည့်မှာရှိသည်။ ထို့ပြင် ခေါင်းကြီးမှာ ကျွန်းလုံးကြီးတဲ့သို့ရှိပြီး ကြီးလည်းကြီး ရှည်လည်းရှည်လှ၏။ ဆေးရောင်များဖြင့် မည်းမည်းပြောင်ပြောင်ပင်။ ဆေးရောင်ပျက်ပြယ်ခြင်း မရှိတရှိပင်တည်း။

“ကဲ ... အချိန်သိပ်မရှိဘူး။ အခေါင်းဖွင့်ကြစို့”



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းရက သတိပေးသလိုပြောသည်။ မောင်ဝိုင်း ခေါင်းကြောင်ကြောင် ဖြစ်သွားပြန်သည်။ တကယ်တမ်းလုပ်ရတော့မည် ဆိုသောအခါ၌ မရှုံ့မရဲရှိသည်။ အတွေးတွေထဲတွင်လည်း စိုးရိမ်မှုတွေ၊ ချောက်လှန့်မှုတွေက ချောက်ချောက်ချားချား ရောထွေးယှက်တင်ရှိနေ၏။

အခေါင်းအဖုံးဖွင့်လိုက်သည်နှင့် တစ်ပြိုင်တည်း သေသူ့အလောင်းကောင်ကြီးသည် ခြေကားယားလက်ကားယားဖြင့် ဘွားခနဲ ထခုန်လေမလား။ သို့တည်းမဟုတ် မျက်လုံးကို လင်းကွင်းလောက် ပြူးလျက်၊ လျှာကို တစ်တောင်ခန့်ထုတ်လျက် ထထိုင်လိုက်လေမလား။ သို့တည်းမဟုတ် သူ့ပစ္စည်းတွေ လာရောက်ယူသည်ကို မကျေမနပ်ဖြစ်လျက် လုံးထွေးသတ်ပုတ်လေမလား စသည်ကို တွေးရင်းတွေးရင်းဖြင့် ကြက်သီးမွေးညင်းများ တဖျန်းဖျန်းထလာမိသည်။ ထို့ကြောင့် ရှေ့မတိုး နောက်မဆုတ်ဖြစ်လျက် ငိုင်ငိုင်ငိုင်နေမိတော့သည်။

"ဟာ … မောင်ဝိုင်း၊ မင်းဘာဖြစ်နေတာလဲ။ လုပ်လေကွာ"

ကိုထွန်းရက အပူတပြင်းပြောသည်။ စိတ်လည်းရှည်ချင်ပုံမရတော့သလို …





"ပေးစမ်း၊ စို့နဲ့တူ … ငါ့ကို"

ပြောပြောဆိုဆိုနှင့်ပင် လက်ထဲက စို့နှင့်တူကို ဆွဲယူသွား၏။ သူကတော့ သံတူရွင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ဖြစ်ပေါ်လာမည့်အရေးကို ဘယ်လိုရင်ဆိုင်ရမည်နည်းဟူသော အတွေးဖြင့် သတိချပ်လျက် စောင့်ကြည့်နေသည်။

ကိုထွန်းရမှာ အလွန်ကျွမ်းကျင်လှသည်။ ခေါင်း၏အဖုံးစပ်ကြားအတွင်းသို့ စို့ဖျားကိုထောက်၍ တူဖြင့်တခေါက်ခေါက် ရိုက်သွင်းသည်။ စို့ဖင်နှင့်တူ ထိခတ်လိုက်တိုင်း ခေါင်းကြီးမှာ တုန်တုန်တုမြည်နေတော့သည်။ အုတ်ဂူအတွင်းမို့ ထိုမြည်သံကြီးမှာ ဟိန်းလွင့်နေသလို လွန်စွာလည်း ကြောက်မက်ဖွယ်ကောင်းလှပေသည်။ ခဏကြာလျှင် စို့ဖျားသည် ခေါင်းနှင့် အဖုံးကြားသို့ ဝင်သွားသဖြင့် အဖုံးသည် အနည်းငယ် တသွားလေပြီဖြစ်သည်။

"မောင်ဝိုင်း … မင်းဘာငိုင်နေတာလဲကွ၊ လုပ်လေကွာ။
မင်းသံတူရွင်းထိုးသွင်းပြီး ကလော်တော့လေ"

ထိုစကားကြောင့် မောင်ဝိုင်းသတိဝင်လာသည်။ ချက်ချင်းပင် သံတူရွင်းဖျားကို အဖုံး၏အကြားသို့ ထိုးထည့်သည်။ ထို့နောက် အားစိုက်ကာ ကလော်၍ ကလော်၍ မထုတ်သည်။ အဖုံးသည်လည်း တဖြည်းဖြည်း ကြွ၍ကြွ၍ တက်လာသည်။ ထိုကဲ့သို့ အဖုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြွ၍ကြွ၍ တက်လာတိုင်း သံချက်များကလည်း တကျိကျိ မြည်နေတော့၏။ တစ္ဆေတစ်ကောင် အံကျိတ်ညည်းတွားသံနှင့်တူသလိုလိုရှိလေသည်။

မကြာခင်မှာပင် အခေါင်း၏အဖုံးမှာ လုံးဝပွင့်သွားလေပြီ။ ကြီးမားပြီး လေးလံလှသော အဖုံးကြီးကို နှစ်ယောက်သားဖြုတ်မ၍ ဂူနံရံတွင်မှီချထားသည်။ ထို့နောက် ခေါင်းဘေးဆီသို့ လာ၍ရပ်ကာ ခေါင်းထဲသို့ ကြည့်လိုက်သည်။ ခေါင်းထဲတွင်မူ လူတစ်ယောက်စန့်စန့်ကြီး လှဲအိပ်နေဘိသကဲ့သို့ရှိပြီး အပေါ်တွင် ပိတ်ဖြူတစ်စက ခြေဆုံးခေါင်းဆုံး လွှမ်းခြုံထားသည်။ ထိုပိတ်ဖါးစကို ကိုထွန်းရက ဆွဲခွာယူလိုက်သည်။ မောင်ပိုင်းက ထိုအခိုက်တွင် မျက်စိကို စုံမှိတ်လိုက်မိသည်။ တွေ့ရမည့်အဖြစ်ကို သူမကြည့်ရဲ။

သို့ရာတွင် သူထင်သလိုမဟုတ်။ မျက်စိပြန်ဖွင့်ကြည့်လိုက်သောအခါတွင် ပိတ်ဖြင့် လုံခြုံစွာထုပ်ထားသော အရိုးစုတစ်စုသာတွေ့သည်။ ဦးခေါင်းရိုးကြီးက ထင်ထင်ရှားရှား။ မျက်လုံးပေါက်ကြီးများအဆမတန်ကြီးသည်။ ဖါးစပ်ပေါက်ကြီးကလည်း ရှည်ကျယ်လျက်ရှိ၏။ မျက်လှည့်ဝိုင်းများတွင် မျက်လှည့်ဆရာများအသုံးပြုသောအရိုးခေါင်းအတိုင်းပင်တည်း။

အရိုးခေါင်း၏သွားတွေမှာ တစ်ချို့ကြွေကျနေသည်။ တစ်





မကြွေသေး။ ကိုထွန်းရကတော့ ဝမ်းသာအားရပင် သွားတွေကိုကောက်တန်ကောက်၍ ရိုက်တန်ရိုက်ချိုး၍၊ နှိုက်ယူတန်နှိုက်ယူ၍နေသည်။ ဝါထိန်နေသည့် သွားများကို သူကြည့်နေရာမှ ...

"ကိုထွန်းရ ... ဒီသွားတွေက ဘာလုပ်ဖို့လဲ။ ဘာတွေလဲဗျ"

"ဟာ ... မင်းတော်တော်ညံ့သေးတာပဲ။ မင်းမြဲမြဲမှတ်ထား။ ဒါရွှေသွားကွ။ ရွှေအစစ်တွေ။ တစ်ချောင်းကိုသုံးမတ်သားထက်မနည်းဘူး ဖိုးသိရဲ။ ရွှေဈေးကလည်းကောင်းဆိုတော့ ဟဲ ... ဟဲ"

ပြောရင်း ကိုထွန်းရက တဟဲဟဲရယ်သည်။ သူအံ့သြစွာပင်ကိုထွန်းရ လုပ်သမျှ ကိုင်သမျှကိုကြည့်နေ၏။ ကိုထွန်းရကတော့ အရိုးခြောက်ဘေးတစ်ဘက်တစ်ချက်တွင် ဟိုနှိုက်ဒီနှိုက်ရှာနေသည်။ အရိုတွေပါလာ၊ လက်စွပ်တွေပါလာနှင့်။ နာရီကြိုးကပင် ရွှေကြိုးမှန်းသူသတိထားမိ၏။ သေသူ၏ အဝတ်အစားများကပင် မနည်းလှ။

အခေါင်းထဲမှ ရရှိသမျှပစ္စည်းများကို တစ်နေရာတွင်စုပုံထားပြီးနောက် ခေါင်းထဲမှ အရိုးစုများကိုပါ သူတို့နှစ်ယောက်ထုတ်လိုက်သည်။ ခေါင်း၏အောက်တွင် အပြည့်ခင်းထားသည့်အဝိုင်းပြားများကို တွေ့လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းရက ...

"ဟာ၊ ပွတာပဲကွ ..."

ဝမ်းသာအားရ ထအော်သဖြင့် ကိုထွန်းရကို သူတစ်ချက်လှမ်းကြည့်ပြီး ...

"ဘာပွတာလဲဗျ"

"မင်း မတွေ့ဘူးလား၊ ဟာကောင်ရ။ ဒီ ငွေဒေါ်းတွေ လေကွာ။ သိပ်တန်ဖိုးရှိတာ။ ငွေဒေါ်းတစ်ပြားကို အနည်းဆုံးတစ်ရာကျော်ပေါက်ဈေးရှိတယ် မောင်ဝိုင်းရ။ ဟဲ ... ဒါတွေကျုံးပြီး တိုပိတ်စိမ်းနဲ့ထုပ်ကွာ"

ကိုထွန်းရကမူ ပြောလည်းပြော ကျုံးလည်းကျုံးယူ သဖြင့် သူပါမနေသာတော့ပေ။ ကျုံးလို့ရသမျှကို ပိတ်စပေါ် သွ ထည့်လိုက် ထပ်ကျုံးလိုက်နှင့် ရှိနေတော့သည်။ ခေါင်းထဲမှ ပစ္စည် အားလုံးယူငင်ပြီးနောက် သူတို့နှစ်ယောက်သည် ခေါင်းကြီးအာ မူလအတိုင်း အနေအထားမပျက်အောင် ပြန်လုပ်ထားခဲ့ကြသည်

အုတ်ဂူကြီး၏ ပြင်ပရောက်သောအခါ၌လည်း ဖောက်ထ သည့်ဂူပေါက်ဝအား အုတ်များဖြင့် ပြန်ပိတ်သည်။ သူတို့သချိုင်း ပြန်ထွက်သောအချိန်မှာ နာရီပြန် နှစ်ချက်နီးပါးခန့်ရှိလေပြီ။





(၄)

သုံးလေးရက်ခန့်အကြာတွင် ကိုထွန်းရ သူ့ထံရောက်လာသည်။

"ဒီက မင်းဝေစု"

ငွေစက္ကူအထပ်လိုက် မောင်ဝိုင်းလက်ထဲ ထိုးထည့်ပေးသည်။ မောင်ဝိုင်းငွေထုပ်ကို ချိန်ဆကြည့်သည်။ တစ်သိန်းလောက်ရှိမည်ထင်၏။ ပစ္စည်းတွေအားလုံး ရောင်းချလိုက်လျှင် အနည်းဆုံးသုံးသိန်းလေးသိန်းကျော်တော့ရှိမည်ဟု ခန့်မှန်းမိသည်။ သူ့အတွက်ဝေစုနည်းသည့်အဖြစ်ကို သူမခံချိမခံသာဖြစ်မိသည်။

"ကျွန်တော့်အတွက် ဒါပဲလားဗျ"

"အေးလေ။ ရတာမှ နှစ်သိန်း၊ မင်းတစ်သိန်း ငါးတစ်သိန်းပေါ့ကွာ။ အညီအမျှပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝိုင်း မချိပြုံးပြုံးလျက်က ...

"ရပါတယ်၊ ရပါတယ်။ ခင်ဗျားက ဒီနေရာမှာ ဆရာကြီး ဆိုတော့ ကျွန်တော်ကလည်း အတွေ့အကြုံတစ်ခုကို ငွေနဲ့ဝယ်လိုက်သလိုပဲ သဘောထားလိုက်ပါတော့မယ်။ ဦးလောဂူဟာ ကျွန်တော်ရဲ့အတွေ့အကြုံတစ်ခုပေါ့နော်" ပြောပြီး လက်ထဲရောက်နေသော ငွေစက္ကူအထပ်ကြီးကို တစ်ချက်ငုံ့ကြည့်သည်။ ကြည့်နေရာမှ ခပ်မဲ့မဲ့ပြုံး၏။ အံကိုလည်း မကျေမနပ် ကျိတ်လိုက်သေးသည်။ မောင်ဝိုင်း၏ အံကျိတ်အပြုံးကို ဦးထွန်းရကတော့ အဓိပ္ပါယ်ကောင်းစွာနားလည်လိမ့်မည် မဟုတ်သည်ကား အမှန်ပင်တည်း။



# မောင်ဝိုင်းနှင့် ရွှေဟောင်းပစ္စည်းများ

(၁)

တစ်နေ့သ၌ ခပ်ပေပေတေတေနှင့် လူကြမ်းလူမိုက်ရုပ်ပေါက်နေသော လူနှစ်ယောက်သည် မောင်ဝိုင်းထံသို့ မမျှော်လင့်ဘဲ ရောက်လာကြသည်။

မောင်ဝိုင်းသည်၊ ထိုလူနှစ်ဦးအား အချိန်တိုအတွင်းမှာပင် သူ့လောအကဲခတ်မိနေ၏။ ပထမလူတစ်ဦးမှာမူ အရပ်ပုပု၊ ခပ်ဝဝ၊ ဗိုက်ရွဲရွဲရှိသည့်အပြင် အသား မည်းမည်းကြုတ်ကြုတ်ဖြစ်သည်။ ထိုလူမှာ အဝတ်အစားကိုလည်း သေသေသပ်သပ်ဝတ်လေ့ရှိပုံ မရပေ။ အကျႌထူပွပွလက်ရှည်ကို ရင်ဘတ်၌ကြယ်သီးမတတ်ဘဲ အမြဲဝတ်ထားပုံရသည်။ ထို့ပြင် ပုဆိုးကိုလည်း ခါးပုံစရှည်ရှည်ချ၍ ဖိုသီဖတ်သီ ဝတ်ထားသဖြင့် အမြဲတမ်းနေထိုင်လေ့ရှိသော [illegible]ကို ဖော်ပြနေဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယလူမှာ အရပ်ထောင်ထောင်မောင်းမောင်း အသား ဖြူဖြူရှိသော်လည်း ဦးခေါင်းထိပ်မှာ ဆံပင်များ တစ်မွေးမျှမကျန် အောင် ပြောင်တလင်းခါလျက်ရှိလေသည်။ ထိုလူ၏ ထူးခြားချက် တစ်ခုမှာ အပေါ်အင်္ကျီရှိပါလျက်နှင့် ဝတ်လေ့ဝတ်ထမရှိသလို ပခုံး ပေါ်တွင် ကသီကရိတင်ထားသည်။ ထို့အပြင် ကွမ်းနှင့်ဆေးလိပ် ကိုလည်း အင်မတန်ကြိုက်မည့် လက္ခဏာရှိပြန်၏။ ကွမ်းတံတွေး ကိုထွေးရင်း ဆေးလိပ်တဖွာဖွာနေမှုကြောင့်ထင်သည်။ ထိုလူ၏ အင်္ကျီတွင်လည်းကောင်း၊ ပုဆိုးတွင်လည်းကောင်း မီးပေါက်ရာများနှင့် ကွမ်းတံတွေးကွက်များက ကြည့်မကောင်းလောက်အောင်ပင် အထင်းသားရှိလေသည်။

ထိုနှစ်ဦးတို့သည် သူတို့ကိုယ်သူတို့ မိတ်ဆက်ပေးကြ၏ ပထမလူ၏နာမည်မှာ ဗိုးထောင်ဖြစ်ပြီး ဒုတိယလူ၏အမည်မှာမူ ကိုညိုခင်ဖြစ်လေသည်။ သို့ရာတွင် နောက်ဆက်တွဲ ပြောပြချက်အရ ကိုညိုခင်အမည်သည် အမည်မှန်ဖြစ်ပါသော်လည်း အပေါင်းအဖော် တစ်စုကမူ မူလအမည်မှန်ကို ခေါ်ဝေါ်လေ့မရှိကြဘဲ "ပြောင်ကြီး" ဟု အခေါ်များသဖြင့် ထိုအမည်မှာ အမည်ရင်းကဲ့သို့ တွင်နေတော့သည်။

ကိုပြောင်ကြီးမှာ ကွမ်းချေးများညစ်ထေးနေသော သွားများ ကိုဖော်၍ ရယ်ရင်းမှ ...





"ကျွန်တော့်မိဘများက ကျွန်တော့်ကို မောင်ညိုခင်လို့ မှည့်ခဲ့တာတော့ အမှန်ပါပဲ။ ဒါပေမယ့် ကျွန်တော့ထိပ် ကြီးက ပြောင်နေတာကြောင့် အများက ပြောင်ကြီး ပြောင်ကြီးလို့ နောက်ခေါ်ရင်းနဲ့ အဲဒီနာမည်တွင်သွားတာဗျ။ ကိုဝိုင်းလည်း ခေါ်တတ်သလိုခေါ်ပါ။ ကျွန်တော် စိတ်မဆိုး တတ်ပါဘူး" ဟု ဆိုသည်။

ကိုပြောင်ကြီးက ဒီလိုအသေးစိတ်ရှင်းပြရင်း ခင်မင်ရင်း ...ကိုရယူရန် ကြိုးစားနေသော်လည်း မောင်ဝိုင်းအဖို့ ထိုစကား ...ကို လုံးဝစိတ်မဝင်စား၊ အာရုံမထား။ မောင်ဝိုင်း စိတ်ဝင်စား ...ည်မှာ ဒီလူနှစ်ယောက်မိမိထံသို့ ဘယ်လိုအကြောင်းကြောင့် ...တက်လာရသနည်း။ မည်သူကညွှန်ကြားလိုက်သနည်း။ ဘယ်ကဲ့ ...သောအလုပ်မျိုးလုပ်ရန် အဖော်လာညှိသနည်း။ ဒီအတွေးများ ...သာ မောင်ဝိုင်း၏ဦးခေါင်းထဲ၌ ဖြန့်ကြက်နေ၏။

ထို့ကြောင့် ခပ်ပြတ်ပြတ် ခပ်ဆတ်ဆတ်ပင် မေးသည်။

"ဒါတွေ ပြောနေလို့ကတော့ အလုပ်မဖြစ်တဲ့ စကားတွေပဲ ဗျ။ အလုပ်ဖြစ်မယ့်စကားသာ ပြောဗျာ"

မောင်ဝိုင်းက စကားကို တိုတိုတောင်းတောင်းပြောလိုက် ...အခါ၌ ဗိုးထောင်ကလည်း ကြက်တောင်ပြန်မွေးကဲ့သို့ရှိသော



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆံပင်ကြားထဲ လက်ငါးချောင်းစလုံးထိုးသွင်း၍ တဖျစ်ဖျစ်ကုပ်နေရာမှ လာရင်းအကြောင်းကို တိုတိုတုတ်တုတ်ပြောပြလိုက်သည်။ ထိုစကားကြားလျှင် မောင်ဝိုင်းမျက်လုံးပြူးသွားသည်။ ဖိုးထောင်နှင့်ပြောင်ကြီးတို့သည် မိမိဒီအလုပ်မျိုးလုပ်သည်ကို ဘယ်လိုသတင်းရခဲ့ပါသလဲ။ ဘယ်သူ့ဆီကလဲ၊ ဘယ်သူကများ လက်ထောက်ချလိုက်ပါလိမ့်။ ရင်ထဲမှာ အံ့သြတွေးတောမှုကပြည့်တက်လာသည်။

"နေစမ်းပါဦး ကျွန်တော်ဒါမျိုးလုပ်တယ်လို့ ဘယ်သူကပြောလိုက်တာလဲ"

"ဟဲ ... ဟဲ ... ဘယ်သူရှိဦးမလဲဗျား။ ကိုထွန်းရဇနီးမစိန်ခက်လေ။ မစိန်ခက်က ကျုပ်တို့နဲ့ဆို သိပ်ရင်းနှီးတာ၊ ကျုပ်တို့က မစိန်ခက်ရဲ့ ယောကျ်ားနဲ့ အလုပ်လုပ်ဖို့ပြောတော့ မစိန်ခက်က သူ့ယောကျ်ားနဲ့ အလုပ်လုပ်လို့မဖြစ်ဘူးတဲ့။ ရှင်တို့လောလောဆယ် အလုပ်လုပ်ချင်သပဆိုရင်တော့ မောင်ဝိုင်းတော့ရှိတယ်။ မောင်ဝိုင်းလည်း ဒီကိစ္စမှာ အတော်ကျွမ်းကျင်တယ်။ သူနဲ့တိုင်ပင်ပြီးလုပ်ကြပေါ့ဆိုပြီး ခင်ဗျားဆီလွှတ်လိုက်လို့ ရောက်လာတာပါ"

ဟု ကိုပြောင်ကြီးက ဝန်ခံရှင်းပြလိုက်သဖြင့် မောင်ဝိုင်း





သဘောပေါက်သွားကာ ဦးခေါင်းတညိတ်ညိတ် ဖြစ်သွားသည်။ ကိုထွန်းရဆိုသည်မှာလည်း အခြားသူတော့မဟုတ်။ သူကိုယ်တိုင်ပင်ဆရာတင်ခဲ့ရသည်။ ဆရာထံမှာ နည်းနိဿယတွေ ရယူခဲ့ရသည်။ အတွေ့အကြုံဗဟုသုတတွေ ရရှိခဲ့သည်။

ယခုတော့မူ ကိုထွန်းရ အလုပ်မလုပ်နိုင်သည်မှာ ကြာပြီ။ အိပ်ရာထဲလဲနေသည်။ အရက်ဒဏ်ခံစားနေရသည်။ ကိုထွန်းရအလုပ်မလုပ်နိုင်သည်နှင့်အမျှ မောင်ဝိုင်းမှာလည်း ထိခိုက်ရပေသည်။ ငွေမရှိသဖြင့် အိမ်မှာလည်း မပြေလည်။ အိမ်၌ ရှိသမျှပစ္စည်းများကို ထုခွဲရောင်းချနေရသည့်အဖြစ်။ ရပေါက်ရလမ်းတလေးကိုဆင်မျှော်နေရသည့်အခြေအနေ၊ ဤကဲ့သို့ ရေတက်နေတုန်း ရေတွင်းထဲသို့ကျသွားသလိုရှိသဖြင့် မောင်ဝိုင်း ထခုန်မိမတတ် ဝမ်းသာသွားသည်။

သို့သော် မောင်ဝိုင်း စိတ်ကိုထိန်းထားရင်း ...

"တုတ်တော့ တုတ်ပါပြီ။ ခင်ဗျားတို့ဥစ္စာ သေကောသေချာရဲ့လား"

"သေချာတာမှ မြေကြီးလက်ခတ်မလွဲပဲ"

ဖိုးထောင်က ရဲရဲအာမခံသလို ကိုပြောင်ကြီးကလည်း...

"ကျုပ်တို့သေသေချာချာ စုံစမ်းထားပြီးသားပါ။ အဲ့ဒီ



www.burmeseclassic.com

www.burmeseclassic.com



တုန်းကအလုပ်လုပ်ခဲ့ဖူးတဲ့ ဦးအုန်းမောင်က ခပ်ငယ်ငယ်ပဲရှိသေးသတဲ့။ အသက်ဆယ့်ကိုး၊ နှစ်ဆယ်ဝန်းကျင်ပဲနေမှာ။ ခုအသက်ခြောက်ဆယ်ကျော်ပြီ။ သူကိုယ်တိုင်မျက်စိနဲ့တပ်အပ်မြင်ခဲ့တာတဲ့လေ။ ပစ္စည်းတွေက မနည်းဘူးဆိုဘဲ"

မောင်ပိုင်းက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ ထို့ပြင် သူတို့နှစ်ယောက်၏ မျက်နှာနေမျက်နှာထားတွေကိုလည်း အကဲခတ်ကြည့်သည်။ မျှတမှုရှိမရှိ၊ နှုတ်လုံမှုရှိမရှိ စသည်အပြင် စည်းဖောက်နိုင်မနိုင်တို့ကိုပါ ထည့်သွင်းဝေဖန်ရသေးသည်။ လူဆိုသည်မှာ လောဘသားများဖြစ်၏။ ပစ္စည်းမရသေးခင်းတတစ်မျိုး ရတော့တစ်မျိုးဖြစ်တတ်သည်။ ယုံဖို့မလွယ်။

ထို့ကြောင့် မျက်မှောက်ကြုတ်ရင်း မောင်ပိုင်းက သွေးတိုးစမ်းသလိုနှင့် ...

"ပစ္စည်းက သူများအပြောနဲ့ ယုံရတာကို၊ များချင်လည်းများမယ်။ နည်းချင်လည်းနည်းမယ်ပေါ့ဗျာ၊ နှစ်တွေ နှီ လောက်ကြာမှတော့ ကံသေကံမ ပြောလို့မရဘူး။ အဲ တစ်ခုရှိတာက အလုပ်လုပ်တဲ့နေရာမှာ သစ္စာရှိဖို့နဲ့ နှုတ်လုံဖို့က အရေးကြီးတယ်"





"ဒီအတွက်တော့ စိတ်ချပါ"

"ကျုပ်အကြောင်းကို သိချင်ရင် မစိန်ခက်ကို မေးကြည့်နိုင်ပါတယ်"

ဖိုးထောင်၏ သက်သေထူချက်စကားအဆုံးတွင် မောင်ပိုင်းတလက်ကာလျက်

"နေဦးဗျ။ ကျွန်တော့်စကား မဆုံးသေးဘူး၊ ကျွန်တော်ကလူတစ်မျိုးဗျ၊ သူတစ်ပါးရဲ့အကြောင်းကို စုံစမ်းခဲ့တယ်။ ထားပါတော့ဗျာ။ ကျွန်တော် ပြောချင်တာက ဒီအလုပ်က တခြားအလုပ်လို မဟုတ်ဘူး"

ကိုပြောင်ကြီး၏ မျက်နှာပေါ်တွင် နိစပ်စပ်ရှိသွားသည်။ ပြီးမှမေး၏။

"ဘာမဟုတ်တာလဲကိုပိုင်း"

"ဒီလိုရှိတယ်။ နယ်မြေအနေအထားက ခင်ဗျားတို့ သိတဲ့အတိုင်းပဲ၊ ကြမ်းချင်လည်းကြမ်းမယ်။ မကြမ်းတာကြမ်းရှိချင်ရှိမယ်။ ဒီမှာ သတ္တိရှိဖို့လိုတယ်။ ကြောက်တတ်ရင်တော့ လုံးဝမဖြစ်ဘူး"

ဖိုးထောင်က ရင်ကော့သည်၊ မခံချိ မခံသာလေသံဖြင့်...

"ကျုပ်တို့က သွေးမနည်းပါဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကိုပြောင်ကြီးကလည်း ဖိုးထောင်၏ စကားအဆုံးတွင် ဝင်၍ဆို၏။

"နေရာကတော့ တော်တော်လေးကြမ်းတယ်လို့ ပြောသံဆိုသံကြားဖူးတယ်။ တဲ ... ဟဲ လူကြမ်းရင် နတ်ကြမ်း တောင်မခံနိုင်ဘူးလို့ အဆိုရှိသားပဲဗျာ။ တွေ့ကြသေးတာ ပေါ့လေ"

ပွဲမဝင်ခင်မာန်ဝင့်နေသော သူတို့နှစ်ယောက်ကိုကြည့်ရင်း မောင်ဝိုင်းပြုံးချင်လာသည်။ မောင်ဝိုင်း ဒီအလုပ်ကို စလုပ်တုန်းက လည်းဒီလိုပင်လေတစ်လုံး၊ မိုးတစ်လုံးပြောခဲ့ဖူး၏။ တကယ့်လက်တွေ့ဆင်းရသည့်ညက ဒူးတုန်ခဲ့ဖူးသည်။ အသည်းဖိုခဲ့ဖူးသည်။ ကျောချမ်းခဲ့ဖူးသည်။ လှည့်၍ပြေးချင်စိတ်တွေ တဖွားဖွား။

သို့သော် ဒါတွေပြန်ပြောင်းပြောပြနေ၍လည်း အကြောင်းထူးမည်မဟုတ်။ သူတို့တစ်တွေကို မကြောတ်ကြောက်အောင်ခြောက်သလိုသာရှိပေလိမ့်မည်။ နဖူးတွေ့ဒူးတွေ့ကြုံလာမှ သူတို့၏ အပြောနှင့်အလုပ် ညီမညီသိရတော့မည်။ ပြန်လှည့်ပြေးကြတော့လည်း ဘာအရေးလဲ။ တွေးပူစရာမလို။ ကိုယ်တစ်ယောက်တည်းလည်းလုပ်ရဲသည်။





ဒါပေမယ့် တစ်ခုတော့ရှိသည်။ နေရာသိထားဖို့က အဓိက ဖြစ်၏။

"ကောင်းပြီလေ၊ ကျွန်တော်တို့လက်တွဲပြီး လုပ်ကြည့်သေးတာပေါ့။ အခု တစ်ခုတော့ ကျွန်တော်တောင်းဆိုချင်တယ်။ အလုပ်မလုပ်ခင် အဲဒီနေရာကို ကျွန်တော်သွားကြည့်ထားချင်တယ်"

"ရပါတယ် ကိုဝိုင်း၊ ဘယ်နေ့သွားမလဲ"

မောင်ဝိုင်းက အနည်းငယ်စဉ်းစားသလိုပြုပြီးမှ

"ကျွန်တော် ဒီတစ်ရက်နှစ်ရက်အတွင်း အကြောင်းပြန်မယ်။ ခင်ဗျားတို့ နေတဲ့နေရာသာပြောခဲ့"တု ဆိုလိုက်လျှင် ဖိုးထောင်နှင့် ကိုပြောင်ကြီးတို့သည် နေထိုင်သည့်အရပ်ကို ညွှန်ကြား ပြောဆိုတာ ပြန်သွားကြတော့သည်။

* * *

ပေးထားသည့်ကတိအတိုင်းပင် သုံးရက်ကြာသောအခါ၌ မောင်ဝိုင်းသည် သူတို့နှစ်ယောက်နှင့် သွားတွေ့သည်။ ဖိုးထောင်နှင့် ကိုပြောင်ကြီးကလည်း အလုပ်လုပ်ကြမည့်နေရာကို လိုက်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ပိုင်းတွေးထင်ထားသည်ထက် ထိုနေရာသည် လွန်စွာမှပင် စိတ်ချောက်ချားစရာ ကောင်းနေသည်ကိုတွေ့ရပေသည်။ သစ်ပင်ကြီးငယ်များ ထူထပ်စွာအုပ်ဆိုင်းနေသဖြင့် နေ့အချိန်မှာပင် အသည်းအေးစရာ၊ ကျောချမ်းစရာဖြစ်နေသည်ဟု တွေးမိသည်။

သို့သော် မောင်ပိုင်းအဖို့ ကြောက်စိတ်မရှိ၊ အလုပ်သဘောအရ အတွေ့အကြုံရှိထားသဖြင့် အားငယ်ထိတ်လန့်စရာမရှိပေ၊ တစ်ခုပဲရှိ၏။ သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်သာ စည်းဖောက်မှာစိုးသည်။ ဒီလိုဖြစ်လျှင် လွန်စွာမှပင် အသက်ဘေးနှင့်နီးသည်။ အရပ်က နေကြမည်မဟုတ်။ သူတစ်ချက် ငါတစ်ချက်ဖြင့် အသက်ဘယ်လိုထွက်သွားမည်ကို သိလိုက်ရမည်မထင်ပေ။ ရဲစခန်းရောက်မည်ကနောက် ကိုယ်သေမည်ကအရင်။

ထိုသို့ မောင်ပိုင်းနားလည်ထား၏။ ထိုအတွက်ကြောင့်လည်း မိမိအသက်ဘေးလုံခြုံဖို့ ကြိုတင်လေ့လာထားရမည်ဟု တွေးသည်။ ဝင်လမ်းထွက်လမ်းတွေကို လေ့လာမှတ်သားသည်။ အရေးကြုံလျှင် ဖြတ်လမ်း၊ ချုံခိုလမ်းတွေကို လေ့ကျက်ထားလိုက်သည်။

အားလုံး ခြုံငုံလေ့လာပြီးမှ အလုပ်လုပ်ကြမည့် ရက်အချိန်ကို သတ်မှတ်လိုက်၏။





(၂)

မှောင်လွှန်းသောည ...

လမထွက်၊ ကြယ်မထွက်သည့်ညဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးကို အနက်ရောင်ဆေးများ လိမ်းခြယ်ထားဘိသကဲ့သို့ အမှောင်ထုကြီးမားမှု လွှမ်းမိုးလျက်ရှိလေ၏။ တစ်လံတစ်ထောင်တိုပင် ကောင်းစွာမမြင် မကြည့်နိုင်လောက်အောင်ပင် မည်းနက်သောသတ္တဝါကြီးတစ်ကောင်က ရှေ့မှာ ပိတ်ကွယ်ထားသည်ဟု ထင်ရသည်။

ထို့ပြင် လေကလည်း သေအံ့မူးမူး လူနာတစ်ဦး ညည်းနေသလို တဟီးဟီးအသံပြုနေရာမှ မည်သို့စိတ်ရူးပေါက်သွားသည်မသိ။ အသက်ထွက်ခါနီး အတင်းရုန်းကန်လှုပ်ရှားညည်းတွား



www.burmeseclassic.com

www.burmeseclassic.com



သံဖြင့် ခပ်ကြွမ်းကြွမ်းခပ်ရိုင်းရိုင်းတိုက်ခတ်သွားပြန်သည်။ တစ်ခါ တစ်ရံ၌ စိတ်မရှည်တော့သလိုဖြင့် အရာခပ်သိမ်းအား ဆွဲကိုင် မွှေ့ယမ်းပစ်တော့မလို ရုန်းရင်းဆန်ခတ် ပရမ်းပတာ လှုပ်လှိုလှုတ်တတ် သွားပြန်သည်။ တစ်ခါတစ်ရံ၌မူ တကယ့်လိမ္မာရေးခြားရှိသွားသည် မှာလည်း တစခြင်ဟုပင် ထင်ယူရလောက်အောင်ပင် ရုတ်ခြည်း ငြိမ်သက်သွားတတ်ပြန်သည်။

ထိုလေစိမ်းတိုက်ခတ်မှုသည် တမင်ချောက်ချားနေပေ သလားမဆိုနိုင်။ လေတိုက်နှုန်းမြင့်လာသည့်အခိုက်တွင် အနီးပတ် ဝန်းကျင်ရှိသစ်ပင်ကြီး၏ အကိုင်းအခက်အရွက် ရိုက်ခတ်သံများမှာ ကြောက်မက်ဖွယ်ကောင်းလှသည့် သရဲသဘက်တစ်ကောင် သောင်း ကျန်းနေသည်နှင့် များစွာတူနေတော့သည်။

ထိုအခါ၌ ညမျက်လုံးတေ ဆိုထိုက်သော ပိုးစုန်းကြူကလေး များသည် လင်းခနဲ လက်ခနဲဖြစ်လျက် လေထဲတွင် တိုသည်လွင့်မျော သွားသည်ကို တဖျတ်ဖျတ် မြင်တွေ့လိုက်ရသည်။

ထိုအခိုက်မှာပင် တိုက်တိုက်ဆိုင်ဆိုင်ဟုပင် ဆိုရမည်လား မသိ။ ရွာဖျားမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးတစ်ကောင်၏ အူသံသည် ည၏အမှောင်ထုကြီးကို ဖြတ်သန်းထွက်ပေါ်လာလေ





သည်။ အသံကြီးမှာလည်း ဆွဲငင်မဆုံးနိုင်လောက်အောင် ရှည်လျား လွန်းလှသည်။

မရှေးမနှောင်းမှာပင် ထိုခွေး၏ နောက်မှခွေးလေခွေးလွင့် ခွေးဝဲစားများပါမကျန် သံသေးသံကြောင်များဖြင့် လိုက်၍အူနေ တော့သည်။ ထို့နောက် တစ်ကောင်နှင့်တစ်ကောင် ကိုက်ကြ ခဲကြ တောင်ကြဖြင့် တကိန်ကိန် တအိုင်အိုင် တဝုတ်ဝုတ်သံများ မဆုံးနိုင်အောင် ရှိသွားလေသည်။

ရပ်ထဲရွာထဲ တစ္ဆေသရဲ မှင်စာများ ဝင်ရောက်ပူးကပ်ကာ ခွေးများဆူညံသွားစေရန် တမင်လုပ်နေသလား ထင်ရပေသည်။ တော်ရုံတန်ရုံ သတ္တိကောင်းသူများပင် အသည်းမဖို ရင်မခုန်ဘဲ မနေနိုင်လောက်အောင် ရှိသည်။ ထိုစဉ်မှာပင် ထိန့်ပင်ထိပ်ဖျား တည့်တည့်ပေါ်မှ ဇှက်ဆိုးတစ်ကောင်သည် 'ဂီ'ခနဲ အသံကျယ်လောင် စွာ ထိုးသွားလေ၏။

"တော"

ပထမဦးဆုံး အထိတ်တလန့် အသံထွက်သွားသူမှာ ဝိုးတောင်ဖြစ်၏။ ထိုနည်းတူ ပြောင်ကြီးမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ အစပဲရှိသေးတယ် ကိုဖိုးထောင်"

မောင်ဝိုင်းက သတိပေးသလိုဆိုသည်။ စကားအဆုံးတွင် ဖိုးထောင်က ...

"အမှတ်တမဲ့ဖြစ်သွားလို့ပါဗျာ"

အရှက်ပြေပြောလိုက်မှန်းသိသော်လည်း မောင်ဝိုင်းစကား မဆက်ချင်တော့ပါ။ ရှေ့ဆက်ရမည့်အလုပ်အကြောင်းသာ စလိုက်သည်။

"ကျွန်တော် ပြောထားတဲ့ပစ္စည်းတွေအားလုံး စုံစုံလင်လင် ပါတယ်နော်"

"အားလုံးပါပါတယ်"ဟု ပြောင်ကြီးက ဖြေသည်။

"ကဲ ... ဒီလိုဆို ကျွန်တော်တို့ အလုပ်စကြရအောင်"

ပြောပြောဆိုဆိုပင် မောင်ဝိုင်းသည် အိတ်ထောင်ထဲမှ အသေးစားလက်နှိပ်ဓာတ်မီးကလေးကို ထုတ်ယူလိုက်လေသည်။

* * *

ချွတ်ချွတ်မြည်သံနှင့်အတူ တရှဲရှဲအသံတွေကို ဗလုံးဗထွေး ကြားလိုက်သည်။ ရုတ်ခြည်းအသံကြောင့် ပြောင်ကြီးနှင့်ဖိုးထောင်





သည် တန့်ခနဲရပ်သွားၾ။ မောင်ဝိုင်းပင်လျှင် လှမ်းနေသောခြေလှမ်း ပင် တုံ့ဆိုင်းသွားၾ။ တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးဘူးခဲ့သော ရင်မှာ ဆိတ်ခနဲ ရှိသွားတော့သည်။ ကျောချမ်းလည်း စိမ့်သလိုလိုဖြစ်မိသည်။

ကိုယ့်စိတ်ကိုပင် အနိုင်နိုင်ထိန်းသည်။ လက်ထဲက လက်နှိပ် ဓာတ်မီးငယ်ဖြင့် အသံကြားရာဆီသို့ ထိုးကြည့်သည်။ အလင်းမှိန် မှိန်ထဲရှိ ချုံနွယ်များ အနည်းငယ်မျှ လှုပ်ခါနေကြသေးသည်ကို တွေ့သည်။ ခုမှစိတ်အေးသွားသည်။ ယုန်တစ်ကောင်ကောင်သော် လည်းကောင်း၊ တောကြောင်တစ်ကောင်ကောင်သော်လည်းကောင်း ဖြစ်လိမ့်မည်ထင်သည်။ လူရိပ်မြင်၍ လန့်ပြေးတန်တူသည်။ မောင်းဝိုင်း ဘပြောင်ကြီးနှင့် ဖိုးထောင်ကိုလှည့်ကြည့်ကာ ...

"ကဲ လာကြလေ၊ ဘာမှမဟုတ်ဘူး။ တိရစ္ဆာန်တစ်ကောင် နှင့်တူတယ်။ လူမြင်လို့ လန့်ပြေးတာနေမှာ"

ရှေ့မတိုးရဲ နောက်မဆုတ်ရဲဖြစ်နေတာ ပြောင်ကြီးက...

"ဟုတ်ပါ့မလားဗျ၊ ဒီနေရာက အဓိကရတဲ့နော်"

မောင်ဝိုင်း စိတ်မရှည်ချင်စရာဖြစ်လာၾ။ လေသံမာမာဖြင့်

"အဓိကရတွေ အဓိကရက်တွေ လာပြောမနေနဲ့တော့၊ လုပ်မယ်ဆိုလုပ်ကိုလုပ်ရမှဖြစ်မယ်။ ခင်ဗျားတို့ပဲပြောခဲ့ တယ်မဟုတ်လား။ ကျုပ်တို့ သွေးမနည်းပါဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



ဒေါနှင့်မောနှင့် ပြောလိုက်သောမောင်ဝိုင်း၏ စကားကြောင့် ပါးစပ်တပြင်ပြင်ရှိနေသည့် ဗိုးထောင်မှာမူ ဆက်မတရဲတော့ဘဲ ငြိမ်ကုတ်သွားတော့သည်။

* * *

တခွပ်ခွပ်နှင့် ရိုက်နှက်ထုချေနေသံသည် ညအမှောင်ထုကို ဖြတ်သန်းကာ ခပ်မှန်မှန်စီးမျောဝေ့ဝဲသွားနေ၏။ တောကြီးမျက်မည်းတမျှ သစ်ပင်ကြီးငယ်များ ထူထပ်စွာအုပ်ဆိုင်းနေသောကြောင့်လည်း ခွပ်ခနဲ ခွပ်ခနဲမြည်တိန်းသံတိုင်းပင် ပဲ့တင်သံဖြင့် တစ်ဖန်ပြန်၍ပြန်၍လာလေ၏။ သို့မဟုတ် သူတို့လုပ်ကိုင်နေသည်ကို အသံဖြင့် တုံ့ပြန်ခြောက်လှန့်နေပေသလား။ သို့မဟုတ် နာနာဘာဝများက မလိုလားကြသဖြင့် ပုံတူအသံမျိုးဖြင့် တမင်ဖန်ဆင်းပြနေပေသလား။ တွေးထိတ်ဖွယ်ကောင်းလှသည်။

ထို့ပြင် ညကလည်း မှောင်မည်းတိတ်ဆိတ်လွန်းသဖြင့် ပဲ့တင်သံမှာ ပိပိသသရှိ၏။ ဗိုးထောင်က သံတူရွင်းဖြင့်အားစိုက်ကာ အင်တေချပ်လွှာများကို ဒုတ်ခနဲ ဒုတ်ခနဲ ရိုက်ခွဲခွာချသည့် အသံမှာလည်း တောကို သိမ့်သိမ့်တုန်ခါစေသည်။ ဖယောင်းတိုင်မီးကို





ကိုင်မြှောက်ပြနေသည့် ပြောင်ကြီးမှာမူ ထိုအသံလှိုင်းများကြောင့် တောင်မြှောက်လေးပါး အမှောင်ထုထဲသို့ မကြာမကြာလှည့်ကြည့်နေမိသည်။ စောစောကပင် တင်မြှောက်ပသခဲ့သည့် အရက်နှင့် ကြက်ကြော်ကို အများဆုံးသောက်ထားခဲ့သည်မှာ မှန်သော်လည်း ယခု ဘယ်ရောက်သွားသည်မသိ။ ကျောချမ်းခေါင်းကြီး ဖြစ်လျက်ရှိသည်။

"ပြောင်ကြီး မီးတိုင်ကို ငြိမ်ငြိမ်ကိုင်ထားစမ်းပါ။ ဟိုလှည့် ဒီလှည့်နဲ့။ ကြာရင် ဒီမှာ ကိုယ့်လက်ကိုယ် ထုမိတော့မယ်"

အုတ်တစ်ချပ်ကို ထုနှက်ရိုက်ခွဲနေသော မောင်ဝိုင်းက စိတ်မရှည်နိုင်တော့ဘဲအော်သည်။ ပြောင်ကြီးက ကွမ်းတံတွေးကို ခပ်ခနဲထွေးပြီးမှ ...

"ကိုင်ပါတယ် ကိုဝိုင်းရဲ့။ ဖယောင်းစက်တွေ လက်ပေါ် ကျလို့ပူလို့ လှုပ်သွားတာပါ"

မျက်နှာကြီးတစ်ခုလုံးနီရဲနေသည့် ပြောင်ကြီးအား မောင်ဝိုင်းက မကျေမနပ်တစ်ချက်ကြည့်ပြီး ဘာမျှဆက်မပြောမနေတော့ပေ။ အုတ်တစ်ချပ် အစပေါ်လာပြီမို့ တစ်ချပ်ပြီးတစ်ချပ် ဆက်ခွာနေသည်။ ကြာမီမှာပင် လူတစ်ကိုယ်ဝင်နိုင်သည့် အပေါက်ဖြစ်သွားသည်။ ထို့နောက် ဂူအတွင်းသို့ မီးထွန်းထားသည့် ဖယောင်းတိုင်ထည့်သည်။ မီးမငြိမ်း။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အခြေအနေကောင်းနေပြီမို့ မောင်ပိုင်းဂူအတွင်းသို့ ဆင်းရန်ပြင်၏။ ဖယောင်းတိုင်တစ်တိုင် မီးညှိပြီးနောက် "ကျွန်တော်ဂူထဲကိုဆင်းတော့မယ်။ ခင်ဗျားတို့ နှစ်ယောက် ကျွန်တော့်နောက်က လိုက်ဆင်းခဲ့"ဟု မှာသည်။

ဒီတော့ ဖိုးထောင်က မောင်ပိုင်းနောက်က လိုက်ဆင်းမည်ဟုဆိုသည်။ ပြောင်ကြီးကလည်း သူအရင်ဆင်းမည်ဟု ကပ်သည်။ သူ့အရင်ငါအရင်ဟု အငြင်းပွားနေကြသေး၏။ အပေါ်တွင်တစ်ယောက်တည်းကျန်ရစ်မည့်အရေးကို တွေး၍ကြောက်လန့်နေတန်ဟု၏။ ဒီလိုဆိုရင် ခင်ဗျားတို့နှစ်ယောက် အရင်ဆင်းနှင့်ဟု ဆိုတော့လည်း နှစ်ယောက်စလုံးမလှုပ်။ နောက်ဆုံးတွင် မောင်ပိုင်းသည် စိတ်တိုသွားသည်။ ဘာမှမပြောတော့ဘဲ ဂူထဲသို့ ခုန်ဆင်းသွားတော့သည်။

* * *

ဖယောင်းတိုင်များ ထွန်းညှိလိုက်သောအခါ၌ ဂူကြီးမှာ လင်းထိန်သွားတော့သည်။ အပြင်က ကြည့်ရသည်ထက် အတွင်းမှာ ပို၍ကျယ်လွင့်နေသည်။ အိမ်ခန်းတစ်ခန်းစာ နီးနီးရှိသည်။

မိတ်ဆွေစာပေ



ဒို့ဖြင့် နေရာအနှံ့တွင် ပစ္စည်းပစ္စယများရှိနေသည်။ ဂူထောင့်တစ်နေရာ၌ စားပွဲကုလားထိုင်များပင် ရှိလိုက်သေး၏။ စားပွဲပေါ်တွင် ကျူထူဖြင့် ဆောက်ထားသော တိုက်အိမ်ပုံစံကို တွေ့ရသည်။

ထိုဒေသတွင်မူ ဖန်ခွက်များ၊ ဖန်ချိုင့်များ၊ ကြေးထည်ပစ္စည်းများ၊ ငွေထည်များ၊ ငွေဘူးများနှင့် အခြားပစ္စည်းများ။

မောင်ပိုင်းသည် ထိုစားပွဲပေါ်၌ တွေ့ရသော မိန်းမပတ်နာရီတစ်လုံးကို ယူကြည့်သည်။ နာရီအိမ်မှာ ရွှေဖြစ်သည်။ နာရီကြိုးကလည်းရွှေအစစ်။ အိတ်ထဲသို့ထည့်လိုက်ပြီးနောက် မျက်မှန်ကို ကြည့်သည်။ စလင်းမျက်မှန်ဖြစ်သည်။ ကိုင်းက ရွှေအစစ်ဖြင့် လုပ်ထားသည်ကို တွေ့ရှိရ၏။

"ဟာ ဒီတိုင်ကပ်နာရီကြီးကလည်း ပုံစံကအောက်လိုက်တာ၊ ချိန်သီးနဲ့ ဘယ်လိုပုံစံကြီးလဲမသိဘူး"

"တုတ်တယ်ကွ၊ ဒီပုံစံကြီးကို ဘယ်သူမှ အလကားပေးတောင် ယူကြမှာမဟုတ်ဘူး ဖိုးထောင်ရ"

ဖိုးထောင်နှင့်ပြောင်ကြီးတို့ အပြန်အလှန်ပြောနေသံကြောင့် မောင်ပိုင်းလှမ်းကြည့်သည်။ နာရီမှာ ရထားတံဆိပ်တိုင်ကပ်နာရီဖြစ်သည်။ ခုခေတ်မှာ ဒီလိုနာရီမျိုးတွေ့ခဲသည်။ ရှေးဟောင်းပစ္စည်းမှန်း မောင်ပိုင်းနားလည်လိုက်သည်။ တန်ဖိုးမည်ရွေ့မည်မျှ

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရနုပ်မည်ကိုလည်း စိတ်၌မှန်းရင်း မောင်ဝိုင်းပြုံးနေမိသည်။

ထို့အပြင် ခွေးတံဆိပ်ဓာတ်ပြား၊ ဓာတ်စက်များကို တွေ့ရသဖြင့် ဒုညအဖို့ ပင်ပန်းရကျိုးနပ်လေပြီဟု မောင်ဝိုင်း၏ရင်ထဲ၌ ကြည်နူးနှစ်သိမ့်နေမိတော့သည်။

"ကဲ ... ကိုဖိုးထောင်နဲ့ကိုပြောင်ကြီးတို့ အချိန်သိပ်မရှိတော့ဘူး။ ဒီပစ္စည်းတွေအားလုံးကို ဆာလာအိတ်ထဲထည့်ပေတော့။ ကွဲမှာရှမှာလည်း သတိထားဦး၊ ပြီးရင် ကျွန်တော်တို့ အခေါင်းကြီးဖွင့်ကြ အောင်"

မောင်ဝိုင်းက ပြောပြောဆိုဆိုပင် ဆာလာအိတ်အတွင်းသို့ ပစ္စည်းများကို မှတ်မှတ်ရရထည့်သည်။ ဖိုးထောင်နှင့် ပြောင်ကြီးတို့ကလည်း ထည့်သိုကြသည်။ ပြီးလျှင်ဆာလာအိတ်ကို သေချာတုံးချည်နှောင်ပြီး ဂူ၏နံရံတွင် မ ဲမကွဲအောင် ထောင်ထားလိုက်သည်။

ထို့နောက် ဂူကြီး၏ လယ်တည့်တည့်တွင်ရှိသော ခေါင်းကြီးဆီသို့ တိုးကပ်လာကြသည်။ ခေါင်းကြီးမှာ မည်းနက်ပြောင်ချောနေသည်။ အလွန်လည်း ကြီးမားလှပေသည်။

မောင်ဝိုင်းက စို့နှင့်တူကိုကိုင်ရင်း အခေါင်းဖွင့်ရန် ပြင်နေချိန်တွင် ...





"ကိုဝိုင်း ခေါင်းကြီးကို ဘယ်လိုလုပ်ဦးမှာလဲ"

ဟုဖိုးထောင်က စိုးရိမ်သောလေသံဖြင့် မေးသည်။ မောင်ဝိုင်းက "အခေါင်းကိုဖွင့်ရမှာပေါ့"

ခပ်ဆတ်ဆတ်ဖြေသည်။ ထိုစကားကြောင့် ပြောင်ကြီးကျောစိမ့်နေလေပြီ။

"ခေါင်းထဲမှာ ဘာပစ္စည်းရှိဦးမှာလဲ ကိုဝိုင်းရ"

လေသံတုန်တုန်ယင်ယင်ဖြင့် ပြောနေသော ပြောင်ကြီးကိုတစ်ချက်လှည့်ကြည့်လိုက်ပြီးမှ "ခင်ဗျားနားမလည်ပါဘူး။ ခုနကရတဲ့ပစ္စည်းတွေဟာ အပြင်ရံလောက်ပဲရှိသေးတာ။ အတွင်းမှာ ကျန်တဲ့ပစ္စည်းတွေရှိသေးတယ်ဗျ"ဟု မာမာတင်းတင်းပြောချလိုက်၏။

ထို့နောက် ခေါင်းနှင့်အခေါင်းဖုံးကြားတွင် စို့ထောက်၍ ဂေါင်ခနဲဂေါင်ခနဲ ရိုက်သွင်းနေသည်။ ဂူ၏လိုဏ်သံသည် ပဲ့တင်ထပ်နေ၏။ သုအချိန်မှို့ ပဲ့တင်သံမှာ ပိုရှိပိုရှိညံနေသည်။ နာနာဘာဝတစ်ကောင်ငယ်သံပါအောင် အော်တစ်ဆူညံနေသကဲ့သို့ ရှိလေသည်။

ပြောင်ကြီးမှာ ဖယောင်းတိုင်မီးကိုကိုင်ထားရင်း လက်များတဆက်ဆက်တုန်နေသည်။ ခြေဖျားလက်ဖျားများပင် အေးစက်စပြစ်လာသည်။ ခေါင်းကြီးပွင့်သွားရင် ဘာတွေဆက်ဖြစ်လာမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲက အလောင်းကောင်ကြီးသည် ဆက်ခနဲများထထိုင်လေသည်လားမပြောတတ်။ အတွေးများကြောင့် ဇောချွေးများပင် တဒီးဒီး ကျလာနေ၏။

ဖိုးထောင်မှာမူ သံတူရွင်းကိုင်ထားရင်းမှာပင် ရှေ့မတိုးရဲ နောက်မဆုတ်ရဲသလို တောင့်တောင့်ကြီးရပ်နေသည်။ မျက်တောင်မခတ်ဘဲခေါင်းကြီးကို မျက်လုံးပြူးမျက်ဆံပြူးစိုက်ကြည့်နေမိ၏။

"ဟေ့ ကိုဖိုးထောင် ဘာငိုင်နေတာလဲ၊ လုပ်လေဗျာ၊ ခင်ဗျားလက်ထဲက သံတူရွင်းကို ကြားထဲထိုးလေ၊ အဖုံးကို ကလော်ဖွင့်မှပေါ့"

မောင်ပိုင်းအော်မှ သတိရသလိုရှိသွားသည်။ တနေသော အခေါင်းဖြေ အဖုံးကြားသို့ သံတူရွင်းထိုးထည့်ရင်း ...

"ကိုပိုင်းရေ၊ အလောင်းကောင်ကြီးက ငုတ်တုတ်ကြီးများ ထထိုင်နေဦးမလား"

"ခင်ဗျား တော်တော်သူရဲဘောကြောင်တာပဲ၊ သေတာမှ ကြာလို့ အရိုး တာင်ကျနေပြီဥစ္စာ။ ဘယ်လိုလုပ် ထထိုင်နိုင်မှာလဲ"

မောမောနှင့် ဖောက်တစ်လိုက်သည်။ ပြောင်ကြီးက ထပ်ကွန့်သည်။





"ကျွန်တော် ကြားဖူးတယ်။ ဆရာတပည့်တွေ သချိုင်းသွားပြီး အလောင်းဖော်သကဲ့၊ ပြီးတော့ သနပ်ခါးလူးခိုင်းတယ်။ နှီးနဲ့ခြစ်ပြီး ခွာခိုင်းပြန်သတဲ့။ နောက်ဆုံးတော့ အဲ့ဒီအမျိုးသမီးက အခေါင်းကြီးနဲ့ လိုက်ပေါက်လို့ ဆရာတပည့်တွေ အသက်လုပြီး ပြေးလိုက်ကြတာတဲ့"

"ဟာ ... ခင်ဗျားကလည်း ကြံကြီးစည်ရာတွေ လျှောက်ပြောနေပြန်ပါပြီ။ အဲဒါက အစိမ်းသေအမျိုးသမီးကို အစီအမံ လုပ်တာဗျ။ ခုနစ်ရက်မလည်ခင် လုပ်တယ်လို့တော့ ကျွန်တော် ကြားဖူးတာပေါ့ဗျာ။ ဒါတလည်း ယုတ္တိယုတ္တာ မရှိလှပါဘူး။ အစီအမံဆိုတာ ခုခေတ်မှာ ရှိမှမရှိတော့တဲ့ ဥစ္စာပဲ။ ကျွန်တော်တော့ လုံးဝအယုံအကြည်မရှိဘူး။ ခု ဒီအမျိုးသမီးကသေတာမှ နှစ်မနည်းတော့တာ။ ဟော ပွထလာပြီ ပွင့်လာပြီ။ ကိုဖိုးထောင် သံတူရွင်းနဲ့ နာနာကလန့်ပေးတော့"

သံတူရွင်းဖြင့် ကလန့်လိုက်တိုင်း အခေါင်းကြီးဆီမှ တကျွိကျွိမြည်တီးလာတော့သည်။ လူသေကောင်ကြီးဆီမှ သွားချင်းကြိတ်သံပေလားတု ထင်ရပေသည်။ ညဏ်တိတ်ဆိတ်မှုကြောင့် အသံမှာ ပို၍ကျယ်လောင်မြည်တိန်းနေသလိုရှိသည်။ ဖိုးထောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ကြီးမှာမူ အသည်းတအေးအေး ရင်တဖိုဖိုရှိနေကြ၏။ ရှေ့ဆက်၍ ဘာတွေဖြစ်လာလိမ့်မည်နည်း။

ခဏအကြာတွင် အခေါင်းကြီး၏အဖုံးများ ပွင့်လာလေပြီ။ မောင်ပိုင်းက ပွင့်လာသော အခေါင်းအဖုံးကို တစ်ဖက်မှ မကိုင်ထားရင်း "ကိုဖိုးထောင် ဟိုဘက်ကမ၊ အဖုံးကိုအောက်ချရအောင်" ဟု အကူအညီတောင်းသည်။ အခေါင်းအဖုံးဖွင့်ကြရအောင်ဆိုကာမှ ဖိုးထောင်မှာ မထိရဲ မကိုင်ရဲသလို ရှိနေပြန်သည်။ ခေါင်းထဲ၌ ဘွားခနဲတွေ့လိုက်ရမည့်အဖြစ်ကိုတွေး၍ စိုးရိမ်နေပုံရသည်။

"ဟာ ... ဘာဖြစ်နေတာလဲဗျ။ အချိန်မရှိတော့ဘူး။ မြန်မြန်ထက်ထက်လုပ်မှပေါ့။ ကျွန်တော်တစ်ယောက်တည်း မနိုင်လို့ ခင်ဗျားကို ကူခိုင်းတာ။ ခင်ဗျားလုပ်ပုံက မတုတ်သေးပါဘူး" စိတ်မရှည်သည့်ပုံ ညည်းပြောပြောလိုက်သည်။ ပြောင်ကြီးကလည်း ...

"ကိုပိုင်းပြောတာ ဟုတ်သားပဲ ဖိုးထောင် မလေကွာ"

ဖိုးထောင်က ပြောင်ကြီးကို မျက်ထောက်နီကြီးဖြင့် လှမ်းကြည့်ကာ ...

"ဟေ့ကောင်၊ မင်းက နေရာတကာမှာ ဆရာကြီးပဲ၊ မင်းကကော ဘာလုပ်လို့လဲ ဟင် ... ဖယောင်းတိုင်





ကိုင်တာလောက်နဲ့များ"

ဒေါသနှင့်ပြောရင်း အခေါင်းဖုံးကို ပိုင်းမပေးလိုက်သည်။ နှစ်ယောက်သား အဖုံးကို အခေါင်းကြီးနှင့် လွတ်သည့်နေရာတွင် ချထားပြီးနောက် အခေါင်းနားသို့ တပ်လာသည်။ အားလုံးပင် မီးရောင်ဖြင့် အခေါင်းထဲသို့ ငုံ့ကြည့်သည်။ အလောင်းကြီးမှာ ခေါင်းထဲ၌ စန့်စန့်ကြီးပုံစံအတိုင်း ရှိမြဲရှိနေသေး၏။ အပေါ်က ဇာပဝါမှာ ခြေဆုံးခေါင်းဆုံး အုပ်ထားဆဲပင်။

မောင်ပိုင်းက ဇာပဝါကိုယူလိုက်သည်။ ပြောင်ကြီးနှင့် ဖိုးထောင်တို့မှာ မကြည့်ရဲမမြင်ရဲသဖြင့် မျက်လုံးစုံမှိတ်ထားကြမိ၏။

အခုတော့ ဒေါ်ရှုကြည်ဆိုတာ မရှိတော့ဘူး။ ယောက်ျား မိန်းမဆိုတာလည်း မရှိတော့ဘူး။ အရိုးပဒေသာပဲ ကျန်တော့ တယ်တု တတွတ်တွတ်ပြောရင်း မောင်ပိုင်းလှုပ်ရှားနေသည်။

ခုမှ ဖိုးထောင်နှင့် ပြောင်ကြီးတို့နှစ်ယောက် မျက်စိဖွင့် ရဲ၏။ မောင်ပိုင်းပြောသလို အရိုးစုသာ မြင်ရသည်။

မောင်ပိုင်းက အရိုးခေါင်းအောက်သို့ လက်နှိုက်သည်။ ရွှေဆံထိုးနှင့် စိန်ဆံတိုးပါလာသည်။ နောက်တစ်ဖန် နှိုက်ကြည့်ရာ ရွှေစိုက်ဘီးရပြန်သည်။ မောင်ပိုင်း၏ မျက်နှာပေါ်တွင် မှိုရသကဲ့သို့ ပြုံးရွှင်နေသည်။ အားလုံးကို ဘောင်းဘီအိတ်ထဲသို့ ယူပြီးပြီး



www.burmeseclassic.com

www.burmeseclassic.com



သိမ်းသည်။ ထို့နောက် ရွှေသွားသုံးလေးချောင်းကိုလည်း ဖြုတ်ယူသည်။ အခေါင်းထဲတွင် ပယ်ပယ်နယ်နယ် မွှေနှောက်ရှာယူပြီးနောက် နာရီကိုကြည့်သည်။ သုံးနာရီခွဲရန် ဆယ်မိနစ်သာလိုတော့သည်။ ပြန်ထွက်ဖို့သင့်ပြီဟု နားလည်လိုက်သည်။

"ကျွန်တော်တို့အပြင်ပြန်ထွက်ဖို့ အချိန်တော်ပြီဗျို့"

သူတို့သုံးယောက် အပြင်သို့ရောက်သောအခါ အလင်းရောင်ပျပျသည် ဆီးကြိုလျက်ရှိနေပေပြီ။





(၃)

သချိုင်းမှထွက်လာသောအခါတွင် ရှေ့မှဖိုးထောင်နှင့် ပြောင်ကြီးသည်ဆာလာအိတ်ကြီးနှစ်လုံးကို ကိုယ်စီထမ်း၍ ခပ်သွက်သွက်လျှောက်လာကြသည်။ မောင်ပိုင်းက နောက်ကလိုက်လာရင်း ထိုအိတ်ကြီးနှစ်လုံးကိုကြည့်ရင်း ပြုံးမိသည်။ အတွေးထဲ၌လည်း ထိုရွှေတောင်းပစ္စည်းများကို ဘယ်ဆိုင်တွင် ထုခွဲရမည်။ စျေးကောင်းညှိရမည်ကိုလည်း ချိန်ဆကြည့်နေတော့သည်။

ထိုသို့ဘွက်ဆရင်း အမှတ်မထင်လေကလေးပင် ချွန်လိုက်မိတော့သည်။ မောင်ပိုင်း၏ လေချွန်သံသည် မြူးမြူးကြွကြွကလေးရှိနေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ကိုးသချိုင်းမောင်ဝိုင်းနှင့် အကြွမ်းထားအချောထား

မိုးတစ်ညသည် အုံ့ပြကာပြက်ရှိနေ၏။

လက်ကျန်မိုးကိုရွာသွန်းနိုင်ရန် အားစိုက်နေပုံရသည်။ ချုပ်ငြိမ်နေသောကြောင့် မိုးစက်မိုးပွင့်တို့၏ တစ်စက်တစ်ပေါက်မျှပင် ကျမလာသေး။ မိုးနှင့်ဆောင်းနေရာလုနေရသောကြောင့် အအေးဓာတ်သည် အထိုက်အလျောက်တော့ရှိသည်။ မိုးကြောင့်အေးတာလား ဆောင်းကြောင့်အေးတာလားဆိုသည်ကို ခွဲခြားခြားမသတ်မှတ်နိုင်။

ထိုစဉ်တွင် မှောင်ထုကလည်း ကမ်းမမြင်လမ်းမမြင်နိုင်လောက်အောင်ပင် ထုထည်ကြီးမားလှပေသည်။





တစ်ခါတစ်ခါ လျှပ်ပြက်သည်ကို တွေ့ရတတ်သည်။ သို့သော် မျက်စပျစ်သလိုပင်ရှိသည်။ အရှိန်အဝါသိပ်မလင်း။ အုံ့အုံ့ဖွဲ့ဖွဲ့ရှိနေသည့်တိမ်မျှင်၊ တိမ်စများကို မကျော်လွှား၊ မထွင်းဖောက်နိုင်။ ဖျော့တော့လှသည့် အလင်းတစ်စ၊ နှစ်စမျှ မိုးသားကောင်းကင်၌ ဖျာသွားသည်။

မိုးထစ်သံ၊ မိုးချုန်းသံတို့မှာလည်း ဘယ်ကမ္ဘာဆီတွင် ပြေးဝင်ခိုအောင်းနေသည်မသိ။ ညသည် မှောင်မြဲမှောင် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။ တိတ်ဆိတ်သည်မှာလည်း တစပြင်ကဲ့သို့ ထင်ရသဖြင့် အလွန်ပင် အသည်းအေးစရာ ညတစ်ညဟုဆိုလျှင် ယုံမှားသံသယဖြစ်ဖို့ မလိုတော့ပြီ။

ထိုအချိန်ထိုအခါတွင် သမြေကုန်းကျေးရွာကြီးသည် အိပ်မောကျလျက်ရှိ၏။ အိမ်ခြေတစ်ထောင်ကျော်ရှိသော ရွာကြီးသည် အသေကောင်သဖွယ်ငြိမ်သက်နေသည်။ တိုက်အိမ်များ၊ နှစ်ထပ်အိမ်များ၊ နှစ်ဆောင်ပြိုင်အိမ်များ၊ ခနိုးထရံကာတဲအိမ်များ၊ နွားတင်းကုပ်များ၊ စပါးကျီများ စသည်တို့သည်လည်း အမှောင်၏ အနိုင်ကျင့်မှုကို လည်စင်းခံနေကြရသလို ငြိမ်ဝပ်နေကြသည်။

ထိုကဲ့သို့ အလွန်တရာ မှောင်မည်းပြီး ခြောက်မက်ဖွယ်ရာကောင်းလှသည့် ညတစ်ညတွင် ရွာနှင့်နှစ်ဖာလုံခန့်ဝေးသော



www.burmeseclassic.com

www.burmeseclassic.com



မြရာပင်သုသာန်အတွင်းသို့ လူသုံးယောက်ရောက်နေသည်ကို မည်သူ မျှသိကြမည်မဟုတ်။ သူတို့သုံးယောက်မှာ အသက်အားဖြင့် သုံးဆယ်မျှပင် ကျော်သေးပုံမရ။ တစ်ယောက်နှင့်တစ်ယောက် တစ်နှစ်ကြီးတစ်နှစ်ငယ်လောက်သာ ကွာမည်ထင်သည်။ သုံး ယောက်စလုံးပင် လုံးတူ၊ ဒေါက်တူ၊ မောင်းတူများ ဖြစ်ကြသည်။

အကာလ ညအခါတွင်လည်းဖြစ်ပြန်၊ လူသေကောင်မျိုး ကိုသာ စွန့်ပစ်မြှုပ်နှံသော၊ တစပြင်လည်းဖြစ်ပြန်သော ဒီလို နေရာများသို့ တော်ရုံတန်ရုံသတ္တိနှင့်တော့ ရောက်လာဖို့မလွယ်၊ ရွှေပုံပေးပေမယ့် သွားရဲကြမည်မထင်။ သို့သော် သူတို့သုံးယောက် ကတော့ အုတ်ဂူတွေ၊ မြေပုံတွေကို ကျော်ခွဖြတ်သန်းကာ ရောက် လာခဲ့ပေပြီ။

သူတို့သည် ချောင်းတုလည်း မခေါ်သာ၊ မြောင်းတုလည်း မဆိုသာသည့် မြရာပင်ချောင်းသွယ်တလေးအစပ်အနီးရှိ မြေပုံတစ် ခွင်တွင် စုဝေးလျက်ရှိ၏။

ထိုလူတစ်စု၏ လှုပ်ရှားပုံကို ကြည့်ခြင်းအားဖြင့် မည်သို့ သောအကြံအစည်ရှိသည် မပြောတတ်။

* * *





သူတို့ ဘယ်လိုဒုစရိုက်မှုကို ကျူးလွန်ကြမလဲ။

ပေါက်ပြားတစ်လက်သည် မြောက်တက်သွား၏။

ထိုအခိုက်မှာပင် တိုက်ဆိုင်မှုကြောင့်ပဲလား။ သို့မဟုတ် ဘမင်ချိန်မှုယ်မှုကြောင့်ပဲလား မဆိုနိုင်။ ရွာအတွင်းပိုင်းမှ ခွေးတစ် ကောင်သည် ရင်ခေါင်းသံကြီးဖြင့် စတင်ကာ အူလိုက်တော့သည်။ အသံမှာတော်တော်နှင့်မရပ်။ တဆွဲဆွဲတငင်ငင်ရှိ၏။

ဒီမှ ရှည်လျားစွာဆွဲငင် အူနေသံမှာပင် မရေးမနှောင်းဆို သလို ရွာထဲရှိခွေးများ တစ်ကောင်ပြီးတစ်ကောင် ဆင့်ကာဆင့်ကာ အူလာသည်။ စောစောက အသေကောင်တစ်ကောင်လို ရှိနေခဲ့သော ညသည် ခွေးအူသံများကြောင့် ချောက်ချောက်ချားချား ရှိလာ သည်။

ထို့နောက် ခွေးတစ်ကောင်၏ တဂိန်ဂိန်ဖြင့် နာကျင်စွာ ဟစ်ညည်းသံတစ်ခုကိုပါ ဆက်တိုက်ကြားလိုက်ရပေသည်။ ရွာထဲ၌ ကောင်းဆိုးဝါးများ၊ နာနာဘာဝများ လှုပ်ရှားသံတုပင် ထင်မှတ် သည်။

တော်ရုံတန်ရုံသတ္တိကောင်းသူပင်လျှင် ကြက်သီးမွေးညင်း ထသွားနိုင်လောက်သည်။ ကျက်သရေကင်းမဲ့လှသော ညဏ်အသံ အနောက်တွင် တစ်ယောက်သောသူက ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုးသချိုင်းကိုပိုင်းရေ၊ ဖြစ်ပါ့မလားဗျာ"

စိုးရိမ်ထိတ်လန့်သော လေသံဟု နားလည်လိုက်သည်။ ယခုအခါ၌ မောင်ပိုင်းမှာ ဖိုးတုန်းကမောင်ပိုင်းမဟုတ်တော့။ ဂုဏ်ထူးဘွဲ့ထူးနှင့် မောင်ပိုင်းဖြစ်နေပြီ၊ ကိုးသချိုင်းမောင်ပိုင်းတဲ့။ သူတို့အသိုင်းအဝိုင်း၊ သူတို့အဖွဲ့၊ သူတို့အချင်းချင်းတွေက ဝိုင်းချီးမြှောက်ပြုခဲ့ရသော အမည်။

မှန်ပါသည်။ ခုချိန်၌ မောင်ပိုင်းသည် ထိုနာမည်နှင့်လိုက်ဖက်ပေသည်။ သူသည် ဒီလုပ်ငန်းဖြင့်ပင် ကိုးသချိုင်း၊ ကိုးဌာနဖြည့်ခဲ့ပေပြီတည်း။

ထို့ကြောင့် ထိုအမည်ကို ထိုက်တန်စွာရခဲ့သလို ထိုက်ထိုက်တန်တန်လည်း ရရှိခံစားခဲ့ဖူးပြီ။ အလွတ်တကူရှဲလည်း ဒီအလုပ်ကမစွန့်။ အဆင်ပြေရင်ပြေသလို၊ အခြေအနေကောင်းရင် ကောင်းသလိုလုပ်ရှားသည်။ အခွင့်အရေးကို သူလက်မလွှတ်နိုင်။ ဒီလုပ်ငန်းကသူ့အတွက် အကျိုးထူးခဲ့ဖူးသည် မဟုတ်ပါလေ။

မြှောက်ထားဆဲပေါက်ပြားကို မြေပုံပွပွမှမြေသားအတွင်းသို့အား ကုန်လွှဲကာပေါက်ချလိုက်သည်။ မြေ၏ အစိုဓာတ်ရှိနေသောမြေသားအတွင်းသို့ ပေါက်ပြားအသွားမှာ စွပ်ခနဲနစ်ဝင်သွားသည်။

"ဘာကိုမဖြစ်ရမှာလဲ လှမြင့်ရ"





ဟုခပ်ထန်ထန်မေးလိုက်သည်။ လှမြင့်မှာ ပေါက်ပြားရိုးကိုတင်းကျပ်စွာဆုပ်ထားရင်း တောင်တောင်မြောက်မြောက်ကို လှည့်ကြည့်လျက်ရှိသည်။ ဖက်ဝန်းကျင်တစ်ခုလုံး အမှောင်ကပုံးနေသည်။ ချုံနွယ်ပိတ်ပေါင်းတို့ကိုပင် ကောင်းစွာမမြင်ရ။ သို့သော်မြင့်တစ်ယောက်မှာ အကြောက်လွန်နေသကဲ့သို့ လက်များအဆက်ဆက် တုန်နေလျက်ရှိ၏။

"ဒီတစ်ခါ အတော်ထူးခြားတယ်ထင်တယ်"

"မင်းကလည်း ဘယ်လိုထူးခြားတယ်လို့ပြောချင်လို့လဲကွ။ မင်းအတွေ့အကြုံနည်းမှတ်လို့။ ဒီတစ်ခါဆို သုံးကြိမ်ပဲ။ သတ္တိက နည်းနည်းလွန်လှချည်လား"

မြေ၌နစ်နေသော ပေါက်ပြားကို ဆွဲမရင်း မြေပိုင်ခဲကိုဘားသို့ပက်နေရာမှ ပြောလိုက်သည်။ လှမြင့်ကမူ မိမိကို သတ္တိနည်းသည်ဟု အပြောခံလိုက်ရသဖြင့် အထိနာသွားပုံရသည်။ မျက်မှောင်ကြုတ်၍ တစ်ချက်ကြည့်နေရာမှ "ကိုးသချိုင်းမောင်ပိုင်းကလည်းဗျာ၊ ခင်ဗျားပြောလိုက်ရင် တစ်ဆုံးတစ်ဆချည်းပဲ။ ကျုပ်အကြောင်းလည်း ခင်ဗျားသိသားနဲ့။ လူလူချင်းဆို ဘာအရေးလဲ။ အခုဟာက နာနာဘာဝဗျ။ ဘယ်ကဘယ်လို ထွက်လာမှန်းမသိ" ဟုကြောက်သံပါပါဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုးသချိုင်းမောင်ပိုင်းကမူ မြေတွေတာရစပ် ပေါက်၍ပေါက်၍ ပယ်ထုတ်နေရာမှ တဟားဟားရယ်လိုက်သည်။ ထို့နောက် ရယ်မောသံဖြင့် ...

"သိပါတယ် ... သိပါတယ်ဗျာ။ မောင်ရင်လူသတ်ရဲတယ်၊ လူရိုက်ရဲတယ်ဆိုတာ သိတာပေါ့ကွာ။ ထောင်ထဲမှာရော ထောင်အပြင်မှာပါ နာမည်ကြီးပ်။ ဒါပေမယ့် တစ္ဆေသရဲတော့ မရိုက်ရဲဘူးမဟုတ်လား၊ ပြောပါဦး"

သူ့မြင့် အတော်ကြီး မခံချည့်မခံသာ ရှိသွားသည်။

သို့သော် ကိုးသချိုင်းမောင်းပိုင်းမှာ မိမိထက် ထက်သည်ကို သိထားသည်။ ထောင်ထဲတွင်နေစဉ်က ကိုးသချိုင်းမောင်ပိုင်း ထမင်းဘုတ်ကိုင် မားတင်မောင်နှင့် စကားများဖူးသည်။ မားတင်မောင်မှာ နှယ်နှယ်ရရမဟုတ်။ နာမည်ကြီးဓားသမား။ မည်သူမှ မတို့ရဲမထိရဲ မပြောရဲ။ လုံးထီးထမင်းယူရာမှ စကားစများကြသည်။ မားတင်မောင်က စထိုးသည်။ ကိုးသချိုင်းမောင်ပိုင်းကလည်း မခံ။ အပြန်အလှန် ထိုးကြသည်။ ဓားသမား မြေပေါ်သို့ ပိုးလိုးပက်လက် ကျသွားသည်။ ထမင်းဘုတ်တစ်ဖွဲ့လုံး ကိုးသချိုင်းမောင်ပိုင်းကို ဝိုင်းရိုက်သည်။ လေးငါးခြောက်ယောက်နှင့်ဖြစ်သည်။ ကိုးသချိုင်း မောင်ပိုင်းက တစ်ယောက်တည်း။ သို့သော် ကိုးသချိုင်းမောင်ပိုင်း





ရ။ ထိုလေးငါးခြောက်ယောက်သာ အကွဲကွဲအပြဲပြဲနှင့်။ အင်ချမ်ာ ကိုးသချိုင်းမောင်ပိုင်းကို တိုက်ပိတ်ခံသည်သာရှိသည်။ ဒီမျှသိ ကိုးသချိုင်းမောင်ပိုင်းက သတ္တိခဲတည်း။

"တစ္ဆေသရဲဆို တကယ်လည်း ကိုယ်ကမြင်နိုင်တဲ့အရာမှ မဟုတ်တာဗျ။ သူတို့က ကမ္ဘဇိဒ္ဓိရှိတဲ့တာပဲ။ သူတို့လုပ်ချင်သလို လုပ်သွားရင်ဒုက္ခ"

"တော်စမ်းပါလူမြင့်ရာ။ မင်းလျှောက်ပြောနေတာနဲ့ ငါတောင်ကျောချမ်းလာပြီ"

"ငါးဆယ်ကျပ်တန်ဖယောင်းတိုင်တို ကိုင်မြောက်ပြနော မိုကြိုင်လက်မှာ သိသိသာသာ တုန်ယင်နေတော့သည်။ ၏အကြောက်တရားသည် မိုကြိုင်ထံသို့ပင် ကူးစက်လာတန်

ထိုစဉ်မှာပင် ဘယ်အရပ်ဘယ်ဆီတွင် ပုန်းအောင်းနေမှန်းသာလေသည် ကခုန်စိုင်း၍ ပြေးထွက်လာသည်။ ခပ်ကြမ်းခပ်ရမ်းရမ်း မွှေ့တိုက်သွားသည်။

ထိန်ပင်ကြီးမှ ရွက်ခတ်သံများသည် တရှဲရှဲမြည်ဟီးသွားည်။ မိုကြိုင်လက်ထဲမှ ဖယောင်းတိုင်မှာလည်း ဟုတ်ခနဲငြိမ်းသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမှောင်သည် ပိုက်ကွန်ဖြင့် ပစ်အုပ်သလို သူတို့အနီး တစ်ဝိုက်လုံးမည်းမှောင်သွားတော့သည်။

"ဟော ..."

"ဟယ် ... ဗုဒ္ဓေါ ..."

သံပြိုင်နှစ်ခုသည် တစ်ပြိုင်တည်းထွက်ပေါ်လာ၏။ အလန့်တကြား လွှတ်ခနဲထွက်လာမှန်း သိသာလှန်းသည်။ သူ ဗိုကြိုင်နှင့်လှမြင့်ကို မကျေမနပ်ဖြစ်မိသည်။ သူရဲဘောနည်းရပုံမလားဟုလည်း စိတ်ထဲမှာ ထောင်းခနဲရှိသည်။

တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်ရင်း ...

"ဟယ် ... မင်းတို့နှစ်ယောက်တော့လား ငါ ပေါက်ပြားနဲ့ ထခုတ်မိတော့မယ်။ ယောကျ်ားဖြစ်ပြီး ဒီလောက်သတ္တိနည်းရသလား။ ဗိုကြိုင် မီးမြန်မြန်ထွန်းကွ။ အလုပ်တမတွင်ကျယ်ရတဲ့အထဲ ..."

ဗိုကြိုင်က ဖယောင်းတိုင်ကို ကမန်းကတန်း ပြန်ထွန်းသည်။

လှမြင့်က ...

"ကိုဝိုင်းကလည်းဗျာ၊ အမှတ်တမဲ့ဆိုတော့ ဖြစ်တတ်တာပေါ့။ ဗိုကြိုင်နှမဝမ်းကွဲ မလှသင်ပြောတာ ကိုဝိုင်းအကြားမဲလေ





ညနေဇီးနာရီ ခြောက်နာရီဆိုရင် ဒီသင်္ချိုင်းကုန်းကို ဘယ်သူမှမလာရဲတော့ဘူးဆိုပဲ။ အခင်မတန်ကြမ်းတာတဲ့။ ဒီရွာက ကြွက်နီဆိုတဲ့ နွားကျောင်းသားကလေး နွားပျောက်လို့ နေဝင်ရီတရောမှာ သင်္ချိုင်းထဲလာရှာတာ လန့်ပြီးသေသွားခဲ့ဖူးသတဲ့"

"အေ့တွေ အယူသီးမနေစမ်းပါနဲ့ လှမြင့်ရာ။ လူသေရင် ဘာဖြစ်တယ်မှတ်လဲ။ အပုပ်မခံဘူး။ မြေကြီးထဲမြှုပ်ပစ်တာပဲ။ နာနာဘာဝ ဝိနာဘာဝ အလကားစကားတွေကွ။ သေပြီးတဲ့နောက် ဝိညာဉ်ဆိုတာ ဘယ်သွားလို့ ဘယ်သွားရမှန်းတောင်သိမှာမဟုတ်ဘူး။ ဘယ်လိုလုပ်ပြီး တို့ကို လာခြောက်မှာတဲ့လဲ"

ကိုသင်္ချိုင်းမောင်ဝိုင်းက သူတတ်သလောက် မှတ်သလောက်ဖြင့် ဝါးစပ်ထဲတွေ့သလို ပြောချလိုက်သည်။ ထိုစဉ်တွင် ဗိုကြိုင်ထွန်းလို့ရသွားသဖြင့် သူတို့အနီးတစ်ဝိုက်မှာ လင်းဖြာသွားတော့သည်။ မီးထွန်းပြီးမှ ဗိုကြိုင်က စကားဝင်ပြောသည်။

"ယုံတာ၊ မယုံတာ အပထားပေါ့။ ဇို့နှမလှသင် ပြောဖူးတယ်။ ဒီသင်္ချိုင်းမှာ ထိပ်နီဆိုတဲ့ သဘက်ကြီးက တော်တော်ကြမ်းသတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုးသချိုင်းမောင်ပိုင်း စိတ်တိုသွားသည်။ မြေပုံပေါ်သို့ တံတွေးကို ထွီခနဲထွေးလိုက်ပြီးမှ ...

"တော်စမ်းပါ ဗိုကြိုင်ရာ၊ ထိပ်နီ၊ ထိပ်ကွက်တို့ဆိုတာ ငါမယုံဘူး။ ငါသုသာန်အတော်စုံခဲ့ပြီကွ။ ဘယ်သချိုင်း ရောက်ရောက် ဒီထိပ်နီတွေပဲ။ ဟိုသချိုင်းရောက်ရင်လည်း ဒီထိပ်နီတွေပဲ၊ ပေါလည်းပေါတဲ့ ထိပ်နီတွေ။ ကုန်ပဲ မကုန်နိုင်ဘူး။ သဘက်ကြီးထိပ်နီကိုကြောက်ရင် မောင်ပိုင်း တို့ ဒီအလုပ်တောင်မလုပ်စားတော့ဘူး။ ဒီမှာ ဗိုကြိုင် မင်းမြဲမြဲမှတ်ထား။ ငါ ကွင်းပိုင်ကြီးပဲကြောက်တယ်။ ကွင်း ပိုင်ကြီးမကျေနပ်မှာကိုဘဲ ပူတယ်။ ဒါကြောင့်လည်း ပူဇော် ပသခဲ့တာ မင်းတို့အမြင်ပဲ။ ဘာအနှောင့်အယှက်မှ မလာ နိုင်ဘူး။ မင်းတို့ စိတ်ချနေ။ ကဲ ... အချိန်သိပ်မရှိ ဘူး။ ဗိုကြိုင်မီးတိုင်ကို အသေအချာပြ။ အလုပ်လုပ်ကြ မယ်"

ဟုပြောရင်းပေါက်ပြားကို လေထဲမြှောက်တင်လိုက်၏။





(၂)

စင်စစ် ဒီသတင်းကို သယ်ဆောင်လာသူမှာ ဗိုကြိုင်ဖြစ်သည်။

ဗိုကြိုင်သည် သူ့နှမဝမ်းကွဲ မလှသင်တို့ရွာသို့ ကိစ္စ တစ်ခုနှင့်ရောက်သွားသည်။ နှစ်ရက်၊ သုံးရက်မျှကြာသွားသည်။ ထိုရက်အတွင်း၌ သူ့နှမ လှသင်ထံမှ မမျှော်လင့်သော သတင်းတစ်ခု ကြားရသည်။

သပြေကုန်းရွာလယ်တွင် နေထိုင်သော ဒေါ်ဆုံကြီးသည် ဒီရက်ပိုင်း၌ ကွယ်လွန်သွားကြောင်း၊ ပစ္စည်းဥစ္စာအသင့်အတင့်ရှိ ကြောင်း၊ ဒေါ်ဆုံကြီး၏ သားကြီးသမီးကြီးများကလည်း လယ်ပိုင်၊ ယာပိုင်၊ ချောင်းပိုင်နှင့် နေနိုင်ဟားနိုင်ကြောင်း၊ အငယ်ဆုံးသမီး မစံပယ်ပင် အိမ်ထောင်ရက်သား ကျပြီဖြစ်ကြောင်း၊ ဒေါ်ဆုံကြီးကွယ် လွန်သွားစဉ်က သမီးငယ်မစံပယ်မှာ မိခင်ကြီး၏လက်ဝတ်လက်



www.burmeseclassic.com

www.burmeseclassic.com



စားများကို မည်သူမျှမသိအောင် တိုးတိုးတိတ်တိတ် အခေါင်းထဲ ထည့်လိုက်သည်။ အနည်းဆုံးသုံးလေးကျပ်သားခန့်ပင်ရှိလိမ့်မည် ထင်ရကြောင်း၊ ထိုအကြောင်းများသည် ရွာထဲ၌တီးတိုးစကားဖြစ် နေကြောင်း သိလိုက်ရသည်။

ထိုသတင်းကြားလိုက်ရသောအခါ၌ ဖဲရှုံးထားသည်မှာ ပက်ပက်စက်စက်။ ဗိုးထောင်ထံမှ ငွေလှည့်ထားရသည်။ နှစ်သောင်း ဖြစ်သည်။ ဒီကောင်ငွေကို ပြန်မဆပ်လို့မဖြစ်။ ပြဿနာကောင်၊ လက်ရဲဇက်ရဲသမား။ ခုတော့ငွေရပေါက်လမ်းတွေ့ပြီ။

ထို့ကြောင့် နှမဝမ်းကွဲ လှသင်စကားနှင့်မလုံလောက်။ ရွာထဲမှာလည်း ကိုယ့်နည်းကိုယ့်တန် စုံစမ်းသည်။ ဒေါ်ဆုံကြီး အသုဘဖဲဝိုင်းသို့လည်း ရောက်သည်။ မယောင်မလည်နှင့် အခြေ အနေစနည်းနာသည်။

လှသင်စကား မှန်နိုင်လော..က်ပြီတည်း။

ချက်ချင်းပင် ဗိုကြိုင်ပြန်ခဲ့သည်။ ကိုးသချိုင်းမောင်ဝိုင်းနှင့် တွေ့သည်။ အကျိုးအကြောင်းရှင်းပြသည်။ ရွှေဘီး၊ စိုက်ဘီးနှင့် ပင်တစ်ကျပ်ခွဲသားရှိမည်ထင်ကြောင်းသိရသည်။ ယခုရွှေဈေးနှင့်ဆို ခြောက်သိန်းရှစ်သောင်းရှိနိုင်လောက်ကြောင်းတိုပါ ထည့်တွက်ပြသည်။





မောင်ဝိုင်းသည် ဗိုကြိုင်ပြောပြနေသမျှကို အာရုံစိုက်နား ထောင်နေ၏။ စိတ်ထဲမှာလည်း ချိန်ဆနေသည်။ ခေါင်းတဆတ်ဆတ် ညိတ်နေရာမှ တစ်ခွန်းမေးသည်။

"နေစမ်းပါဦး ဗိုကြိုင်ရ။ ဒီဒေါ်ဆုံကြီးဆိုတာက ပိုက်ဆံ လည်းရှိတယ်။ သားသမီးတွေလည်းရှိတယ်။ ဘာလို့ အုတ်ဂူတွေဘာတွေ မလုပ်ကြတာလဲ ..."

မေးသင့် မေးထိုက်သည့် စကား။ ဗိုကြိုင် ခပ်တွေတွေ သွားေ၏။ အတန်ကြာမှ ...

"ဒီလိုရှိတယ်ကွ။ ငါစုံစမ်းသိရှိရသလောက်ဆိုရင် ဒီဒေါ်ဆုံ ကြီးမှာသားသမီးတွေက အများသား။ ပြီးတော့ အိမ်ထောင် ခွဲတွေချည်း[illegible]။ အတူနေဆိုလို့ အထွေးဆုံးသမီးနဲ့ သား သမက်ပဲရှိတယ်လေ။ အဒေါ်ကြီးလည်း ဆုံးတယ်ကြားရော [illegible]ကြီး၊ သမီးကြီးတွေက တို့ရွာ၊ ဒီရွာကလာကြမှာ [illegible]ပဲ။ ဒီမှာ အတွင်းပစ္စည်းရဖို့ လာကြမှာပဲ။ အထွေးဆုံး သမီးရဲ့ယောကျ်ားတလူလည်ကွ။ အရက်သမားလည်း အရက်သမားလေ။ ဒီတော့ အစ်ကို အစ်မတွေမရောက်ခင် အားချင်း အခေါင်းသွင်းဘာသွင်းလုပ်တာတဲ့။ အဲဒီအဖြစ်ကို အရပ်က ပြောလို့မဆုံးကြဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပင် စကားကို ခေတ္တဖြတ်ထားသည်။ ဆေးလိပ်တို မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာနေသေးသည်။ မောင်ဝိုင်းက ဘာ ဝင်မပြော။ ဗိုလ်ကြိုင်ဆက်ပြောလာမည့် စကားကိုသာ နားစိုက်လျ ရှိသည်။ ဆေးလိပ်ကို အားပါးတရဖွာပြီးမှ ...

"အသုဘလည်း ချပြီးရော ညီအစ်ကိုမောင်နှမတေ ထသတ်မတတ်ဖြစ်ကြတာတဲ့။ သူတို့မိခင်ကြီးကို ဒီလို မြေမြှုပ်ရပ့်မလား။ အုတ်ဂူလေးဘာလေးမလုပ်ရကောင်းလေ ပေါ့ကွ။ သူစိမ်းတွေလည်းဖက်နေကြပြီမဟုတ်လား။ ပစ္စည် ဥစ္စာ အမွေရှိုးနိုး နေမှာပေါ့။ ငွေရေးကြေးရေးကျော ဘယ်သူကမှ တစ်ပြားတစ်ချပ်မှ မထုတ်ချင်ကြဘူး ကွာ ..."

"ဒါနဲ့ အငယ်မယောကျ်ားက ဘာပြောတယ်မှတ် အမေ့ကို ဂူမသွင်းချင်လို့မဟုတ်ဘူး။ အမေ့ရော ခုနစ်ရက်ထိ ထားလို့ရတဲ့ မသာမဟုတ်ပါဘူး။ ဒါကြော အားချင်းစီစဉ်ရတာ။ နောက်မှ အလောင်းပြန်ဖော်ပြီး အုတ်ဂူအကျအနသွင်းမယ်တဲ့။ အရိုးကျမှပေါ့ကွာ။ အငယ် ရဲ့ယောကျ်ား အောင်မင်းရဲ့အကြံကို အရပ်ကရိပ်မိနေတ ခေါင်းထဲကိုပစ္စည်းတွေ တိတ်တဆိတ်ထည့်လိုက်တ





ပြီးမှ အခေါင်းဖော်မယ်။ ပစ္စည်းတွေယူပြီးမှ သင့်သလို ဂူလုပ်မယ့်သဘောပဲကွ။ ညီအစ်ကိုမောင်နှမတွေလည်း စကားများ ရန်ဖြစ်ပြီး ပြန်တဲ့လူကပြန်တဲ့။ ရွာထဲမှာ ပြောစမှတ်ကြီးဖြစ်နေသတဲ့"... တဲ့

ဗိုလ်ကြိုင်က သူကြားသမျှ စကားကုန်ပြောပြလိုက်သည်။ မောင်ဝိုင်းက အပြန်အလှန်စဉ်းစားသည်။ မိသားစုအထဲတွင် ဒီလို ပြဿနာမျိုး ရှိတော့ရှိဖူးသည်။ အောင်မင်းလို အကွက်စေ့စေ့ အပိုင်လုပ်တာမျိုးတော့ ဒီတစ်ကြိမ်ပဲကြားဖူးသေးသည်။

ဖြစ်တော့ ဖြစ်နိုင်ပါသည်။ အခေါင်းထဲသို့ ရွှေတွေ၊ ငွေတွေ တိတ်တဆိတ် ထည့်ထားလိုက်ခြင်းဖြင့် ဆွေမျိုးညာတိကာများ မရိပ်မိနိုင်၊ လက်ဝယ်လည်း မတွေ့နိုင်၊ ယုန်ထင်ကြောင်ထင်လည်း မဖြစ်နိုင်တော့ပေ။ ဆေးဖိုးဝါးခနှင့်ကုန်ပြီဟု ဆင်ခြင်ပေးနိုင်သည်။

အောင်မင်းအကြံ မဆိုး။ သူ့အကြံကို ကိုယ်ကဦးမှ အကြံတူ နောက်လူသာစမြဲတူသော စကားပုံရှိသည်။ လက်နှေးလို့ မဖြစ်တော့ကြောင်း မောင်ဝိုင်းနားလည်သည်။ ထို့ကြောင့် ခပ်နွေး နွေးသာရှိတော့သည် ရေနွေးကြမ်းပန်းကန်ကို တစ်ချက်တည်း မော့သောက်လိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"တို့မနက်ဖြန်ညမှာ အလုပ်စကြရအောင်။ လှမြင့်ကိုပါ ပြောလိုက်။ ပေါက်တူး ပေါက်ပြား၊ ဝေါပြားနဲ့ သံတူရွင်း တို့အားလုံး အဆင်သင့်လုပ်ထားလို့နော်"





(၃)

မိုးသည် လျှပ်လက်ခိုက်တွင်သာ လင်းလိုက်ပြီးနောက် မှောင်နှင့်မည်းမည်းရှိ၏။ မိုးချုန်းသံ မိုးထစ်သံ လုံးဝထွက်ပေါ်မလာ။ လျှပ်ပြက်စဉ် မြင်လိုက်ရသော အလင်းစက်များသည်ပင် ခြောက် ခြောက်သွေ့သွေ့။

သူတို့သုံးယောက်မှာမူ ဘာကိုမျှ သတိမထားနိုင်တော့ပါ။ အချိန်ကိုလု၍ လုပ်နေရသည်။ ဇောင်ဝိုင်းက ခြောက်ပေသုံးပေခန့် ရှိသော မြေပုံ၏မြေသားများကို ပေါက်ပြားဖြင့် ပေါက်၍ပေါက်၍ ပေးသည်။ လှမြင့်နှင့်မိုကြိုင်တို့က ထိုမြေသားများကို ဝေါပြားနှင့် ထိုးကော်ကာ ဘေးတစ်ဖက်စီကို ပက်တင်ကြရသည်။ တစ်ယောက် တစ်လှည့်စီ မြေမှုန်းကော်ကော်တင်လိုက်ရာ ပေါက်လယ်တိုင်အောင် နက်လာသည်။ တွင်းမှာ နက်လာသည်နှင့်အမျှ မြေသားမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



စီးထန်းထန်းရှိလာသည်ကို တွေ့ရသည်။ ရှုံ့စေးပစ်ခဲခဲကို ထိုးကော
နေရသည်။ သုံးယောက်သား ချွေးပြိုက်ပြိုက်ကျသည်အထိ ခရီးကာ
မတွင်ကျယ်။

"တောက် ... ဒီတစ်ခါလောက် ပင်ပန်းတာမရှိတော့
ဘူး"

တောက်တစ်ချက်ခေါက်ရင်း မိုးကြိုင်က ညည်းသံဖြင့်ပြော
"အေးကွ ရေစွတ်ဖက်နဲ့။ ရှုံ့လည်း စေးပိုင်နေတာပဲ
ထိုးရကော်ရတာ မသက်သာလှဘူး။ အောက်မှာ ရေ
ဝင်နေသလားမသိဘူး"တုလှမြင့်က ထင်မြင်ချက်ပေး
မောင်ဝိုင်းက တွင်းနှုတ်ခမ်းတွင် ထိုင်ရင်းဆေးလိပ်
အားပါးတရ ဖွာနေသည်။ ဆေးလိပ်ဖွာလိုက်၊ လှမြင့်၏ထင်မြင်ချက်
ကို စဉ်းစားလိုက်နှင့်ရှိသည်။ ထိုစကားမှာ ဖြစ်နိုင်ချေရှိ၏။

ယခုပင် မြေပုံမှာ ခါးစောင်းသာသာရှိခဲ့ပြီ။ အလောင်
တစ်လောင်းခေါင်းတစ်ခု မြုပ်သည်မှာ ဒီလောက် တွင်းနက်
မလိုပေ။ တော်သင့်ရုံသာဖြစ်သည်။ ခွေးတို့ဘာတို့ယက်လျှင်
မပေါ်နိုင်အောင်သာ ကျင်းတူးကြသည်ကများသည်။

ယခု ကျင်းက ထင်တာထက် ပိုနက်သည်။ ထိုနေရာတွင်
မိုးကြိုင်၏သတင်းစကားကိုပါ ဖြည့်စွက်တွေးနိုင်သည်။ ဒေါ်ဆုံကြီး





င်းထဲ၌ရွှေငွေများ ထည့်ထားသည်မှာ လွန်စွာဖြစ်နိုင်ချေရှိသည်
။ ထို့ကြောင့် ကျင်းကို နက်နိုင်သမျှ နက်နက်တူးသည်ဟု
တော်တော်နှင့်တူးဖော်လို့မရနိုင်အောင် အကွက်ချ စီမံပုံရသည်။
ပြင် ချောင်းစပ်နှင့်နီးသဖြင့် ရေဝင်နိုင်သည်။ စိမ့်ဝင်ရေသည်
နှစ်ဖြစ်ကာ တူးရခက်လိမ့်မည်။ ပျဉ်းတွဲတွဲရှိလိမ့်မည်။ ဒီ
ကြီးအစည်ဖြင့် အောင်မင်းလုပ်ခဲ့သည်မှာ ထင်ရှား၏။ မောင်ဝိုင်း
ကျနပ်စွာ ပြုံးမိသည်။

လက်ဖျောက်တစ်ချက်တီးလိုက်ရင်း ...

"ကျင်းနက်တာ မနက်တာ တို့အလုပ်မဟုတ်ဘူး။ တို့
အလုပ်က အခေါင်းမြန်မြန်ဖော်ဖို့၊ ပစ္စည်းမြန်မြန်ယူပြီး
ဒီသုသာန်က စောစောထွက်သွားနိုင်ဖို့ပဲ။ ကဲ ... မိုးကြိုင်
ရေ၊ မြန်မြန်ကော်ကွာ"

မြန်မြန်ကော်ကွာတုဆိုသော်လည်း ခရီးကမတွင်။ ဇေါ်ပြား
ထိုးလိုက်တိုင်း စေးထန်းထန်းကြီးက တင်းခံနေ၏။ ရှုံ့စေး
စွက်ပက်တွေက ဇေါ်ထိုးမရအောင်ရှိသည်။ ရေစွက်ပက်နှင့်
စ်တွေကို စိတ်ရှည်ရှည်ထားကာ ထိုးကော်နေရသည်။ တစ်ကော်
ည့်တပြည့်ကော်၍ ကျင်းနှုတ်ခမ်းပေါ်သို့ ပက်ပက်တင်နေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ခါးကုန်း၍ ကော်နေရသဖြင့် ခါးကလည်းမသက်သာ၊ လက်မောင်းလက်ဖျံတွေပင် ကိုက်တက်လာသည်။ နဖူးမှာ ချွေးဒီးဒီး ကျနေပေပြီ။ မျက်လုံးထဲပင် ဝင်လာသဖြင့် စပ်ဖျဉ်းဖျဉ်းရှိလှသည်

ဆံပင်ရှည်များကလည်း ချွေးဖြင့်နစ်နေသဖြင့် မျက်နှာပြင် နေရာအနှံ့ ကပ်လိုကပ်၊ တွယ်လိုတွယ်ဖြစ်နေသည်။ တချို့မျက်လုံး ထဲဝင်သည်။ တချို့ပါးစပ်ထဲဝင်သည်။ ခေါ်ကျိုကျိုအရသာက ရင်ထဲ မှာပင် ပျို့တက်လာသလိုရှိ၏။

ဗိုကြိုင်သည် မောကြီးပန်းကြီးပင် ဂေါ်ကို ကျင်းနှုတ်ခမ်း ပေါ်သို့ ပစ်တင်လိုက်ပြီး ...

"ဗိုး ...၊ ဒီလောက်အပွဲပွဲခွဲလာတာ ဒီတစ်ခါလောက် ပင်ပန်းတာမရှိတော့ဘူး။ ချီး ... လူမြင့် မင်းတစ်လှည့် ဆင်းဦးကွာ။ ငါတော့မောပြီ"

"... ပဲ။ ဂေါ်ကလေး သုံးလေးဂေါ်ပဲထိုးရသေးတယ်။ မောတယ်လေးဘာလေးနဲ့။ ဂေါ်ပြားနဲ့ထတုမိတော့မယ်။ သူခိုးတာ သူခိုးပဲ လုပ်စားနေတာကောင်းတယ်။ လက် ကြောမှမတင်းတာ"

ဟုအပြစ်တင်လိုက်သည်။ ဗိုကြိုင် မခံချိမခံသာဖြစ်သွား၏။ အံတစ်ချက်တင်းလိုက်ပြီးမှ ... မင်းက သူများဆိုရင် သိပ်ချိုးချိုး





ဒဲ့ဒဲ့ပြောချင်နေတာပဲ။ မင်းတို့ ခါးပိုက်နှိုက်ဆိုတာ တစ်ယောက် တည်းပဲ ချွန်ပိုက်တာမတွေ့ဘူးကွ။ အုပ်စုနဲ့ပါကွာ။ ငါတို့ရဲ့ သူခိုးဆိုတာက တစ်ယောက်တည်းရယ်။ မင်းသဘောပေါက်ပါ တယ်နော်ဟု မချေမငံပြောသည်။

အလုပ်မဖြစ်သေးခင်မှာ သူတို့နှစ်ယောက် အချေအတင် စကားများနေကြပေပြီ။ မောင်ပိုင်းမှာ စိတ်မရှည်နိုင်တော့ဘဲ ပေါက် ပြားကိုဆွဲယူလျက် "မင်းတို့နှစ်ယောက်ကလည်း စကားများနေ ကြတာပဲ"ဟုမာန်၍ ကျင်းထဲသို့ဆင်းသည်။ မြောက်ပေသုံးပေ ခန့်အကျယ်တွင် လှည့်ကာလှည့်ကာ ပေါက်ပြားနှင့်ပေါက်လိုက် မြေသားတွေဖယ်ထုတ်လိုက်လုပ်နေသည်။ ရွှံ့ရေများထွက်လာသော အခါ၌ ဂေါ်ပြားနှင့်ကော်၍ ဖက်ထုတ်သည်။ အတန်ကြာလျှင် ဂေါ်ပြားနှင့် အခေါင်းထိခတ်သံကြားလိုက်ရသည်။

ရေတစွတ်စွတ်တွင် ဒုတ်ခနဲ ဒုတ်ခနဲ ကြားလိုက်ရသောအခါ ၌ ...

"ဟော့ ... အခေါင်းတော့ ပေါ်လာပြီ"

"ရေထဲနစ်နေတာကွ၊ အခေါင်းကို ဘယ်လိုဆွဲတင်မလဲ"ဟု ဗိုကြိုင်ကမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ် ဖြစ်တဲ့နည်းနဲ့တော့ မတင်ရမှာပေါ့။ အလုပ်ဖြင့် မလုပ်ရသေးဘူး။ မင်းက မဖြစ်တာဘဲစဉ်းစားတယ်"

စောစောက စကားအချေအတင်ဖြစ်တာကို လှမြင့် ကျေနပ်ပုံမရသေး။ အတွက်ဆိုက်သည်နှင့် စကားနာထိုးသည်။ ဗိုကြိုင်ကလည်း ခေါင်းငုံ့မခံ။ မင်းဘကြီးထဲမှာပဲ ... မင်းအတွေးအခေါ်က ဒီလောက်ညံ့သလား။ တို့သုံးယောက်ထဲ ဒီအခေါင်းကြီးကို ဆွဲမရမှာတွ။ ပြီးတော့ အခေါင်းထဲရေတွေဝင်ချင်ဝင်နေမှာ။ အင်း ... ရေဝင်နေမှာတော့ သေချာတယ်၊ နိုင်မလားတု ကိုးကပ်ချေပသည်။ မောင်ဝိုင်းက လက်ကာပြ၍ ...

"ကဲ ... တော်ကြတော့၊ မင်းတို့ စကားများနေလို့ ဘာအလုပ်မှဖြစ်မှာမဟုတ်ဘူး။ အခေါင်းကို ကျင်းပေါ် မတင်နေစရာလည်းမလိုဘူး။ အခေါင်းအဖုံးကိုသာ ရအောင်ဖွင့်မပေတော့"

"ရေထဲမြုပ်နေတာ လွယ်ပါ့မလား"

လှမြင့်၏ စောဒကတက်သည့်အဆုံးတွင် မောင်ဝိုင်းက...

"ဒီလိုပဲ မရရအောင် ကြံဖန်ဖွင့်ရမှာပဲ လှမြင့်ရေ၊ သံတူရွင်းနဲ့ ထိုးတက်ကော်ဖွင့်ရမှာပေါ့။ ကိုင်း လုပ်ကြပေတော့"





"ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ လုပ်ရမှာ မလွယ်လိုက်တာ" တု ဗိုကြိုင်ညည်း၏။

"တော့ ... ဗိုကြိုင်၊ လောကမှာ လွယ်တဲ့အလုပ်ဆိုတာ ဘယ်တာမှမရှိဘူး။ အားလုံးခက်ခက်ခဲခဲနဲ့ ကျော်ဖြတ်ရတာပဲ။ မင်းတို့ လုပ်မလား၊ မလုပ်ဖူးလား။ ဒါပဲပြော"

မောင်ဝိုင်း စိတ်တိုသွားမှန်း သူတို့သိလိုက်သည်။ နှစ်ယောက်သား ကျင်းထဲဆင်းလိုက်သည်။ ခြေမျက်စိခန့်နစ်နေသော ရေထဲတွင် တိုစမ်းဒီစမ်းလုပ်နေသည်။ အပုပ်နံ့ကြီးက ထောင်းခနဲ ထောင်းခနဲ ထွက်လာသည်။ ပိုး့အန်ချင်လာသည်။ ကျင်းထိပ်တွင် ထောက်ကြည့်နေသော မောင်ဝိုင်းကိုလန့်သဖြင့် အပေါ် ပြန်တက်ရဲ။

နာရီဝက်ခန့်အကြာတွင် ခေါင်းအဖုံးမှာ လုံးဝပွင့်သွားသည်။ ခေါင်း၏အဖုံးကို ကျင်းပေါ်သို့ ဆွဲတင်လိုက်သည်။ သို့သော် အခေါင်းမှာမူ လုံးဝမပေါ်။ ရွှံ့ရေထဲ၌ နစ်နေသည်။ သေဆုံးသူ၏ဆုံကြီးပင်လျှင် ရေထဲ၌နစ်မြုပ်နစ်နေသည်။

"ကဲ ... မင်းတို့ အပေါ်တက်ကြ။ ငါဆင်းမယ်"

မောင်ဝိုင်း အမိန့်ပေးသည်။ သူတို့နှစ်ယောက် ကမန်းကတန်းတက်လာ၏။ ဘယ်လိုလုပ်ကြမလဲ ကိုဝိုင်းတု လှမြင့်က



www.burmeseclassic.com

www.burmeseclassic.com



မေးသည်။ ခေါင်းတစ်ခုလုံး ရေထဲ၌ နစ်မြုပ်နေသဖြင့် ပစ္စည်းဝစ္စယ ဘယ်လိုရှာမလဲဟူသော အဓိပ္ပါယ်ဖြင့် မေးသည်တု မောင်ဝိုင်း နားလည်သည်။ ပါးစပ်နှင့်နှာခေါင်းကို အုပ်မိရုံမျှ စွပ်ကျယ်ဖြင့် ချည်နှောင်ရင်း ပြောသည်။

"ခေါင်းထဲနှိုက်ပြီး စမ်းရမှာပေါ့ကွာ"

ပြောပြောဆိုဆိုပင် ကျင်းထဲသို့ဆင်းသွား၏။ ထို့နောက် ရေကထဲ၌နစ်နေသောခေါင်းကို ခွ၍ရပ်သည်။ ထို့နောက် ခါးကိုင်း၍ လက်နှစ်ဖက်ဖြင့် ရေထဲသို့ ပယ်ပယ်နယ်နယ်နှိုက်လိုက်သည်။ ရွှံ့နှစ်ရောင်ထနေသောရေထဲတွင် တိုစမ်းဒိစမ်းလုပ်နေသည်။ အပုပ်နံ့က ခပ်လှိုင်လှိုင်ထွက်နေသည်။

"ဟာကွာ ... နုန်းတွေအခေါင်းထဲရောက်နေတာကိုး အလောင်းတော့ နုန်းနဲ့ဖုံးနေတာပဲ၊ မနည်းကြိုးစားရှာ ရမှာပဲ"ပြောလည်းပြော၊ စမ်းလည်းစမ်း လုပ်နေသည်။ လှမြင့်ကမေးသည်။

"ကိုသချိုင်းရေ၊ အလောင်းက သိပ်မပုပ်သေးဘူးမဟုတ်လား" သူက စိတ်မရှည်သောလေသံဖြင့် ...

"ဘာလဲ လှမြင့်။ မင်းက ရုပ်တိုကြည့်ပြီး ပိုးချင်ပန်း ချင်ပုံရတယ်"





"တာ့ချာ ... ကိုသချိုင်းကတော့ လုပ်ချလိုက်ပြန် ပါပြီ။ ဒီအမယ်ကြီးကို ငါက ပိုးပန်းရမှာလားကွ"

ဗိုကြိုင်က တခစ်ခစ်ရယ်သည်။ ပြီးတော့ "မင်းက အမယ် ကြီးကောဘာကော အလွတ်ပေးတဲ့အကောင်မို့လား"တု စကား ထောက်သည်။ စကားအဆုံးတွင် လှမြင့်က ...

"ခွေးမသား။ အဲ့ဒါကြောင့်မို့ မင်းနဲ့ငါနဲ့ မတည့်တာ" ဟုဆိုသည်။

ထိုအချိန်တွင် မောင်ဝိုင်းသည် ပစ္စည်းတစ်ခုကို စမ်းမိ သွားသည်။ ခပ်ပြားပြားရှိသည်။ ခွေးသွားစိတ်ကဲ့သို့ စွယ်ကလေး ကိုလည်း စမ်းသပ်တွေ့ရှိသည်။ အနောက်ဘက်ကိုလည်း ပွတ် ကြည့်လိုက်မိသည်။ ဘီးနှင့်တူသည်ဟုထင်သည်။

ဗိုကြိုင်က မောင်ဝိုင်းကိုင်တွယ်စမ်းသပ်နေပုံကိုကြည့်၍...

"သူငယ်ချင်း မင်းဘာတွေ စမ်းမိလို့လဲ"

"စမ်းတော့ စမ်းမိတာပဲကွ။ ဒါပေမယ့် ဘာရယ်လို့ ပြောရခက်နေတယ်။ အကြွမ်းဖြစ်မလား၊ အချောဖြစ်မလား မဝေခွဲနိုင်သေးဘူး"

မောင်ဝိုင်းစကားကြောင့် ဗိုကြိုင်ရော လှမြင့်ပါ ရှေ့သို့တိုး လာသည်။ မျက်လုံးများပင် ဖယောင်းတိုင်မီးရောင်ဖြင့် တောက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ စောစောက ကြောက်လန့်ခဲ့သည့် အကြောက်တရား များပင် ဘယ်သို့ရောက်သွားမှန်းမသိ။ အခြေအတင် စကားများ ခဲ့သည်ကိုပင် သတိမရ။ လောဘဇောဖြင့် နှစ်ယောက်စလုံး သံပြိုင် ထွက်လာကြသည်။

"ချောလိုက်စမ်းပါ၊ ချောလိုက်စမ်းပါ ..."

"သူငယ်ချင်းရယ် ချောလိုက်ပါ။ ချောလိုက်စမ်းပါကွာ"

ထိုစကားမှာ သူတို့လောဘသားများ၏ အထာစကား ဖြစ်သည်။ ရွှေမစစ်လျှင် (သို့မဟုတ်) အတုဖြစ်လျှင် ပွတ်သပ်ကြည့် ရုံမျှနှင့်ပင် အနည်းငယ်ကြမ်းသည်ဟုဆိုသည်။ ရွှေစစ်လျှင် ပွတ်သပ် ကြည့်ပါက အလွန်ချောမွေ့နေသည်ဟု သိရသည်။

ထို့ကြောင့် မောင်ပိုင်းက အချောလား၊ အကြမ်းလား မဝေခွဲနိုင်သေးဟု ပြောလိုက်သည့်အခါ၌ နှစ်ယောက်စလုံးကပင် ချောလိုက်စမ်းပါဟူ၍ အော်လိုက်ခြင်းဖြစ်သည်။

မောင်ပိုင်းသည် စမ်း၍တွေ့ရှိသမျှပစ္စည်းအားလုံးကို ခါးပုံ အတွင်းသို့ ထည့်ကာသိမ်းထားသည်။ နာရီဝက်ကျော်ကျော် စိတ်တိုင်းကျရှာဖွေပြီးမှ တွင်းဘောင်ပေါ်သို့ တက်လာသည်။

ထို့နောက် မောင်ပိုင်းက သူတို့နှစ်ယောက်ကိုကြည့်ကာ...

"ကဲ ... မင်းတို့နှစ်ယောက် အခေါင်းဖုံးပြန်ချပြီး မြေ





တွေဖို့လိုက်တော့။ မြေရာလက်ရာမပျက်ရုံပေါ့ကွာ။ ငါ ချောင်းထဲဆင်းပြီး ကိုယ်လက်သန့်ရှင်းလိုက်ဦးမယ်" ဟုပြောပြီး ချောင်းဆီသို့ ခပ်သုပ်သုပ်ကလေးဆင်းသွားတော့သည်။ ထိုစဉ်မှာပင် အချိန်သည် ချိန်ကိုက်ထားသလိုရှိ၏။ ရွာဦးဆီမှ ငင်းကြက်တွန်သံကို ကြားလိုက်ရတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ကိုးသချိုင်းမောင်ဝိုင်းနှင့် ကွင်းပိုင်ကြီး တွေ့ကြပြီ

အလင်းသည် ပီပီမချုပ်တချုပ်မျှသာရှိသည်။

လမိုက်ရက်ဖြစ်သော်လည်း ကြယ်စင်များသည် တိုတစ်လုံး ဒီတစ်လုံးထွက်ပြူနေသည်ကို တွေ့ရတတ်၏။ ကြယ်တို့၏အလင်း မှိတ်တုတ်မှိတ်တုတ်ကြောင့် မှုန်ပျပျဖြစ်နေတန်ရှိသည်။ ထိုသို့မဟုတ် ပါက အမှောင်ကသာ လုံးဝဝါးမျိုသွားမှာ အသချာသည်။

အမှောင်က မပီဝိုးတဝါးရှိနေသည့်အထဲ လေကလည်း ကြမ်းတစ်လှည့် ရှမ်းတစ်လှည့်ရှိနေလိုက်သေး၏။ တစ်ခါတစ်ရံ ဘယ်အရပ်ဒေသတွင် ပြေးဝင်ပုန်းသွားသည်မသိ။ ကိုယ်ဖျောက် သွားတတ်သည်။ တစ်ခါတစ်ရံ၌ လေချွန်သကဲ့သို့ တရှီရှီမြည်ကာ ခုန်ပေါက်ပြေးလွှားတတ်သည်။ တစ်ခါတစ်ရံ၌ တောရိုင်းတိရစ္ဆာန် ကြီးတစ်ကောင်ကဲ့သို့ ဒေါသတကြီး ဟော့ရမ်းသွားတတ်သည်။





တစ်ခါတစ်ရံ၌ အပျိုမလေးတစ်ယောက်ကဲ့သို့ သိမ်သိမ်မွေ့မွေ့ ယဉ်ကျေးနေတတ်ပြန်သည်။

မည်သို့ပင်ဖြစ်စေ၊ လှည်းလမ်းမဘေးရှိ ဇရပ်အိုနှင့် ညောင် ပင်ကြီးမှာ လေ၏အဟုန်ကြောင့် သရဲတစ္ဆေတစ်ကောင်က လက်ကြမ်း ကြီးဖြင့် ဆွဲကိုင်မွှေ့ရမ်းလိုက်သည့်အလား ထင်မှတ်လိုက်ရ၏။ ညောင်ရွက်များ၊ အကိုင်းအခက်များ အချင်းချင်းရိုက်ခတ်သံသည် တဖျောဖျောတဖြောင်းဖြောင်း မြည်တမ်းသွားသည်။ ဇရပ်အို၏ သွပ်အမိုးကိုလည်း သဘက်တစ်ကောင်လက်ဖြင့် ဖွတ်သပ်ဘိ သကဲ့သို့ ရှဲရှဲမြည်သံမှာ ကျောထဲ စိမ့်ခနဲဖြစ်သွားရပေသည်။

ထို့ထက် ကြမ်းတမ်းလာသောအခါ၌ သံကျွတ်၍ အမိုး လန်နေကြသောသွပ်ချပ်များသည် တဝုန်းဝုန်း တဒိုင်းဒိုင်း ခုန်ပေါက် မြည်တိန်းနေသည်။ တော်ရုံတန်ရုံသတ္တိရှိသူအဖို့ပင် ဤဇရပ်အိုကြီး အတွင်းသို့လာရောက်ရန် စဉ်းပင်စဉ်းစားဝံ့မည်မဟုတ်။

ဤဇရပ်အိုကြီးနှင့် ဤညောင်ပင်ကြီးသည် အထိက ဖြစ်သည်။ ရာဇဝင်ရှိသည်။ တစ်ရံရောအခါက ဤညောင်ပင်တောရွှာ ကြီးအတွင်း၌ မောင်ပျိုကြီးဆိုသော လူငယ်တစ်ဦး ရှိခဲ့ဖူးသည်ဆို၏ အဲဒီမောင်ပျိုကြီး၌ မိဘများမရှိ။ သူငယ်စဉ်ကပင် မိဘနှစ်ပါးသည် ကာလဝမ်းရောဂါဖြင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည်



www.burmeseclassic.com

www.burmeseclassic.com



ထိုမှစ၍ မောင်ပို့ကြီးခမျာမှာ တစ်ကောင်ကြွက်ဘဝသို့ ရောက်ခဲ့ရှာသည်။

မောင်ပို့ကြီးငယ်စဉ်က ရပ်ထဲရွာထဲရှိလူတွေက ခိုင်းသမျှ စေသမျှ လုပ်ကိုင်ပေးရသည်။ ထိုသူတို့ပေးသမျှ ကျွေးသမျှ စားရ ဝတ်ရသည်။ ဒီလိုနှင့် ကြီးကောင်ဝင်လာသည်။ အရွယ်ကလည်း လူပျိုဝင်စဖြစ်လာသဖြင့် သူကြီးဦးဖိုးထယ် မျက်စိကျလာသည်။ သူကြီးကတော်ဒေါ်သန်းညွန့်နှင့်တိုင်ပင်ကာ အိမ်၌ ခေါ်ထားလိုက်သည်။ အိမ်ကိစ္စ၊ နွားခြံကိစ္စ၊ လယ်တောကိစ္စမှန်သမျှကို မောင်ပို့ကြီးလုပ်ရသည်။

ထိုသို့ ခိုင်းချင်တိုင်းခိုင်း၊ စေချင်တိုင်းစေရသော်လည်း မောင်ပို့ကြီးအတွက် ငွေကြေးဟူ၍လည်းကောင်း၊ အဖိုးအခဟူ၍လည်းကောင်း တစ်ပြားတစ်ချပ်မှ ပေးစရာမလို။ ခပါးပေးစရာ ငွေပေးစရာမလိုသဖြင့် မောင်ပို့ကြီး၏ လုပ်ခမှန်သမျှ သူတို့အိတ်ထဲသို့ သပိတ်ဝင်အိတ်ဝင်ရောက်လာသည်။ မောင်ပို့ကြီးအား အိပ်စရာဆိုလျှင် ကျောတစ်ခင်းစာနေရာနှင့် တော်စွလျော်စွ၊ စားစရာ ပေးထားခြင်းအားဖြင့် လုံလောက်နေပြီ။

ထိုကဲ့သို့ အကွက်မြင်မြင်၊ ဇယားထင်ထင်ဖြင့် သူကြီးဖိုးထယ်နှင့် သူကြီးကတော် ဒေါ်သန်းညွန့်တို့က စီစဉ်ခဲ့ကြသည်





သို့သော် သူတို့ လုံးဝမထင်မှတ်ခဲ့ကြသော ကိစ္စတစ်ရပ်က ပေါ်ပေါက်ခဲ့သည်ဟုဆို၏။

သူတို့၏ တစ်ဦးတည်းဖြစ်သော သမီးကလေးမနှင်းပိုနှင့် မောင်ပို့ကြီးတို့မှာ လူငယ်ဘာဝ ရည်ငံသွားကြသည်။

အချစ်ဆိုသည်မှာ မျက်စိမရှိဟူသောစကားနှင့်အညီ ရွာ၏ ဘွမ်းတောင်ကိုဝ်မနှင်းပိုသည် စာမတတ် ပေမတတ်၊ သူများခိုင်းဖတ်ဖြစ်နေသော မောင်ပို့ကြီးအား အစွဲအလမ်းချစ်မိလေပြီ။ နှစ်ယောက်စလုံးပင် အရွှးကို အမဲသားကျွေးမိသလို မိုးမမြင်လေမမြင် ဖြစ်မိကြ၏။

ဒီလိုနှင့် သူကြီးနှင့် သူကြီးကတော်သိသွား၏။ မောင်ပို့ကြီးကို သူကြီး၏ တပည့်တပန်းများက ကောင်းကောင်းကြီး နှိပ်စက်သည်။ တန်သလား တူသလားဆိုပြီး ထုထောင်းကြသည်။ အနှုလက်နဲ့ရွှေခွက်နိုက်သည်တုဆိုကာ ကန်ကျောက်သည်။ အားရ တျှနပ်လောက်အောင် နှိပ်စက်ပြီးမှ အိမ်ကနှင်ချလိုက်သည်။

မောင်ပို့ကြီးမှာ ပြေးစရာကလည်း မြေမရှိ၊ စားစရာကလည်း ငွေမရှိ ဖြစ်ရတော့သည်။ ထို့ပြင် သနားကြင်နာတတ်သော ရပ်သူရွာသားများကလည်း မောင်ပို့ကြီးကို ခေါ်မထားရဲ၊ သူကြီးနှင့် သူကြီးကတော်ပြုပြင်မှာကို ကြောက်ရသေးသည်။ မြောက်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ပင့်ကော်လုပ်သည်တု စွပ်စွဲမှာကိုလန့်သည်။ မသိမသာနေလိုက်သည်ကမှ အန္တရာယ်ကင်းသည်ဟုဆိုကာ အားလုံးကပင် မျက်နှာလွှဲနေလိုက်ကြ၏။

ခမျာမောင်ပိုကြီးမှာ နေထိုင်စရာမရှိသည့်အဆုံး၌ ဇာ်ဇရပ်ကြီးထဲသို့ ခိုဝင်ခဲ့ရသည်။ အရူးတစ်ပိုင်းဖြစ်နေရှာသော မောင်ပိုကြီးမှာ နေ့အခါ၌ ရွာစဉ်လှည့်ကာ တောင်းရမ်းစား၏။ ညအခါ၌သာ ဇာ်ဇရပ်သို့ ကပ်ပံ့သည်။ ချစ်သူရှိသော အရပ်မှာလည်း မစွန့်ခွာလိုပုံရသည်။ ဤသို့ဖြင့် ခြောက်လခန့်ကြာလျှင် မောင်ပိုကြီးမှာ ကွယ်လွန်သွားရှာသည်။

ကွယ်လွန်သွားသည်မှာလည်း သေးရိုးသားရိုးတော့ တုတ်တန်မတူ။ ဒဏ်ရာဒဏ်ချက်ဖြင့် သေဆုံးနေခြင်းဖြစ်သည်။ တချို့ကတော့ တိုးတိုးတိတ်တိတ်ဝေဖန်၏။

မောင်ပိုကြီးသေဆုံးရသည်မှာ သူကြီးနှင့် သူကြီး၏တပည့်များလက်ချက်တု မည်သူမျှ ပေါ်ပေါ်တင်တင် မပြောရဲသဖြင့် မောင်ပိုကြီးခမျာမှာ ခွေးသေဝက်သေဘဝဖြင့် နိဂုံးချုပ်သွားရရှာတော့သည်။

သို့သော်လည်း အတုသိုလ်ကံသည် ဒီအတိုင်းမနေ။ သူတို့၏ချစ်ခင်ငြိုးသော သမီးကလေးမနှင်းပို၌ တိုယ်ဝန်ရှိ နေပေပြီ။





သခုအခါ၌ မနှင်းပိုသည် မောင်ပိုကြီး၏ ရင်သွေးကလေးကို လွယ်ပိုးထားရသည်။

အပျိုဗိုက်မို့ မသိသာသဖြင့် မိဘများ မရိပ်မိကြပေ။ သို့ပေသည့် မနှင်းပိုကလေးအဖို့မူ ညအိပ်ရာဝင်တိုင်း မျက်ရည်နှင့် မျက်ခွက်ဖြစ်နေခဲ့သည်။

တစ်ညတွင် မနှင်းပို စိတ်ကို ယတိပြတ်ဆုံးဖြတ်သည်။ ဆုံးဖြတ်သည့်အတိုင်း မနှင်းပိုသည် ရွာနှင့်အတော်ဝေးသော ဇရပ်ကြီးဆီသို့ လာသည်။ မောင်ပိုကြီးနောက်ဆုံးခေါင်းချသွားသည့် ဇရပ်ထဲသို့ဝင်သည်။ ထိုဇရပ်မှာပင် မနှင်းပိုဇာတ်သိမ်းခဲ့ရှာသည်။

ထိုအချိန်မှစ၍ ဇာ်ဇရပ်ကြီးသည် နာမည်ထွက်လာသည်။ မောင်ပိုကြီးနှင့်မနှင်းပိုတို့သည် တစ္ဆေဖြစ်နေသလိုလို၊ အစိမ်းသရဲဘဝရောက်နေသလိုလို၊ တစ်ခါတစ်ရံညများ၌ ယောကျ်ားမျိုးနှင့် မိန်းမပျိုတို့၏ အရိပ်သဏ္ဌာန်တွေ့သည်တု ပြောကြသည်။ တစ်ခါတစ်ရံ၌ ငိုညည်းသံများကြားရသည်တု ဆိုကြသည်။

များသောအားဖြင့် ညောင်ပင်နီကျေးရွာမှ ရွာသူရွာသားများဆိုလျှင် ဗို၍ခြောက်လှန့်တတ်သည်တု အစွဲရှိသည်။

ထိုအစွဲသည် ဗြိတိသျှအစိုးရခေတ်မှ ယနေ့တိုင်ပင်တည်း။ ထို့ကြောင့်လည်း နေဝင်မိုးချုပ်ရောက်သည်နှင့် ထိုနေရာသို့ မည်သူမျှ

www.burmeseclassic.com



မသွားရဲကြပေ။ ညောင်ဗင်ကြီးနှင့် ဇရပ်အိုကြီးကို ဝေးဝေးက ရှောင်ကြသည်။

ထိုမျှ၍မျှ ကြောက်မက်ဖွယ်၊ ထိတ်လန့်ဖွယ်ကောင်းလှပါသည်ဟုဆိုသော ဇရပ်အိုကြီးအတွင်းသို့ လူသုံးယောက်သည် နေဝင်ရီတရောအချိန်လောက်က ဝင်ရောက်နေပြီးဖြစ်သည်။ အရပ်ကပြောစမှတ်ပြုထားကြသည့် ဇရပ်အိုအတွင်းသို့ သူတို့သုံးယောက်သည် အဘယ်သို့သောအကြံ၊ အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် ရောက်ရှိနေခဲ့ပါသနည်း။

သုံးယောက်ပေါင်းလောင်းကျော်ဆိုသည့် စကားနှင့်အညီ အကောင်းဘက်က တစ်ခုခုတော့ ဖြစ်နိုင်လိမ့်မည်မထင်။ ဒုစရိုက်မှု တစ်ခုခုကို ကျူးလွန်ရန်လာသည်ဟု ဆိုရအောင်ကလည်း သူတို့ ဇနီဇရပ်၏ ကြမ်းပြင်ပေါ်မှလက်နက်ပစ္စည်းများကိုကြည့်၍ ခန့်မှန်းရမှာခက်၏။ ကြီးကြီးမားမားပစ္စည်းဟူ၍မတွေ့။ ဆိုလိုသည်မှာ ဓား၊ လှံ၊ သေနတ်စသည်တို့ မပါဝင်။ ပေါက်ပြားတိုကလေး တစ်လက်၊ ဂေါ်ပြားတစ်ချောင်းနှင့် သံတူရွင်းတစ်ခုတို့သာဖြစ်သည်။ ထို့ပြင် ဗလကောင်းကောင်းနှင့်လူ၏အနီး၌မူ အရက်တစ်ပုလင်းနှင့် ကြက်ကောင်လုံးကြော်တစ်ကောင် ရှိပဲဖြစ်သည်။





ကျန်လူနှစ်ယောက်မှာမူ ထိုဗလကောင်းကောင်းလူ၏အနီးတွင် ထိုင်နေသည်။ သူတို့နှစ်ယောက်အနက် အသားညိုညို ပိန်ညှပ်ညှပ်နှင့်လူသည် ဆေးလိပ်လွန်စွာကြိုက်တတ်ပုံရသည်။ လက်ကြားထဲက ဆေးပေါ့လိပ်ကြီးကို ဖွားခနဲ ဖွားခနဲနေအောင် ရှိုက်၍ ရှိုက်၍ ဖွာနေသည်။ မီးသည် ရဲခနဲ ရဲခနဲဖြစ်နေသည်။ လေတိုက်လိုက်တိုင်းပင် မီးဖွားများသည် ပြန့်ကျဲလွင့်စင်သွားတတ်သည်။ ထိုအခိုက်တွင် ...

"တောက်တဲ့ ... တောက်တဲ့"

မမျှော်လင့်ဘဲ သူတို့၏ ဦးခေါင်းတည့်တည့် ဇရပ်ခေါင်မိုးမှ တောက်တဲ့တစ်ကောင်က စူးစူးဝါးဝါးအော်မြည်လိုက်သည်။ ထိုအသံကြောင့် လူပိန်ပိန်၊ ခပ်ညက်ညက်ရှိသူခများမှာ တစ်ကိုယ်လုံးတုန်လှုပ်သွားရင်း "အမလေးဗျ" ဟုပင် ရမ်းသမ်းအော်လိုက်မိ၏။

ဗလကောင်းကောင်းနှင့်လူက စိတ်မရှည်စွာမေးလိုက်သည်။ ခင်သေးက ...

"တာဗျာ ... ကိုးသင်္ချိုင်းမောင်ဝိုင်းကလည်း အမှတ်တမဲ့ ဆိုတော့ နည်းနည်းလန့်သွားတာပေါ့။ ဒီကြားထဲ ဗိုကြိုင့် ဆေးလိပ်မီးကလည်း တဖွားဖွားနဲ့ကို"

"ဝါ့ဆေးလိပ်နဲ့ ဘာဆိုလို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုကြိုင်က မခံမရပ်နိုင်သံဖြင့် ဘုတောသည်။

"ဆိုင်တာပေါ့ကွ၊ မင်းဆေးလိပ်ဖွာနေတာကိုကြည့်ဦး။ ကိုပိုကြီး ဆေးလိပ်ဖွာသလိုပဲ။ အဲ့ဒီ ကိုပိုကြီးဆိုတဲ့ လူဟာ မသေခင်က ဆေးလိပ်အင်မတန်ကြိုက်တာတဲ့။ ဆေးလိပ်ဆိုရင် ပြောင်းဖူးဖက်ဆေးလိပ်မှ သောက်တာတဲ့။ မီးကိုလည်း ဖွားခနဲ ဖွားခနဲနေအောင် ဖွာတာတဲ့။ မင်းနဲ့ တူသလိုပဲလို့ ငါအောက်မေ့နေတုန်း ..."

"ခွေးမသား။ မင်းစကားဆက်ပြောမနေနဲ့တော့။ ငါထကန်မိလိမ့်မယ်၊ မအေပေး ငါကပဲ ကိုပိုကြီးနဲ့ တူသလေးဘာလေးနဲ့၊ မင်းက ကိုပိုကြီးကို မြင်ဖူးလိုက်လို့လား ပြောစမ်း"

ပိန်သေးစကားမဆုံးခင်မှာပင် ဗိုကြိုင်က ဒေါနှင့်မောနှင့် ဟောက်ဝစ်သည်။ ပိန်သေးသည် သက်ပြင်းချလိုက်ပြီးမှ

"မတုတ်ပါဘူး သူငယ်ချင်းရာ၊ ကိုပိုကြီးအကြောင်းကို ရှေ့မီနောက်မီ လူကြီးတချို့ကပြောလို့ သိထားတာပါ။ စိတ်မဆိုးပါနဲ့ဗိုကြိုင်ရာ"

လေသံခပ်ပျော့ပျော့နှင့် တောင်းပန်သည်။ ထိုအခိုက် ညောင်ပင်အနီး ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ဆွဲဆွဲငင်ငင် အူလိုက်





သောခွေးအူသံကြီးကို ကြားလိုက်ရသည်။ မရှေးမနှောင်းမှာပင် နောက်ခွေးများ၏ ဆင့်ကာဆင့်ကာအူသံများ ပေါ်ထွက်လာတော့သည်။ အတောမသတ်နိုင်အောင် တဆွဲဆွဲတငင်ငင် အူ၍ မဆုံးနိုင်အောင် ရှိနေဆဲမှာပဲ ညောင်ပင်နီကျေးရွာဘက်ဆီမှ ခွေးအူသံများ စီစီညံသွားတော့သည်။

ထို့နောက် တကိန်ကိန်အော်ဟစ်ညည်းတွားသံများ ကောင်းဆိုးဝါးများကို မြင်တွေ့ကြသဖြင့် ခွေးအူခြင်း၊ တောင်ခြင်းဖြူသည်တစ္ အစွဲရှိခဲ့ဖူး၏။

ယခုလည်း ထို့ကြောင့် ခွေးများဆူညံသွားသလား မပြောတတ်။ ဗိုကြိုင်နှင့်ပိန်သေးမှာမူ ထိုအသံများကို အဆက်မပြတ် ကြားလိုက်ရသဖြင့် ကျောချမ်းသလိုခံစားနေရသည်။ ကြက်သီးမွေးညင်းများလည်း တဖြန်းဖြန်းထနေမိသည်။ ကိုယ့်နောက်ကျောကိုပင် မလုံမခြုံရှိနေသဖြင့် ခဏခဏလှည့်ကြည့်နေမိသည်အထိ ရှိလာသည်။

"ဘုတ် ..."

"အမလေး တယ်တော်မူကြပါဦး ..."

လွှတ်ခနဲအော်လိုက်သူမှာ ဗိုကြိုင်၊ အော်ရုံမျှမက ထလည်း ခုန်မိတော့သည်။ ဆေးလိပ်မီးများမှ ဖွာခနဲပြန့်ကျဲသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးသချိုင်းမောင်ဝိုင်းက အဆင်သင့်ကိုင်ထားသော လက်နှိပ်ဓာတ်မီး
အလယ်စားဖြင့် ထိုးကြည့်သည်။ ကြွက်ကလေးတစ်ကောင် ကရော
သောပါး ထွက်ပြေးသွားသည်ကို တွေ့လိုက်၏။ ဇရပ်အို
ထုပ်တန်းပေါ်က ပြုတ်ကျလာပုံရပေသည်။

"ဟော့ ... ဗိုကြိုင် ဒီလောက်တောင် အော်ရသလားကွ"

စိတ်ဆိုးမာန်ဆိုးပြောသည်။ အမှတ်တမဲ့ဖြစ်သွားလို့
သူငယ်ချင်းရာဟု ဗိုကြိုင်က လေပြေထိုးသည်။ ထိုစဉ်တွင် ဇရပ်
အောက်မှ တအင့်အင့်မြည်သံပေါ်လာပြန်သည်။ ငိုသံလိုလို၊ ညည်း
လိုလို ထင်ရသည်။ တော ... လူညည်းသံကြီးလား မသိဘူး
ကြောက်ရွံ့သံဖြင့် တိုးတိုးပြောသည်။ တိတ်ဆိတ်နေချိန်ဖြစ်၍ အသံမှာ
ပီပီသသရှိလှသည်။

ကိုးသချိုင်းမောင်ဝိုင်းက အသေအချာနားစွင့်ထောင်သည်
ခွေးလေခွေးလွင့်(သို့မဟုတ်)အနာရောဂါရနေသော ခွေးတစ်ကော
ဟု နားလည်လိုက်သည်။

"ခွေးနာတစ်ကောင် ညည်းနေတဲ့အသံပါကွာ"

"ကိုဝိုင်း ကျွန်တော်တို့သွားကြရင် ကောင်းမယ်ထ
တယ်"

ပိန်သေးက ခုထိ အကြောက်မပြေသေးသောလေသံဖြ





ဆိုသည်။ တုတ်တယ် သူငယ်ချင်းဟု ဗိုကြိုင်ကပါထောက်ခံသည်။
ကိုးသချိုင်းမောင်ဝိုင်းက အချိန်ကို ခန့်မှန်းသလို ချိန်ဆကြည့်နေ
သေး၏။ သက်ကြီးခေါင်းချချိန်တော့ ကျော်ခဲ့ပြီ။ သွားဖို့အချိန်
အလုပ်လုပ်ဖို့အချိန် သင့်နေပေပြီ။ သို့သော် သူတို့သွားရမည့်လမ်း
ကြောက အန္တရာယ်နှင့်နီးစပ်သည်။

ဘုန်းကြီးကျောင်းဝိုင်းနှင့်ဆို မနီးမဝေးမှ ဖြတ်သွားရမည့်
လမ်း။ ကျောင်း၏သာဘက်ခြမ်းရှိ လှည်းလမ်းအတိုင်းဖြစ်သည်။
သည်လမ်းအတိုင်း မသွားလို့လည်းမဖြစ်။ ရှောင်စရာလမ်းမရှိ။ သွားပြန်
လျှင်လည်း ကျောင်းဝင်းအတွင်းမှ ခွေးများလူရိပ်မြင်သဖြင့် ဟောင်
ရင်အခက်။ ဦးပဥ္စင်းတွေနိုး၍ ထကြည့်နိုင်သည်။ ဘယ်သူလဲ၊
ဘယ်ဝါလဲ စသည်ဖြင့်လှမ်းမေးချင်မေးသည်။ အဆင်ချောချောဖြေ
နိုင်တာတောင်မှ မယုံသင်္ကာရှိချင်ရှိနေဦးမည်။

အားလုံးကို ချိုင့်တွက်ကြည့်ပြီးမှ ပြောသည်။

"အေး ... သွားကြတာပေါ့၊ ဒါပေမယ့် တစ်ခုတော့
ငါကြိုပြောထားမယ်။ တို့သွားရမယ့်လမ်းက ဘုန်းကြီး
ကျောင်းနဲ့ သိပ်ဝေးတာမဟုတ်ဘူး။ နို့မဟုတ်ရင် ခွေးတွေ
ဟောင်လား ပြုလားဖြစ်လာနိုင်တယ်။ လူနိုးလို့မေးရင်
မင်းတို့ဘာမှမဖြေနဲ့။ ငါကြည့်ပြောမယ် သိလား။ ကဲ...



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်၊ ခြော် … ဒါထက်ဗိုကြိုင် မင်းဆေးလိပ်ကို လည်းသတ်ခဲ့။ ပစ္စည်းပစ္စယတွေယူကြ။ သွားကြစို့ …”

ကိုးသန္နိုင်းမောင်ဝိုင်းသည် ပြောပြီးသည်နှင့် ကြက်ကြော် ရော အရက်ပုလင်းပါကောက်ယူလိုက်သည်။

* * *

သန္နိုင်းကုန်းအဝင်ဝသို့ ရောက်လောအခါ၌ ကိုးသန္နိုင်း မောင်ဝိုင်းသည် ရှေ့မှ တစိုက်စိုက်သွားနေရာက တစ်ချက်ခြေစုံ ရပ်သည်။ သုသာန်အတွင်းသို့ လှမ်းကြည့်သည်။ တောင်ခြောက် လေးပါးကိုပါ သတိကြီးစွာထားလျက် လှေ့လာလိုက်သည်။

မှိန်ပျပျအလင်းသည် သုသာန်တစ်ခုလုံးကို လွှမ်းမိုးထား သည်။ တစပြင်ကြီးသည် ငြိမ်သက်အိပ်မောကြနေဘိသကဲ့သို့ရှိ၏။ သန္နိုင်း၏ အလယ်ဗဟိုတွင်မူ ကြီးမားလှသော ညောင်ပင်ကြီးတစ်ပင် ရှိသည်။ ထိုညောင်ပင်အောက်တွင်မူ ဇရပ်တစ်ဆောင်ရှိသည်။ သွပ်မိုးပျဉ်းခင်းဖြစ်သည်။ သေသူအတွက် သရေအာဂုဏ်တင်ရန်ဖြစ်၏။

လရောင်ပါးပါးအလင်းကြောင့် သန္နိုင်းအတွင်းရှိမြေပုံများ၊ အုတ်ဂူများ၊ ချုံနွယ်ပင်များစသည်ကို မှုန်ဝါးဝါးတွေ့ရသည်။





ထိုစဉ် လေသည် ခပ်ကြမ်းကြမ်းပင် ဖျော့ရမ်းတိုက်ခတ် သည်။ လေဒဏ်ကြောင့် ညောင်ရွက်များသည် တဖြဲဖြဲအသံပြု က်ရှိသည်။ တစ်ခါတစ်ရံ၌ ညောင်ကိုင်းများသည် လေအဟော့တွင် ၏သွပ်မိုးကို ပြမ်းခနဲ ရိုက်မိသွား၏။ တစ်ခါတစ်ရံ၌ အရွက် သည် သွပ်မိုးဖြင့်ပွတ်တိုက်သွားသဖြင့် ရှဲရှဲမြည်နေသည်။

မည်သို့ပင်ဖြစ်စေ ညဏ်တိတ်ဆိတ်မှုကြောင့် ထိုအသံများ ည် ပို၍ကြယ်လောင်လှသည်ဟု ထင်မှတ်ရ၏။ သရဲတစ်ကောင် က ဇရပ်အမိုးကို လက်ဝါးကြီးဖြင့် တဖြမ်းဖြမ်းရိုက်နေသလား မှတ်) လက်ဖြင့်တရှဲရှဲပွတ်နေလေသလား ထင်ရသည်။

ထိုစဉ်မှာပင် ငှက်ဆိုးတစ်ကောင်သည် ဂိခနဲအော်မြည်ကာ က်ဆီသို့ အဟုန်ပြင်းစွာ ပျံသန်းလိုက်သေးသည်။ မကြောက် ပါဘူး။ အိမ်ျုးတွေ ရိုးနေပါပြီဟုဆိုသော ကိုးသန္နိုင်းမောင်ဝိုင်းပင် ကြိမ်၌ ခေါင်းနားပန်းကြီးသွားသည်။ ဆံပင်တွေ ထိုးထိုး င်ထောင် ဖြစ်မိသည်။ ကြက်သီးမွေးညင်းတွေ ဖြန်းခနဲရှိ သည်။ မဖြစ်စဖူး ထူးကဲလှသည်တူ၍တော့ အောက်မေ့မိသည်။

“တာ … ကိုဝိုင်း … တို့အုတ်ဂူပေါ်မှာ အမျိုးသမီး တစ်ယောက်ထိုင်နေတယ်။ တွေ့လား … တွေ့လား…”



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားပြောလိုက်သောအသံ၊ ပိန်သေး၏အသံ မှုမှုန်တော့ တုန်တုန်ယင်ယင်ရှိလှသည်။ မောင်ပိုင်းနှင့်ဖိုးကြိုင်တို့ ထိုင်တွေသွားသည်။ ထို့နောက် အုတ်ဂူတွေရှိရာသို့ လှည့်ပတ်ကြ သည်။ ဘာမှမတွေ့။ အရိပ်အယောင်မျှပင်မမြင်။

"ဟော့ကောင်ပိန်သေး၊ မင်းဘာတွေလျှောက်ပြောနေတာ ဘာမှမရှိဘဲနဲ့"

မောင်ပိုင်းက စိတ်မရှည်စွာ ဟန်သည်။ ဖိုးကြိုင်က လေ တိုးတိုးဖြင့် မေးသည်။

"ပိန်သေး၊ မင်းတွေ့တာ ဘယ်အုတ်ဂူပေါ်မှာလဲ"

"အတုတ်ပြောတာကွ၊ ငါမလိမ်ဘူး၊ ဟို ... ဟိုမှာတွေ လား။ ညောင်ပင်အောက်က အုတ်ဂူကြီးပေါ်မှာလေကွာ ဆံပင်ဖားလျားချလို့"

ပိန်သေးက အတည်အခန့်ပြောသည်။ သူမြင်ရသည် နေရာနှင့် အုတ်ဂူရှိရာကိုလည်း လက်ညှိုးထိုးပြသည်။ မောင်ပိုင်း ဖိုးကြိုင်က ထိုနေရာသို့ကြည့်သည်။ ဘာဆိုဘာမျှမရှိ။ မောင်ပိုင် စိတ်တိုသွား၏။

"ဟော့ကောင် ... မင်း ငါ့လက်သီးစာမိတော့မယ်၊ ဘာ မရှိတဲ့ဥစ္စာ"





"ကိုပိုင်းကလဲဗျာ၊ ကျွန်တော် ဘယ်ကလိမ်ရမှာလဲ။ ဟော... ဟော ... ကျွန်တော်တို့ဘက်ကိုတောင် လှည့်လာပြီ။ ရယ်တောင်ပြနေလိုက်သေးဗျာ ... "

ပိန်သေးက အနိုင်အမာကြီးပြောနေပြန်သည်။ မောင်ပိုင်း နှင့်ဖိုးကြိုင်မှာ ပိန်သေး၏စကားကို ယုံရမလို၊ မယုံရမလိုဖြစ်နေကြ သည်။ လူသုံးယောက်သွားသည့်အနက် ပိန်သေးတစ်ယောက်တည်း မြင်တွေ့နေရသည်မှာ အတော်ကလေးထူးခြားနေသည်။ ပိန်သေးပင် ကံနိမ့်နေသလားမဆိုနိုင်။ တစ္ဆေသရဲများကို မြင်သူသည် အလွန် ကံနိမ့်သူမှသာ မြင်နိုင်တွေ့နိုင်သည်ဟု လူကြီးများပြောသံကြား သည်။

မောင်ပိုင်းပင်လျှင် နည်းနည်းစိုးရိမ်သွားမိသည်။ ဖိုးကြိုင်မှာမူ ထူးပြောဖွယ်ရာမရှိတော့ပြီ။ နဂိုကတည်းက ကြောက်ချင်ချင် ရှိတဲ့သို့ ပိန်သေးက တွေ့ပါသည်၊ မြင်ပါသည်ဆိုလိုက်သောအခါ၌ ရှေ့မလုံ နောက်မလုံရှိလာသည်။ ဘေးပတ်လည်ကို ဟိုသည် ကြည့်ရင်း ကြက်သီးတွေ တဖြန်းဖြန်းထနေမိတော့သည်။

"သူငယ်ချင်း ... ဖြစ်ပါ့မလား"ဟု ခပ်တိုးတိုးမေးမိ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မဖြစ်ရမှာလဲကွ၊ ဗိုကြိုင်ရဲ"တု မောင်ပိုင်း
ဒေါသနှင့်ပြော၏။

မောင်ပိုင်းစိတ်တိုနေသည်ကို ဗိုကြိုင်နှင့်ပိန်သေးတို့ သိသွ
သဖြင့် ငြိမ်သွားသည်။ ဒီအမျိုးသမီးဟာ သူ့အလောင်းကိုဖော်
ပစ္စည်းတွေကို ယူမှာသိလို့ တို့ကိုချောက်လှန့်တာဖြစ်လိမ့်မယ်
တို့အလျှော့ပေးလို့မဖြစ်ဘူး။ ဒီလောက်တောင် လာခဲ့ပြီးမှတော
ရအောင်ယူရမှာပဲဟု မာမာတင်းတင်းဆိုသည်။ ထို့နောက် သုံးဖြ
နှင့် ...

"ကဲ ... လာကြ၊ ငါရှေ့ကသွားမယ်၊ မင်းတို့နောက်က
လိုက်ခဲ့။ ဒီတာမနဲ့ ငါနဲ့တွေ့ကြသေးတာပေါ့"

ကြိမ်းဝါးပြီး ရှေ့ကနေထွက်သွားသည်။ ဗိုကြိုင်နှင့် ပိန်သေ
မှာ တစ်ယောက်မျက်နှာတစ်ယောက် မျက်နှာသေကလေးဖြ
ကြည့်ပြီး နောက်ကခပ်ကြောက်ကြောက်ပင် လိုက်သွားရတေ
သည်။

* * *

ညောင်ပင်ကြီးအောက်တွင်တိတ်ဆိတ်နေသည်မှာ အလွ
တရာမှပင် စိတ်ချောက်ချားဖွယ်ကောင်းလှပေသည်။ စောစော





တဖြူးဖြူးငွေ့ယမ်းဆော့ကစားနေသော လေညင်းသည် ယခုအခါ၌
ဘယ်အရပ်ဘယ်ဒေသသို့ ပြေးဝင်ပုန်းအောင်း သွားသည်ကိုပင်
မပြောတတ်။ အလင်းပျပျကို ညောင်ရွက်ညောင်ကိုင်း အုပ်ဆိုင်းဆိုင်း
များက ကာကွယ်တားဆီးထားသဖြင့် ညောင်ပင်၏အောက်ခြေ၌
အမှောင်ရိပ်သည် အကြီးအကျယ် စိုးမိုးနေ၏။

မှောင်မည်းအရိပ်ထဲသို့ သူတို့သုံးယောက် တရွေ့ရွေ့
ဝင်လာသည်။ ရှေ့မှ ဦးဆောင်လာသူ ကိုးသချိုင်းမောင်ပိုင်း၏
နောက်က အသာကာဝ်လိုက်လာကြသည်။

လိုက်လို့သာ လိုက်ခဲ့ရသော်လည်း သူတို့နှစ်ဦး၏ ရင်ထဲ၌
ဘထိတ်ထိတ် ရှိနေဆဲပင်ဖြစ်သည်။ ဘယ်နေရာက ဘာပေါ်လာမလဲ၊
ဘယ်နေရာမှာ ဘာတွေ့လိုက်မလဲ၊ ဘယ်နေရာက အသံနက်ကြီးဖြင့်
အော်လိုက်မလဲဟူသော အတွေးများကြောင့် အများပင် တဆတ်ဆတ်
တုန်နေမိကြသည်။

အထူးသဖြင့် ပိန်သေးက အဆိုးဆုံးဖြစ်သည်။ စောစောက
အုတ်ဂူပေါ်တွင် ဆံပင်များ ဖားလျားချလျက်ထိုင်နေသည့် အုတ်ဂူ
ကြီးဆီသို့ မကြာခဏ လှမ်း၍ လှမ်း၍ ကြည့်မိသည်။ ထို့ပြင်လည်း
မောင်ပိုင်းနှင့်ဗိုကြိုင်ကြားသို့ရောက်အောင် တိုးတိုးသွားမိနေသည်။
သူတစ်ယောက်တည်း နောက်ချန်ကျန်ရစ်မှာကို လွန်စွာစိုးရိမ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ကနာနာဘာဝတစ်ကောင်ကောင်က သူ့ကျောကို လက်ဝါး ကြမ်းကြီးဖြင့် ရိုက်လိုက်မှာကိုလည်းကောင်း၊ တဘက်ကြီး တစ်ကောင်ကောင်က သူ့ကို လှမ်းဆွဲလိုက်မှာကိုလည်းကောင်း လိပ်ပြာလွင့်မတတ် ကြောက်လှပါသည်။

ငယ်ငယ်က သူကြားဖူးထားတာရှိသည်။ တဘက်ကြီး၏ အရပ်သည် ထန်းပင်လောက်မြင့်သည်။ ထို့ပြင် နားရွက်ကြီး တစ်ဖက်ကိုခင်း၍ အခြားတစ်ဖက်ကို ခြုံအိပ်တတ်သည်တဲ့။ ဒီ စကားတွေ ခုချိန်၌ သူ့နားထဲတွင် အလိုလိုပြန်ကြားနေသလိုရှိသည်။ ကျောထဲ၌ပင် စိမ့်ခနဲ စိမ့်ခနဲဖြစ်လာသည်။

"ကဲ ... မင်းတို့ လက်နက်ပစ္စည်းတွေ ညောင်ပင်ရင်းမှာ ထောင်ထားလိုက်ကြ"

မောင်ဝိုင်း၏ အမိန့်အတိုင်း သူတို့နှစ်ယောက်သည် ညောင်ပင်၏ခြေရင်းတွင် ပေါက်ချွန်း၊ ပေါက်ပြား၊ ဂေါ်ပြားနှင့် သံတူရွင်းများကို ကျကျနနထောင်ထားလိုက်ကြ၏။ ညောင်ပင်၏ ပင်စည်ကိုမှီ၍ ထောင်ပြီးနောက် မောင်ဝိုင်းက သတင်းစာတောင် များကို ထိုပစ္စည်းများရှေ့၌သေသပ်စွာဖြန့်ခင်းသည်။ ထို့နောက် သတင်းစာစက္ကူပေါ်တွင် ကြက်ကောင်လုံးကြော်ကိုတင်သည်။





ထို့နောက် အရက်ပုလင်းအဖုံးကိုဖွင့်၍ ကြက်ကောင်လုံးကြော်နှင့် ယှဉ်ထားသည်။

အားလုံးစီစဉ်ပြီးလျှင် မောင်ဝိုင်းသည် ထိုရှေ့၌ခြေစုံရပ်သည်။ လက်အုပ်ချီ၍ နဖူးတွင်ကပ်ထားသည်။ ပြီးမှ နှုတ်က ဆီမန်းမှုတ် သလို တတွတ်တွတ် တောင်းပန်တိုးလျှိုးနေသည်။ ကွင်းပိုင်ကြီးအား ဤကြက်ကြော်နှင့် အရက်ပုလင်းကို ပူဇော်ပါကြောင်း၊ အလိုရှိတိုင်း ကျေကျေနပ်နပ်ကြီး သုံးဆောင်တော်မူပြီး မိမိတို့လုပ်ငန်းကိုလည်း ကျေနပ်ခွင့်ပြုပါမည့်အကြောင်း၊ အနှောင့်အယှက် အတန့်အတားများ တွေ့ကြုံခဲ့ပါလျှင် ကွင်းပိုင်ကြီးအနေဖြင့် စောင့်ရှောက်ပါမည့်အကြောင်း၊ နှောင့်သူရှိပါကလည်း ကွင်းပိုင်ကြီးမှ ဖယ်ရှားပေးပါမည့်အကြောင်း၊ အလောင်းဖော်ရာတွင် ကွင်းပိုင်ကြီးအနီးကပ် ကြီးကြပ်ပေးပါမည့် အကြောင်းကို တိုးတိုးတိုးတိုးနှင့် ရွတ်ဆိုတိုင်တည်နေသည်။

ထိုသို့တိုင်တည်ပြီးလျှင် အရက်ပုလင်းကိုကိုင်ကာ အရပ် လေးမျက်နှာဆီသို့ နည်းနည်းမျှသာ ပတ်သည်။ ပုလင်းဝမှ အရက် များ ပက်ဖျန်းပြီးနောက် ကြက်ကြော်သေးတွင် အသာပြန်ချသည်။

ထိုအခိုက်မှာပင် အမှတ်မထင် လေသည် ဝှူးခနဲဝေ့ယမ်း သွား၏။ ညောင်ကိုင်းများသည် အရှိန်ပြင်းစွာရိုက်ခတ်သွားသည်။ ညောင်ကိုင်းပေါ်တွင် အိပ်တန်းတက်နေကြသော ငှက်အပေါင်းတို့



www.burmeseclassic.com

www.burmeseclassic.com



သည် လန့်၍ထပျံသွား၏။ အမှောင်ထဲ၌ တိုသည်ဖျံသန်းရင်း ကျည်ကျည်ကျာကျာ အော်မြည်လျက်ရှိသည်။

အရှေ့အရပ်ဆီမှ ဖျံသန်းလာတန်တူသော ငှက်ဆိုးတစ်ကောင်သည် သချိုင်းကုန်းပေါ်အရောက်တွင် ဂီခနဲအော်လျက် အနောက်စူးစူးသို့ ဆက်ပျံသွားလေသည်။ မရှေ့မနှောင်းပင် အုတ်ဂူနှစ်ခုကြားရှိ ချုံနွယ်များအတွင်းမှ ချိုးချိုးချွတ်ချွတ်သံများ ကြားလိုက်ရသည်။

ဗိုကြိုင်နှင့်ပိန်သေးမှာ ထိုအသံများကြောင့် ကိုယ်များပင်နတ်ကျသလို တဆတ်ဆတ်တုန်နေတော့၏။ ရှေ့နောက်ပင်မလုံတော့သလိုရှိသည်။ တိုကြည့်သည်ကြည့်ဖြင့်

"သူငယ်ချင်း၊ ဒီတစ်ခါတော့ဖြစ်တာလဲမသိဘူး၊ တော်တော်ထူးဆန်းတယ်"

ဗိုကြိုင်စကားမဆုံးခင်မှာ ပိန်သေးကလည်း လေသံတုန်တုန်ပြောသည်။

"ဖြစ်ပါ့မလား ကိုပိုင်းရဲ့"

"ငင်းတို့နှစ်ယောက်ကလည်းကွာ နိမိတ်မရှိ၊ နမာမရှိလာသွားမယ်၊ သံတူရှင်းတွေ ပေါက်ပြားတွေယူခဲ့ကြ..."

ပြောပြောဆိုဆိုနှင့် ရှေ့မှထွက်သွားသည်။ ဗိုကြိုင်နှင့်





ပိန်သေးလည်း ဘာမျှစောဒကမတတ်ရဲတော့ဘဲ ကမန်းကတန်းပင် လက်နက်ပစ္စည်းများကိုယူကာ မောင်ပိုင်းနောက်သို့ ခပ်ကုတ်ကုတ်တလေးလိုက်လာခဲ့ရတော့သည်။

* * *

မြေပုံမှာ သိပ်မကျသေး။ ခပ်မို့မို့ပင်ရှိသည်။ ဗို့ထားသော မြေသားပင်လျှင် မသွေ့မခြောက်သေးပေ။ မြေမြှပ်သင်္ဂြိုဟ်ခဲ့သည်မှာ ရက်ပိုင်းခန့်သာရှိလိမ့်ဦးမည်ထင်သည်။ လွန်ရောမှ ဆယ်ရက်ဆယ့်ငါးရက်၊ ဒီလောက်ပဲရှိမည်။

ထိုသတင်းကို ယူလာသူက ပိန်သေး။ ပိန်သေးနှင့် ရွာနှင့်ကဆက်စပ်မှုရှိသည်။ အရပ်တကာ နယ်တကာလှည့်၍ သတင်းစာစက္ကူ၊ ကျောင်းသုံးဗလာစာအုပ်၊ ပုလင်းခွံ၊ အန်အိုးအန်ခွက်စသည်တို့ကိုဝယ်သည်။ ထိုအရောင်းအဝယ်ဖြင့် သွားရင်းလာရင်း ဒီသတင်းကိုရလာခြင်းဖြစ်သည်။

"ဒီမိန်းမကြီးက ပစ္စည်းဥစ္စာလည်း အတော်အတန်ရှိသတဲ့။ ရုပ်ကလည်း အတော်ချောတာ။ အသက်လေးဆယ်ကျော်တာတောင် သုံးဆယ်လောက်ပဲမှန်းရတယ်။ သူ့သမီးတော



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ပဲဗျ။ သမီးနှစ်ယောက်၊ သားတစ်ယောက်နဲ့ မုဆိုးမကြီးလေ။ သမီးနှစ်ယောက်က ရွာမှာပဲ အလယ်တန်းကျောင်းဆရာမတွေ။ သားကသာ မိဘလက်ငုတ်လက်ရင်းဖြစ်တဲ့လယ်ယာအလုပ်ပဲလုပ်တာ။ ဒီမိန်းမကြီးရဲ့ ဒွာသုံးချောင်းက ရွှေကတော့ ဝင်းနေတာပဲ။ တဲ ...တဲ။ ခုခေတ်ရွှေဈေးနဲ့ဆို ဘယ်ဆိုးပါ့မလဲ"

"မင်း ဒီမိန်းမကြီးကို တွေ့ဖူးလို့လား"ဟု ဗိုကြိုင်က မေးသည်။

"တွေ့ဖူးတာပေါ့၊ နှစ်ခါတောင်မှ သူ့အိမ်က စက္ကူအတောင်းဝယ်ရင်းနဲ့ကြုံတာ၊ ငါနဲ့တောင် စကား အတော်ကြီး ပြောဖြစ်ခဲ့သေးတယ်"

မောင်ပိုင်းတ သူတို့နှစ်ယောက်စကားကို စိတ်မဝင်စား။ စိတ်ဝင်စားသည်မှာ ရွှေသွားနှင့် အခြားပစ္စည်းပစ္စယများသာဖြစ်သည်။ တန်ဖိုးများများရနိုင်မှ တွက်ချေကိုက်မည်ဖြစ်၏။

"နေစမ်းပါဦး၊ ရွှေသွားသုံးချောင်းလောက်နဲ့တော့ သိပ်အလုပ်မဖြစ်သေးဘူးထင်တယ်။ ပင်ပန်းကျိုး စွန့်စားကျိုးတောင်နပ်မှာမဟုတ်ဘူးကွ"ဟု ထောက်ပြလိုက်သည့်အခါတွင် ပိန်သေးက ...

မိတ်ဆွေစာပေ



"ဒါတင်ဘယ်ကမလဲ ကိုပိုင်းရ။ ဇာပဝါတွေ၊ အထည်အဝတ်အစားတွေလည်း အများကြီးထည့်ပေးလိုက်ဆိုပဲ။ တချို့ကဆိုရင် ရွှေတိုငွေစတောင်ပါတယ်လို့ သတင်းသန့်သန့်ထွက်လာတာ"

ထိုစကားအရ မောင်ပိုင်းဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အကျဉ်းထောင်ထဲက စကားအတိုင်း အကျပ်အတည်းမှာ နတ်ခဲဆိုသလိုသည်ရက်ပိုင်းအတွင်း၌ မောင်ပိုင်းရေခမ်းနေသည်။ ရေဆိုသည်မှာသူတို့ရဲ့ အထာစကားဖြစ်သည်။ ငွေပြတ်နေခြင်းကို ပြောတာဖြစ်သည်။ ထို့ကြောင့် ရပေါက်ရလမ်းကလေးကို စနည်းနာနေသည်။ ရေဝတ်တုန်းရေတွင်းထဲကျဆိုသလို ပိန်သေးနှင့်တွေ့လိုက်ခြင်းဖြစ်ပါသည်။

"ကဲတော့ ... မြန်မြန်ထက်ထက်လုပ်ကြ၊ သိပ်အချိန်ဆွဲလို့မဖြစ်ဘူး"

မောင်ပိုင်းတ မြေပုံ၏ခေါင်းရင်းမှ ဒါးထောက်ရပ်လျက်အမိန့်ပေးနေသည်။ မြေကျင်းဘေးပတ်ပတ်လည်၌ မနီးမဝေး၌ဒယောင်းတိုင်များထွန်းထားသည်။ ကောင်းကင်မှ ကြယ်တချို့၏အလင်းပျပျကလည်း ရှိနေသဖြင့် လုံလောက်သော အလင်းရောင်ရရှိနေသည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗိုကြိုင်နှင့် ပိန်သေးမှာ မောင်ဝိုင်းစေခိုင်းသည့်အတိုင်း ပေါက်ချွန်း၊ ပေါက်ပြားကို ကိုင်လိုက်ကြသည်။

မြေသားမှာ ခပ်ပွပွရှိနေသေးသည်။ ပေါက်ချွန်းဖြင့် ဖွပေးသူကပေးသည်။ ပေါက်ပြားဖြင့် ပေါက်၍ပေါက်၍ ပက်သူပက်သည်။ ဂေါ်ပြားထိုးသူကထိုးသည်။ သုံးယောက်စလုံးတက်ညီလက်ညီလုပ်ကြသဖြင့် ကျင်းမှာနာရီဝက်ခန့်အကြာတွင်ပေါ်ပြီးသွားတော့သည်။

ချွေးဒီးဒီးကျနေသဖြင့် ခါးပုံစဖြေကာ နဖူးမှချွေးကိုသုတ်ရင်းမောင်ဝိုင်းပြောသည်။

"ဒီလောက်ဆိုရပြီ။ ခေါင်းဘေးက မြေသားတွေ ထုတ်မနေနဲ့တော့၊ ခေါင်းအဖုံးသာဖွင့်ကြမယ်၊ သံတူရွင်းနဲ့ ကလော်ကွာ"

ဗိုကြိုင်နှင့်ပိန်သေးတို့သည် ခေါင်းအဖုံးကို စောင်ဖွင့်သည်။ ပျဉ်ခေါင်းမှာ အင်၊ ကညင်ဖြစ်ဟန်တူ၏။ မောင်ဝိုင်းက လက်နှိပ်ဓာတ်မီးအသေးစားဖြင့် မီးထိုးပြပေးသည်။ သံချက်မစွဲဘဲ ဒီအတိုင်း ပြန်ဖုံးထားသဖြင့် အလွယ်တကူဖွင့်လို့ရသည်။ အဖုံးဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက်တည်း အပုပ်နံ့ကြီးက ထောင်းခနဲထွက်လာသည်။ အနံ့အသက်ကြီးက ဆိုးဆိုးဝါးဝါးကြီးကြောင့် ဗိုကြိုင်နှင့် ပိန်သေးတို့ပင် မခံစားနိုင်တော့။ နှစ်ယောက်သား မထားသောပျဉ်ဖုံးကို





ကျင်းပေါ်သို့ ကမန်းကတန်းပစ်တင်ရင်း ကျင်းပေါ်သို့ ပြေးတက်သွားကြပြီး ...

"ထွီ ... အနံ့ကြီးက ဆိုးလိုက်တာ၊ ပါးစပ်ထဲ အလုံးလိုက် ဝင်သလားမသိပါဘူး"

တံတွေးများ ထွီခနဲထွေးရင်း ဗိုကြိုင်ဆိုသည်။ ပိန်သေးမှာမူ ...

"အော့ ... အော့ ... နှလုံးနာလိုက်တာကွာ"

တအော့အော့အန်ရင်း ညည်းပြောပြောသည်။ မင်းတို့လည်း ဒီအလုပ်လည်း လုပ်သေးတယ်။ ရွာလယ်လေး ဘာလေးနဲ့။ သေကောင်ပဲ အပုပ်နံ့က ထွက်မှာပေါ့။ အပုပ်နံ့ မခံစားနိုင်ရင် အလုပ်မလုပ်စားနဲ့တဲ့ မောင်ဝိုင်းက အေးနှင့်မောနှင့်ပြောသည်။

ထို့နောက် မောင်ဝိုင်းကျင်းထဲသို့ဆင်းသည်။ ထို့နောက် ခေါင်းကို ကားယားခွရပ်သည်။ ထို့နောက် အခေါင်းထဲသို့ လက်နှိပ်မီးထိုး၍ ကြည့်သည်။

အလောင်း၏ကိုယ်ပေါ်တွင် ခြေဆုံးခေါင်းဆုံးခြုံထားသော ပဝါကိုတွေ့ရသည်။ ပဝါ၏အနားစများကိုလည်း အလောင်းအောက်ဖက်လည်ကို လုံလုံခြုံခြုံရှိစေရန် သေသပ်စွာ ထွေးညှပ်ထားသေး၏။ သို့သော် အလောင်းကောင်မှာ ပုပ်ပွနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဗိုက်မှာ လွန်စွာမို့မောက်လျက်နေသည်။ အပုပ်နံ့ကလည်း အသက်ရှုလို့မရအောင် ဆိုးဝါးနေ၏။ ရင်ထဲ၌ပင် ဗိုလ့်ချင်၊ အန်ချင်လာသည်။

မောင်ဝိုင်းသည် တာရှည်သည်းခံနိုင်စွမ်းမရှိတော့ပေ၊ တံတွေးထွေးလိုက်ပြီးနောက် ပဝါကို အသာဆွဲယူလိုက်သည်။ အလောင်း၏ကိုယ်ပေါ်မှာ ဖားပဝါကျွတ်ကျွတ်ချင်းဝင် …

"ရှုး … ရှုး … ရှုး"

တိတ်ဆိတ်လှသော အကာလည်းအခါကြီးတွင် "ရှုး … ရှုး"ဆိုသည့်အသံနက်ကြီးမှာ အလွန်တရာကျယ်လောင်လှပေသည်။ ကိုးသချိုင်းမောင်ဝိုင်းသည်ပင်လျှင် မကြုံစဖူးထိတ်လန့်တုန်လှုပ်သွားမိသည်။ နောက်သို့ ရုတ်ခြည်းခုန်၍ဆုတ်သည်။ ထို့နောက် အရောဆောပါးပင် ကျင်းပေါ်သို့ လွှားခနဲခုန်ပုံတက်သည်။ ကျင်းပေါ်သို့ ဘယ်ပုံဘယ်နည်းရောက်ရှိသွားသည်ကို မစဉ်းစားမိသော်လည်း ရင်တထိတ်ထိတ်ခုန်နေမှန်းကိုတော့ သိသာစွာခံစားနေရဆဲဖြစ်သည်။

"ဗိုကြိုင်၊ လက်နှိပ်ဓာတ်မီးငှါးပေး၊ ပိန်သေးဖယောင်းတိုင် မီး ဒီယူခဲ့၊ ဘာကြီးလဲ မသိဘူး …"

ပြောပြောဆိုဆိုပင် ဗိုကြိုင်လက်ထဲမှ လက်နှိပ်ဓာတ်မီးကို ကတိုက်ကရိုက်လှမ်းယူသည်။ ထို့နောက် မီးထိုးကာ ရှုး





ပြည်သံကြားနေရသောနေရာသို့ကြည့်သည်။ တရှုးရှုးနှင့်မှုတ်ထုတ်တာ မာန်ဖီနေသည့် မြွေကြီးတစ်ကောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

ပါးပျဉ်းကြီးကို အစွမ်းကုန်ခွက်ထားသည်။ မြွေ၏ဦးခေါင်းမှာလည်း အငြိမ်မနေ။ တိုယမ်းသည်ယိုင်ဖြင့် ပေါက်ရန်တပြင်ပြင်ရှိနေသည်။ မီးရောင်ကြောင့် မျက်လုံးနှစ်လုံးမှာလည်း ပတ္တမြားသွေးတဲ့သို့ ရဲရဲနီလျက်ရှိနေသည်။ မြွေ၏တစ်ကိုယ်လုံးမှာလည်း အရည်ရွှမ်းသည့် ဖျစ်ချွဲချွဲများ တောက်ပနေသည်။ ထို့ပြင် မြွေကြီးသည် သေဆုံးသူအမျိုးသမီးကြီး၏ ရင်ဘတ်ပေါ်တွင် တစ်တစ်ခွခွ နေရာယူထားလျက်ရှိ၏။

"ဟာ … မြွေဟောက်ကြီးပါလား … နည်းတဲ့အကောင် ကြီးမဟုတ်ဘူး။ ခြေသလုံးလောက်တောင်မှပဲ"

ပိန်သေးမှတ်ချက်ပေးသည်မှာ မှန်၏။ ဤမျှခြေသလုံးခန့်တုတ်သော မြွေဟောက်ကြီးကို မောင်ဝိုင်းက တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးချေ။

"သူငယ်ချင်း … ဘယ်လိုလုပ်မလဲ၊ မြွေကြီးကို ပေါက်ချွန်နဲ့ထုသတ်လိုက်ရမလား"

ဗိုကြိုင်က လက်ရဲဇက်ရဲလုပ်မည့်ပုံနှင့် ပြောသည်။ မောင်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း အဖြေမပေးနိုင်သေးဘဲရှိ၏။ ထိုအခိုက်တွင် မြွေကြီးသည် သူ့အကြောင်းပြောသည်ကို သိနေသလားမပြောတတ်။ ပါးပျဉ်းကြီး ပိုခွက်တာ တရှူးရှူးနှင့်ပို၍ ဒေါသထွက်နေလေတော့သည်။ ဦးခေါင်းသည်ပင် စောစောကထက် ပိုလှုပ်ရှားလို့နေသည်။ ဝေါက်ချွန်နဲ့ ထုသတ်မည်ဟု ပြောခဲ့မိသော ဖိုးကြိုင်ပင်လျှင် တုတ်တုတ်မျှ မလှုပ်ရဲတော့ပေ။

"ဟာ ... ဟာ ... ဒီမိန်းမကြီး ... ဒီမိန်းမကြီးပေါ့ စောစောက ဆံပင်ဖားလျားချပြီး အုတ်ဂူပေါ်မှာ ထိုင်နေတာလေ"

ပိန်သေးက အံ့ဩသံဖြင့် ပြောသည်။ သချိုင်းအဝင်တုန်းက ပိန်သေးတစ်ယောက်တည်းသာ မြင်တွေ့ခဲ့ရသည့် ရုပ်ရည်ကို ပြန်သတိရဟန်တူ၏။ မောင်ဝိုင်း ဘာမျှမပြောချင်ဖြစ်နေသည်။ လက်နှိပ်မီးဖြင့် သေဆုံးသူမိန်းမကြီး၏ မျက်နှာကို ထိုးကြည့်သည်။

မျက်နှာကြီးမှာ အဆမတန်ပွနေသည်။ အက်ကွဲသည့်နေရာအက်ကွဲနေပြီ။ အပုပ်ရေတွေ စီးနေသည်။ မျက်လုံးနှစ်လုံးမှာ တဖြည်းဖြည်း စူလာမည့်အနေအထား။ နှုတ်ခမ်းမှာ ခပ်တတ လျှာကမပြူတပြူ။ ခေါင်းမှာဆံပင်များမှာမူ ပုံသဏ္ဍာန်မပျက်သေး။ ဆံပင်ကောင်းသလောက် ရှည်လျားဖုံလည်းရသည်။





"ဘယ်လိုလုပ်ကြမလဲ ကိုဝိုင်း"ဟု ပိန်သေးက လေသံချော့ပျော့ဖြင့် မေးသည်။

"သူငယ်ချင်း ဒီမြွေကြီးက လူစကားနားလည်နေသလား မသိဘူး။ သူ့ကို သတ်မယ်ဆိုတာနဲ့ပဲ တရှူးရှူး တရှားရှားဖြစ်နေတယ်။ ငါတောင်လန့်လာပြီ"

သူတို့နှစ်ယောက်၏ စကားကို နားထောင်ရင်း မောင်ဝိုင်း တွေးကျပ်ရိုက်နေသည်။ ဘာဆက်လုပ်ရမှန်းကို မစဉ်းစားတတ်အောင်ပင် ဖြစ်သည်။ အပွဲပွဲနွှဲခဲ့သမျှ ဒီလိုအဖြစ်မျိုးတစ်ခါမှ မကြုံခဲ့ချေ။ ဒါပထမဆုံးအကြိမ်။ နောက်ဆုံးတွင် မောင်ဝိုင်းခေါင်းကို ခါလိုက်ပြီးမှ...

"ဘာမှ လုပ်မနေနဲ့တော့။ ခေါင်းအဖုံးပြန်ဖုံးပြီး မြေသာ ပြန်ဖို့လိုက်ကြကွာ"

"တာတွာ ... ပါးစပ်ဝရောက်ခါနီးမှကွ"

ဟုဖိုးကြိုင်က နှမြောသလို ဆိုသည်။ ပိန်သေးက ...

"တယ် ... ဘာဖြစ်လို့လဲ ကိုဝိုင်းရဲ့"

"ဘာဖြစ်လို့၊ ညာဖြစ်လို့ ပြောမနေနဲ့၊ ကွင်းပိုင်ကြီး ကျေနပ်ပုံမရဘူး။ ဒီမြွေကြီး ဒီခေါင်းထဲရောက်ဖို့ဆိုတာ လွယ်မှမလွယ်တာ။ အခေါင်းကလည်း ပိတ်ထားတာ။ ဒီထဲ မြွေရောက်နေတယ်ဆိုတော့ တို့ကို မကျေနပ်လို့ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်လုပ်ရင် တို့ဒုက္ခတစ်ခုခု တွေ့တော့မယ်။ တဲ...

ဇါ့စကားကို နားထောင်ကြ။ မြေပြန်ဖို့ကြ"

မောင်ဝိုင်းက ပြတ်သားစွာ ပြောချလိုက်တော့၏။

ဒီတစ်ကြိမ်တွင်မူ ကိုးသချိုင်းမောင်ဝိုင်းသည် သုသာ... ထွက်ထွက်ချင်းပင် ဦးခေါင်းကိုချလျက် လေးလံသောခြေလှမ်းမျာ... ပြန်ခဲ့ရတော့သည်။

မည်သို့ပင်ဖြစ်စေ မောင်ဝိုင်းသိနေသည်။

ကွင်းပိုင်ကြီး၏ အရေးယူခြင်းကို ထိရောက်စွာခံ... လိုက်ရပြီဟု နားလည်မိနေလေသည်။

* * *

(မှတ်ချက်။ ။ ခေါင်းကို အလုံပိတ်၍ သံစွဲထားပါလျက် ခေ... အတွင်းသို့ မြွေဟောက်ကြီး ရောက်နေသည်မှာ ကွင်းပိုင်... မကျေနပ်၍ ဒဏ္ဍခမ္ဘသက်သေပြလိုက်ခြင်းဖြစ်သည်ဟု မောင်ဝိုင်... ပြောပြခဲ့ပါသည်။ စာရေးသူ)



# ကိုးသချိုင်းမောင်ဝိုင်းနှင့်လျှာရှည်သောအလောင်း

(၁)

တစ်နေ့သ၌ ...

ကိုးသချိုင်းမောင်ဝိုင်းထံသို့ လူတစ်ယောက်ရောက်လာ၏။

ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသော ထိုလူစိမ်းကို ...သချိုင်းမောင်ဝိုင်းသည် တအံ့တသြနှင့်ပင် လက်ခံတွေ့ဆုံလိုက် ...တော့သည်။ မိမိနှင့် တစ်ကြိမ်တစ်ခါမျှလည်း ခင်မင်ရင်းနှီးဖူး ...သည်းမရှိ။ မြင်ဖူးခြင်းလည်းမရှိခဲ့သဖြင့် ရုတ်တရက်စကား ...ပြောသေးဘဲ ထိုလူကိုသာ အကဲခတ်သလို စိုက်ကြည့်နေမိသည်။

ထိုလူ၏ ဥပဓိရုပ်မှာမူ မဆိုးပေ။ မဟာနုဖူးမှာ အတော် ...သားကြည့်ရှုလို့ကောင်းသည်။ နက်မှောင်သောဆံပင်ကို ကတုံး ...တောက်ပေါ်တွင် ငုတ်တိုးငုတ်တုတ်တွေ့ရလေသည်။ ဆံပင်ရှည် ...လျှင် သေချာကျနစွာ ဖီးလိုက်ပါက အလွန်ကြည့်ရှုကောင်းမည်ဟု ...သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမျက်ဖန်ကောင်း၏။ မျက်ခုံးထူ၏။ နှာတံပေါ်၏ ထို့ပြင် သူ့မျက်နှာအကျသည် အလွန်ကြည့်ကောင်း၏။ နှုတ်ခမ်း မွေးမှာ ခပ်ရေးရေး ခပ်စိမ်းစိမ်းရှိပြီး ညာဘက်မေးစေ့တွင် မှဲ့ကလေး တစ်လုံးကိုတွေ့ရသည်။ ထိုမှဲ့တွင် မင်းမွေးဟုဆိုအပ်သော အမွေး သုံးလေးပင်က ခပ်ရှည်ရှည်။ ဇလကလည်း အထိုက်အလျောက် ရှိသည်။ အသားဖြူဖြူ လူပုံချောဖြစ်လေသည်။

အကယ်၍ ထိုလူသာ အနုပညာဘက်၌ ဝါသနာပါမည် ဆိုပါက ရုပ်ရှင်သော်လည်းကောင်း၊ ဇာတ်သဘင်တွင်သော်လည်း ကောင်း အနည်းဆုံးဒုတိယဇာတ်လိုက်မင်းသားတော့ ဖြစ်နိုင်သည်ဟု ကိုးသချိုင်းမောင်ဝိုင်း တွေးမိသည်။

ဒီလို ခုံခုံညားညားရှိပါလျက်နှင့် သူ့ထံသို့ တကူးတကန့် လာရသည်ကို နားမလည်နိုင်အောင်ဖြစ်မိသည်။ ကိုးသချိုင်းမောင်ဝိုင်း သည် ထိုလူအား ခြေဆုံးခေါင်းဆုံး လေ့လာအကဲခတ်ပြီး မျက် မှောင်တစ်ချက်ကြုတ်လိုက်ပြီးနောက် ...

"မောင်ဝိုင်းခေါ် ကိုးသချိုင်းမောင်ဝိုင်းဆိုတာ ကျုပ်ပါ မိတ်ဆွေ ကျုပ်ကို တွေ့ချင်တဲ့အကြောင်းက ..."

စကားကို အဆုံးမသတ်။ ရပ်ထားရင်းထိုလူအား ထပ်မံ ကြည့်ရှုနေသည်။ ထိုစဉ် အဆိုပါလူက ဘာကိုသဘောကျသွားသည် သိ၍ အတဲဟု တစ်ချက်ရယ်မောသည်။ သူ့ရယ်မောသံမှာ လူမိုက်တစ်ယောက်ကဲ့သို့ရှိလေ၏။





"ကြိုက်သွားပြီ၊ ကြိုက်ပြီ။ ဒါကြောင့်လည်း ကိုးသချိုင်း မောင်ဝိုင်း၊ ကိုးသချိုင်းမောင်ဝိုင်းနဲ့ နာမည်ကြီးနေတာကိုး" လှောင်သလိုလို ပြောင်သလိုလို အပြောခံလိုက်ရသကဲ့သို့ ရှိသည်ဟု ထင်မိသဖြင့် ...

"ကိုယ့်လူက ကျုပ်ကို လှောင်ပြောင်နေတာများလား" ဟုဒေါသသံဖြင့် ခပ်ဆတ်ဆတ်မေးမြန်းလိုက်ရာ ထိုလူက မျက်ချင်းလက်ကာလိုက်ပြီး ...

"အတဲ ... ကိုးသချိုင်းမောင်ဝိုင်းရဲ့ ဒေါသက တယ်ကြီး ပေသကိုး။ ကျုပ်က ဒီသဘောနဲ့ ပြောတာ ဆိုတာ မဟုတ်ပါဘူး။ မိတ်ဆွေသဘောပါဗျာ။ ကျုပ် ကြားရတဲ့ သတင်း နဲ့ကိုက်ညီနေလို့ပါ။ ဒါထက်ကျုပ်နာမည်ကိုလည်း မိတ်ဆက်ပေးပါရစေဦး ..."

ဒေါသမကြီးဖို့ တောင်းပန်ရင်း ထိုလူက သူ့ကိုယ်သူ မိတ်ဆက်ပေးမည်ဟု ပြောလိုက်သောအခါ၌ ကိုးသချိုင်းမောင်ဝိုင်း သည် လက်နှစ်ဖက်ကိုပိုက်၍ တောင့်တောင့်မတ်မတ်ရပ်ကာ ခပ်တည်တည် နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည် စံအေးပါ"

ဟုနာမည်ကို ထုတ်ဖော်မိတ်ဆက်ပေးလိုက်သည်နှင့် တစ်ပြိုင်တည်း ကိုးသချိုင်းမောင်ပိုင်းကလည်း ဆိုင်းမဆင့် ဗုံမဆင့်ပင် မေးလိုက်သည်။

"ကိုစံအေး ထောင်ကလွတ်လာတာ ဘယ်နှစ်ရက်ရှိပြီလဲ"

ရုတ်ခြည်း ကောက်ခါငင်ခါမေးမြန်းခံလိုက်ရသဖြင့် စံအေးမှာ လွန်စွာမှပင် အံ့ဩသွားသည်။ မျက်လုံးပြူး မျက်ဆံပြူးဖြင့် ကိုးသချိုင်းမောင်ပိုင်းအား အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ...

"နေပါဦး၊ ကိုးသချိုင်းမောင်ပိုင်းရဲ့၊ ကျုပ်ထောင်ထွက် တစ်ယောက်ဖြစ်မှန်း ခင်ဗျားဘယ်လိုလုပ်သိနေတာလဲ"

ဟုမေးလိုက်ရာ ကိုးသချိုင်းမောင်ပိုင်းက တန်ပါပါရင်ကို ကော့လိုက်ပြီးမှ လေသံခပ်တိုးတိုးဖြင့် ...

"မင်းခေါင်းက ပုံစံခေါင်းက ခုထိပျက်မှမပျက်သေးတာပဲ"

စကားအဆုံးတွင် စံအေးသည် သူ့ခေါင်းသူ လက်ဖြင့် စမ်းရင်းရယ်သည်။

"ဟုတ်ပါရဲ့ဗျ။ လွတ်ရက် တစ်လကျော်ကျော်လိုသေးတယ် မှတ်လို့ ပုံစံခေါင်းသွားညှပ်လိုက်မိတာ။ အရေးပေါ်နဲ့ လွတ်လာတာဗျာ။ ဒီနေ့ပါဆို ဆယ့်ငါးရက်ပဲရှိသေးတယ်"





ဟုပြောလိုက်ရာ ကိုးသချိုင်းမောင်ပိုင်းက ခပ်ပြုံးပြုံး နေပြီးမှ ဒုတိယမေးခွန်းကိုဆက်လိုက်ပြန်၏။

"အထဲမှာ ဗိုကြိုင်နဲ့ တွေ့ခဲ့သေးတယ်မဟုတ်လား"

ယခုအခါ၌ ကိုးသချိုင်းမောင်ပိုင်းနှင့် အတွဲအညီခံဖုံး ဗိုကြိုင်မှာ ာင်ဒဏ်ချောက်လ အပြစ်ကျသွားသည်။ အမှုက ကြက်တိုက်မှု သည်။ ဗိုကြိုင်ကိုယ်တိုင်က ကြက်ဆွဲမဟုတ်။ အဖော်ကောင်း၏ ့ယ်ကောင်းမှုကြောင့် ကြက်ဝိုင်းသို့ရောက်သွားသည်။ ဆေးထိုး ပြောသာဖြစ်သည်။ ဝိုင်းက ဝိုင်းကောင်း၊ လောင်းကြေးကာပင် ည်း။ တစ်ဝိုင်းတစ်ဝိုင်း တစ်သိန်းကျော်သည်။

မည်သူက သတင်းပေးလိုက်သည် မပြောတတ်။ ရပ်ကွက် ကြီးနှင့် ရဲများရောက်လာသည်။ ဝိုင်းဖမ်းသည်။ မည်သူမျှမလွတ်။ လုံးအဖမ်းခံရသည်။ သက်သေခံပစ္စည်းများနှင့်တကွ ရုံးတင် ာ်သောအခါတွင် ဗိုကြိုင်မှာ ခါတော်မီစာရင်းအရ ထောင်ဒဏ် တ်လ...။

စံအေးက ပြုံးစေ့စေ့လုပ်နေပြီးမှ ပြောသည်။

"ထောင်ထဲမှာ ဗိုကြိုင်နဲ့တွေ့ရုံဘယ်ကမလဲ၊ ကျုပ်နဲ့ လည်း ဒေါ်တော်ခင်မင်ခဲ့ကြတာ။ ကျုပ်က ထောင်ထဲက တောင်ယာနှစ်ရဲ့ဘုတ်တိုင်ပါ။ ကျုပ်ရဲ့ဘုတ်ကိုင်အဖွဲ့ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မိုကြိုင်လည်းပါပါတယ်။ လုံးဝီးဆွဲစားတော့လည်းအတူတူ အကြံအဖန်လုပ်တော့လည်းအတူတူ၊ နောက်ဆုံး တုန်တု… ပြောရရင်အခေါင်မှာအိပ်ကြတော့လည်း အိပ်ရာချင်း… ဆက်နေတာ။ အိပ်ချိန်မပေးမချင်း တစ်ယောက်အကြောင်း… တစ်ယောက်ပြောကြဆိုကြပေါ့ဗျာ ...”

သို့ကလောက်ပြောပြလိုက်ရုံမျှနှင့် ကိုးသချိုင်းမောင်ဝိုင်… သဘောပေါက်သလောက်ရှိသွားပြီးဖြစ်သည်။ သူ့အကြောင်း၊ သူ… လုပ်ငန်းအကြောင်း၊ သူတို့နေထိုင်ရာရပ်ကွက်အကြောင်း စသည်… ပြောခဲ့ကြပေလိမ့်မည်။ အိတ်သွန်ဖာမှောက်ရှိလိမ့်မည်။ ထို့ကြော… ကိုးသချိုင်းမောင်ဝိုင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာဖြင့် ...

“အင်း ... မိုကြိုင် ပါးစပ်မလုံတာတွေက သိပ်မရှိ… ပါဘူး။ မိုကြိုင် အဲသလိုပြောတာ ကိုစံအေးနဲ့ဆို ကိုးသ… ကိုးယောက်တော့ ရှိသွားပြီထင်တယ်”

ဟုမှတ်ချက်စကားကိုကြားလိုက်ရသောအခါ စံအေး… မျာမျာသလဲပင် ...

“မိုကြိုင့်ကို အဲသလိုတော့မထင်လိုက်ပါနဲ့ဗျာ။ ကိုးသချိုင်း… မောင်ဝိုင်းလည်းအသိသားပဲ။ ထောင်ထဲမှာက ပျော်စ… ရှင်စရာရုပ်ရှင်ကြည့်စရာဆိုလို့ ဘာမှမရှိတဲ့တာလေ။ အ…





သလို တိုးပြောဒီပြောနဲ့ပဲ စိတ်ကိုဖျော်ဖြေနေရတာ မဟုတ်လား”

ဟုကိုစံအေးက မိုကြိုင့်ဘက်မှ တာကာကွယ်ကွယ် ပြော လိုက်ရာ ကိုးသချိုင်းမောင်ဝိုင်းက တစ်ချက်ပြုံးလိုက်ပြီးမှ ...

“ထားပါတော့ဗျာ။ ကိုစံအေးကိစ္စကိုသာပြောပါ။ ဘာလုပ် ပေးရမလဲ”

စံအေးက ချက်ချင်းမပြောသေး။ ပတ်ဝန်းကျင်ကို အကဲ ခတ်သလို လှည့်ပတ်ကြည့်၏။ သူပြောမည့်စကားကို သေးလူ တစ်ဦးဦး ကြားသွားမှာ စိုးရိမ်သည့်အလားရှိသည်။ ထို့နောက် မျက်မှောင်ကြုတ်လျက် ...

“လူရှင်းပြီး လွတ်လွတ်လပ်လပ်ပြောလို့ကောင်းတဲ့နေရာ ဆိုရင် မကောင်းဘူးလား”

ကိုးသချိုင်းမောင်ဝိုင်းက ...

“ကောင်းပြီလေ။ ခုချိန်ဆိုရင် ဇါထိုင်နေကျ လက်ဖက် ရည်ဆိုင်က လူရှင်းလောက်ပြီ။ အဲ့ဒီမှာသွားထိုင်ကြမယ်၊ လာ”

ပြောပြောဆိုဆိုပင် ကိုးသချိုင်းမောင်ဝိုင်းက ဦးဆောင်ထွက် လာသဖြင့် စံအေးက နောက်မှအသာလိုက်လာလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



နန်းထိုက်လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။ ချောင်ကျသော စားပွဲတစ်လုံးကိုရွေးချယ်၍ နှစ်ယောက်သားမျက်နှာချင်းဆိုင်ထိုင်သည်။ စားပွဲထိုးကလေး ရောက်မလာခင်မှာပင် မောင်ဝိုင်းက လေသံသဲ့သဲ့ဖြင့်မေးသည်။

"မင်း ဘယ်လိုသောက်သလဲ"

ဟုမေးလိုက်ရာ စံအေးက ချက်ချင်းဖြေသည်။

"ကျောက်ပန်းတောင်းပဲ"

ထိုစဉ် စားပွဲထိုးကလေး အနားသို့ရောက်လာရင်း ...

"ဘာသုံးဆောင်မလဲအစ်ကို"

ဟုမေးလိုက်သည်။

"အေး၊ လက်ဖက်ရည်ပဲ၊ ကျောက်ပန်းတောင်းနဲ့ ပါအတွက် ကခါတိုင်းလိုပဲ"

"ရှယ်လား၊ ရိုးရိုးလား"

"ရှယ်လုပ်ကွာ"

ဟုဖြေလိုက်ရာ စားပွဲထိုးကလေးသည် ရေနွေးကြမ်းအိုးကို လှမ်းယူရင်း အဖျော်ဆရာကို လှမ်းအော်သည်။

"ရှယ်နှစ်၊ ဆော်ပြနဲ့ဆော်လန်ဆရာရေ"

သူတို့အသုံးစကားဖြင့် လှမ်းအော်ပြောသည်။ သူ့အတွက်





အဖန်ရည်ကျကျကို ဆော်လန်ဟုပြောသည်ကို သူနားလည်သည်။ စားပွဲထိုးကောင်ကလေးသည် အကြမ်းအိုးချပေးပြီးနောက် လက်ဖက်ရည်အချိုပန်းကန်များ လာချပေး၏။ ကောင်ကလေး လှည့်အထွက်တွင် ...

"အခြေအနေကို ပြောပါဦး"

စကားတောင်းလိုက်သည်။ စံအေးက လက်ဖက်ရည်ပန်းကန်ကို ဇွန်းဖြင့်မွှေနေရာမှ ကိုးသချိုင်းမောင်ဝိုင်းကို မော်ကြည့်သည်။ ထို့နောက် လေသံတိုးတိုးဖြင့် ...

"အလုပ်တစ်ခုတွေ့ထားတယ် ကိုဝိုင်းရဲ့"

လက်ဖက်ရည်ဆိုင်ထဲတွင်ဖြစ်သဖြင့် သူ့ကို ကိုးသချိုင်းမောင်ဝိုင်းဟုမသုံး။ သည်နေရာမျိုး၌မခေါ်သင့်။ ထို့ကြောင့်ထင်သည်။ ကိုဝိုင်းဟု သုံးနှုန်းခေါ်ဝေါ်လိုက်ဟန်တူသည်။ စံအေးသည် အကင်းပါးပြီး လူ့အလိုက်ကိုနားလည်မှုရှိသည်ဟု ကိုးသချိုင်းမောင်ဝိုင်း အကဲခတ်မိသည်။

ကိုးသချိုင်းမောင်ဝိုင်းက နှုတ်ခမ်းစေ့ထားပြီးပြုံးသည်။ ပြီးမှ

"ငါ ဒီအလုပ်မျိုးလုပ်တတ်တယ်လို့ ဗိုကြိုင်က အတွင်းကျကျ ပြောပြထားပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



စံအေး ခေါင်းညိတ်သည်။ လက်ထဲက လက်ဖက်ရည်ခွက်ကို စားပွဲပေါ်ရှိပန်းကန်ပြားတွင် ဖြည်းဖြည်းပြန်ချသည်။

"မိုကြိုင်က တော်တော်ပြည့်စုံအောင် ပြောပြထားတယ်"

"အင်း ... ခက်တော့ခက်တယ်။ ဘယ်လိုပြောရမလဲ ဆိုတော့ ဒီအလုပ်မျိုးက စိတ်ကူးယဉ်အလုပ်မျိုးမဟုတ်ဘူး။ ဒီလိုလုပ်လိုက်လို့ ဘယ်ရွေ့ဘယ်မျှ ရလိမ့်မယ်လို့လည်း ကံသေကံမ မပြောနိုင်ဘူးကွ။ ဖြစ်ချင်လည်းဖြစ်မယ်၊ မဖြစ်ချင်လည်းမဖြစ်ဘူး။ ပြောသံကြားရုံနဲ့ ဟုတ်ပြီဆိုပြီး သွားလုပ်တော့ ထင်သလောက်မရဘဲ လှည့်ပြန်ရတာမျိုး လည်းကြုံတတ်တယ်။ နောက်တစ်ခု သတ္တိဇွတ္တိ။ တော် တန်ရုံသတ္တိမျိုးနဲ့မကိုက်ဘူး။ ဒါက သူခိုးအလုပ်မဟုတ် ဘူး။ ခါးပိုက်နှိုက်တာမဟုတ်ဘူး။ ဖောက်ထွင်းတာမဟုတ် ဘူး။ သိတယ်နော်။ ဒီနေရာက နှယ်နှယ်ရရမဟုတ်ဘူး နေရာ"

ကိုးသချိုင်းမောင်ဝိုင်းက မိန့်ခွန်းကြီးခြွေသလို ဖောက် လျှောက်ပြောလိုက်သည်။ စံအေးသည် ကိုးသချိုင်းမောင်ဝိုင်းပြော ပြနေသမျှကို နားစိုက်ထောင်လျက် ခေါင်းတညိတ်ညိတ်ရှိနေသည်။ စကားဆုံးမှပြောသည်။





"ကိုဝိုင်းပြောတာမှန်ပါတယ်။ မိုကြိုင်ကလည်း အဲသလိုပဲ ပြောပါတယ်။ ကျုပ်ကလည်း ဒီလိုသတ္တိမျိုးပါပဲ"

"စည်းဖောက်လို့ကတော့ အားလုံး ဒုက္ခနဲ့တွေ့ပြီမှတ်"

"ကျုပ်ကိုယ်ကျုပ် အာမခံပါတယ်။ ကိုဝိုင်းကြိုက်သလို စမ်းနိုင်ပါတယ်"

စံအေးက ရဲရဲကြီးအာမခံသည်။ ကိုးသချိုင်းမောင်ဝိုင်းက ...ကြောကိုတစ်ချက်ကြုတ်သည်။ လက်ဖက်ရည်ကို တစ်ကျိုက် ...ကျိုက်သောက်သည်။ သောက်ရင်း စံအေး၏စကားကို ရင်ထဲ၌ ...ဆကြည့်သည်။ အပြောနှင့်အလုပ် ဟုတ်မဟုတ်ကို မည်သို့ ...သန့်ရမည်မသိ။

ခက်သည်ကား စံအေးဆိုသောလူစိမ်းနှင့် ဓိမိသည် တစ်ကြိမ် ...ခံမျှ မတွဲဖူးပေ။ အလုပ်မပြောနှင့်။ ဆက်ဆံမှု သိကျွမ်းမှုပင်မရှိခဲ့။ ...ပြင်ကြီးတို့၊ ပိန်သေးတို့ဆို အကြောင်းမရှိ။ သူတို့နှင့်က တွဲခဲ့ ...သည်မှာ အကြိမ်မနည်း။ ခုက သူစိမ်းဖြစ်၏။ ပစ္စည်းပစ္စယ ...သေးခင်ကတစ်မျိုး။ ရသမျှပစ္စည်းတွေမြင်တော့ စိတ်ပြောင်းကာ ...သွင်တစ်မျိုး ဖြစ်တတ်ပေသည်။

ဒီလိုအဖြစ်မျိုးကြုံတွေ့ဖူးထား၏။ နောင်တွင် တစ်ယောက် ...တစ်ယောက် စိတ်ဝမ်းကွဲကြ၊ ရန်သူသဖွယ်ဖြစ်ကြ၊ မြင်ကပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြမ်းခြရသည်ကို သတိရသည်။ ထို့ပြင် ဦး သွန်းရတုန်းကလည် သူ့ကိုတပည့်အဖြစ်လည်းကောင်း၊ ရရှိသည့်ပစ္စည်းများအပေ ဝေခွဲပေးရာတွင် ခေါင်းပုံအဖြတ်ခံရပုံအဖြစ်လည်းကောင်း စသ တွေ့ခဲ့ကြုံခဲ့သမျှကို မေ့မရ။ ရင်နာ၍ မဆုံး။ သူလုံးလုံးသ နေဆဲဖြစ်သည်။

ယခုလည်း စံအေးသည် လူသစ်။ အတွေ့အကြုံသ ကူးပြောင်းလာချင်ဟန်ရှိ၏။ နောက်ပိုင်း စိတ်သဘောထားပြေ မပြောင်း ဧကန်မဆိုနိုင်။ တစ်ထစ်ချ မသတ်မှတ်နိုင်။ ကိုးသ မောင်ပိုင်းမှာ အတော်ကြီးချိန်ဆနေမိ၏။

“မင်းက ကြိုက်သလို စမ်းသပ်နိုင်ပါတယ်ဆိုပေ ခုလောလောဆယ်မှာတော့ ငါတို့မှာ ဘာအစီအစဉ်မှ သေးဘူး။ ဒီမျိုးဆိုတာကလည်း တွေ့သမျှကို ရမ်း ပြီး လိုက်ဖော်လို့ဖြစ်တာမျိုးမှ မဟုတ်တာ။ ဖော်လိုက် ကိုယ့်အတွက်အကျိုးရှိရင် တော်သေးရဲ့။ ဘာမှမ လက်ချည်းသက်သက်ဆို မောတာပဲအဖတ်တင်မှာ”

ဟုအလုပ်မရှိသေးကြောင်းကို ပြောပြလိုက်ရာ စံအေ ပြုံးလိုက်ရာမှ ...





“ကိုပိုင်းမှာ အခုလောလောဆယ် အလုပ်မဖြစ်နိုင်သေးတာကို ကျုပ်သိပါတယ်။ အဲဒါက အကြောင်းမဟုတ်ပါဘူး။ ကျုပ်အကွက်ကောင်းတွေ့ထားလို့ လာပြောတာပါ”

အကွက်ကောင်းတဲ့ဆိုလိုက်သော်လည်း ကိုးသချိုင်းမောင်ပိုင်းမှာ ရုတ်တရက်ဝမ်းမသာနိုင်ရှာသေး။ အကွက်ကောင်းဆိုတာ ဘာအကွက်ကောင်းလဲ၊ ဘယ်လိုအကွက်မျိုးလဲ။ သူတို့လုပ်နေကျအလုပ်မျိုးလား။ သို့မဟုတ် ဒီပြင်အလုပ်မျိုးလား၊ ခိုးတာတို့၊ ဖောက်တာတို့၊ ဓားပြတိုက်တာတို့ဆို သူမလုပ်ချင်။ လုပ်လည်းမလုပ်ရဲ။ ဒီလိုအဖြစ်မျိုးနှင့် နာမည်ထွက်သွားမှာကို အမုန်းပင်ကြောက်သည်။

ထို့ကြောင့် သူရှင်းအောင်မေးသည်။

“အကွက်ကောင်းဆိုတာက ဘယ်လိုအကွက်ကောင်းလဲ။ ခိုးရမှာလား။ တိုက်ရမှာလား။ ဒီမျိုးဆို ငါ့ဆီလာလို့အပိုပဲ။ ငါ မလုပ်ချင်ဘူး။ အေး ငါ့အလုပ်မျိုးဆိုရင်တော့ ပြော။ ငါစိတ်ဝင်စားရင်လုပ်မယ်”

ကိုးသချိုင်းမောင်ပိုင်းက ယတိပြတ်ပြောချလိုက်၏။ စံအေးသည် ရေနွေးကြမ်းကိုသောက်နေရာမှ ခေါင်းခါသည်။ လက်ထဲက ရေနွေးကြမ်းပန်းကန်လုံးကို စားပွဲပေါ်သို့ အသာပြန်ချထားလိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခိုးဖို့ တိုက်ဖို့မဟုတ်ပါဘူး။ ကိုဝိုင်းလုပ်နေကျအလုပ်ပါပဲ။ အဲဒါကို ပြောချင်လို့"

ကြုတ်ထားဆဲမျက်မှောင်ကို မပြေသေးဘဲ ထားမြဲထားလျက်

"ဘယ်လိုလဲပြောပါဦး ..."

"အနေအထားကောင်းတယ်လို့ဆိုရမှာပေါ့။ ရွှေသွားချည်းပဲခြောက်ချောင်းတဲ့။ ပြီးတော့ ကမ့်ပွဲရွာမှာတော့ ဦးရပ်စိန်လျှောင်က တော်တော်ချမ်းသာသဆိုပဲ။ ကုန်ခြောက်ဆိုင်လည်းရှိ၊ လယ်ယာမြေတွေလည်းပိုင်။ ပြီးအိမ်မှာရက်ကန်းစင်တွေက လေးငါးခြောက်စင်။ တိုက်နဲ့ကားနဲ့တဲ့လေ"

စံအေးစကားက လိုရင်းကိုမရောက်နိုင်။ ဦးရပ်စိန်လျှောင်၏ချမ်းသာကြွယ်ဝပုံကို ဟိမဝန္တာချီးမွမ်းခန်း ထုတ်နေဘိသကဲ့သို့ ရှိလေသည်။

သို့ရာတွင် ကိုးသချိုင်းမောင်ဝိုင်းက စိတ်ရှည်သည်းခံနားထောင်နေသည်။ စကားထဲမှ မေးစရာမေးခွန်းအချို့ကိုလည်း စဉ်းစားထားမိ၏။

"ဦးရပ်စိန်လျှောင်က အဲဒီရွာက ဒေါ်ခင်လေးနဲ့ အိမ်ထောင်ကျတာတဲ့။ အဲဒီရွာမှာ လိုက်နေတာ။ ကိုးကွယ်တာက





လည်းဗုဒ္ဓဘာသာတဲ့။ အသက်ငါးဆယ်ကျော်နဲ့ ကွယ်လွန်သွားရှာတာဆိုပဲ"

ဆွေမျိုးစပ်၊ ရာဇဝင်ခင်းနေတာနှင့်ပင် စကားဆုံးနိုင်တော့[…]ထင်ပေ။ ထို့ကြောင့် ကိုးသချိုင်းမောင်ဝိုင်းက စကားဖြတ်၍...

"နေပါဦး၊ ငါမေးစမ်းပါဦးမယ်၊ အဲဒီလူကြီးမှာ ရွှေသွားခြောက်ချောင်းပါတယ်ဆိုတာ မင်းတွေ့ဖူးလို့လား။ သေကောသေချာရဲ့လား"

ခိုင်မာသည်ထက်ခိုင်မာအောင် မေးခွန်းထုတ်လိုက်ရာ စံအေး[…]ည်း ချက်ချင်းပင် ...

"တာ သိပ်သေချာတာပေါ့ ကိုဝိုင်းရာ။ ကျုပ်က ကြိုင်ထွန်းဆိုတဲ့ အဲဒီရွာသားနဲ့က ငယ်ပေါင်းလေ။ ကြိုင်ထွန်းဆီသွားရင်းလာရင်း အဲဒီဆိုင် ဝင်ဖူးနေတာ။ အဲဒီလူကြီးမသေခင်က သုံးလေးကြိမ် ဆုံခဲ့တယ်။ ပါးစပ်ထဲက ရွှေသွားတွေဝင်းနေတာဗျာ"

"ရွှေသွားလောက်နဲ့တော့ ငါတို့အဖို့ ကီးမကိုက်သေးဘူးထင်တယ်"

"ဒါတင်ဘယ်ကမလဲ ကိုဝိုင်းရဲ့။ သတင်းအရဆို တခြားပစ္စည်းပစ္စယတွေတောင်ပါသေးတဲ့။ သူ့သမီးတွေက သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



သွေးပါတာကိုး။ သူ့အဖေမသေခင်ကတည်းက မှာ
အတိုင်း လုပ်ပေးကြသတဲ့”

စံအေးက သူသိထားသမျှကို အိတ်သွန်ဖာမှောက် ပြေ
ပြသည်။ ကိုသချိုင်းမောင်ပိုင်းကမူ စံအေးပြောပြသမျှကို နားထော
နေရင်း ရင်ထဲမှာ အကွက်ကျကျတွေးနေသည်။ လုပ်ငန်း တစ်
တစ်ချို့ လုပ်ရသည်မှာ လွယ်သည်မဟုတ်။ အခက်အခဲမျိုးစုံရှိ
သည်။ အန္တရာယ် အဖုံဖုံကြုံနိုင်သည်။ ထိုကဲ့သို့သော ကြား
ရလိုက်လျှင်လည်း ထိုက်ထိုက်တန်တန်ကော့ ရှိစေချင်သည်။

“ဒါထက် အဲဒီကမ်းပွဲဆိုကာက ဘယ်နေရာမှာလဲ”

“ဟိုဘက်မြစ်တစ်ကမ်းမှာလေ။ ကမ်းပွဲရွာ၊ အေးရွ
လက်ပံရွာလေဗျာ။ ရွာသုံးရွာမှာ ဗိုခနောက်ဆိုင် တ
ထားတာ”

ကိုးသချိုင်းမောင်ပိုင်း သိလိုက်ပြီ။ ထို့ကြောင့် ထပ်မေးသည်
“သချိုင်းကုန်းက ဘယ်နားဆီမှာလဲ”

“သချိုင်းကတော့ ရွာသုံးရွာရဲ့အလယ်မှာ။ ကျန်တစ်ဘ
မြစ်ခံနေတယ်။ မြစ်ကမ်းနဖူးပေါ့။ ကမ်းပါးကလည်း
တစ်ပြန်သာသာတော့မြင့်တယ်”

ကြားရုံမျှနှင့်ပင် ကျောချမ်းမိသည်။ ရွာသုံးရွာ၏ အလယ်





တကတည်းက ဝင်လမ်းထွက်လမ်းမသာ။ ထို့ပြင် တစ်ဘက်တွင်မူ
ခံနေသည်။ မြစ်ကမ်းပါးက ဝါးတစ်ပြန်သာသာသာ။ အကယ်တန္တု
တို့လုပ်ငန်းကို ရွာသားတွေသိလို့ကတော့ ပြေးပေါက်မရှိ။ မြစ်ထဲ
ချရုံသာရှိတော့သည်။

ကိုသချိုင်းမောင်ပိုင်း ဦးနှောက်ခြောက်သွား၏။ အတန်ကြာ
အောင်ငိုင်နေပြီးမှ ...

“တော်တော်တော့ ကျဉ်းကျပ်တဲ့နေရာပဲ ...”

“သွားလမ်းလာလမ်း မသာလို့လား”

“လမ်းမသာရုံမကဘူး။ အဆင်မသင့်ရင် လူတွေတစ်ဖွဲ့
လုံးပါ မသာဖြစ်သွားနိုင်တယ်ကွ”

ထိုစကားကြောင့် စံအေး ပခုံးတွန့်သည်။ စီးကရက်တစ်
လိပ်ကို အမှတ်မထင်သလိုယူသည်။ ဂက်စ်မီးခြစ်ဖြင့် မီးတို့ပြီး
သာသာ ဖွာရှိုက်သည်။ တစ်ဖွာ နှစ်ဖွာ ဖွာပြီး မီးခိုးများကို
မှုင်မှုင်မှုတ်လိုက်ကာ ...

“သချိုင်းကုန်းက ရွာတွေဝိုင်းနေလို့လား”

ကိုးသချိုင်းမောင်ပိုင်းက ခေါင်းညိတ်ပြီးပြောသည်။

“မှန်တာပေါ့။ ရွာသုံးရွာအလယ်မှာ။ ပြီးတော့ တစ်ဘက်
ကမြစ်၊ မင်းစဉ်းစားကြည့်လေကွာ။ အရေးရယ်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရယ်ဆိုတို့ဘယ်လိုထွက်မလဲ။ ဒီမျိုးဆိုတာက လူ
သူမသိ ခိုးကြောင်ခိုးဝှက် လုပ်တဲ့အလုပ်ကွ။ အဲဒီ
ကတော့ အသက်ကိုဇက်နဲ့ထုပ်ဖို့ ပြင်ထားတော့ပဲ
နေရာမျိုးဆိုတာ သိပ်မလွယ်ဘူးထင်တယ်"

စံအေး စိတ်ဓာတ်ကျသွားပုံရ၏။ ဦးခေါင်းငိုက်သွား
စီးကရက်ကို ခပ်နာနာဖွာလျှက်နေပြီးမှ ...

"ဒီဆို အလုပ်မလုပ်နိုင်တော့ဘူးလား"

ဟု စံအေးက လေသံပျော့ပျော့နှင့်မေးလိုက်ရာ ကိုး
မောင်ဝိုင်းက နဖူးကြောတွေကြုတ်လိုက်ကာ ...

"အဲသလိုတော့မဟုတ်သေးဘူးကွ။ အခြေအနေကို
ပြီး လေ့လာကြည့်ဦးမယ်။ လုပ်သင့်ရင်လုပ်ကြ
မယုတ်မလွန်ပြောသည်။ စံအေး နည်းနည်းအားရှိ
သွားရောက်လေ့လာကြဖို့ရက်ကို အချိန်းအချက်လုပ်ပြီး
သူတို့နှစ်ယောက် ခွဲလိုက်ကြသည်။





(၂)

စံအေးပြောသည့်အတိုင်း မှန်သည်။

ရွာသုံးရွာက ဗိုခနောက်ဆိုင် ရွာတည်းထားသလိုရှိ၏။ သချိုင်းကုန်းက ထိုရွာသုံးရွာ၏အလယ်တွင် ရောက်နေ၏။ ကမ်းပဲ့ရွာဆီသို့ ဦးတည်လာသောမြစ်ကြောင်းသည် သုသာန်တည့်တည့်ကို တိုးဝင်လာသလိုဖြစ်သည်။ ထို့ကြောင့် ထိုရေစွယ်ထိုးမှုကို ထိုသချိုင်းသည် မရှုမလှခံစားနေရသည်။ ကမ်းပါးများသည် ရေ၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်ပုံမရ။ အက်ကြောင်းများဖြစ်ကာ အလွှားလိုက် အလွှားလိုက် ပြိုပျက်နေသည်။

ချောက်ကမ်းပါးအောက် ရေစီးကြောင်းမှာ တစ်မူထူးနေပြန်သည်။ ရေစီးသည် ကမ်းပါးကို ဝါးလုံးထိုး တိုးဝှေ့လိုက်ရသဖြင့် နောက်ကြောင်းပြန်ရသည့်ရေမှာ ဝဲကန်တော့ထိုးတော့သည်။ ဝေါ ဝေါအော်မြည်နေသော ဝဲကြီးမှာ ကြောက်မက်ဖွယ်ကောင်းလှ၏။ ထိုဝဲထဲကျသွားမည်ဆိုပါက ထိုလူအဖို့ အသက်ရှင်မည်မဟုတ်။ ဝဲအောက်သို့ဆွဲယူ နစ်မြုပ်သွားမည်မှာ ဓကန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုရှိသေးသည်။ အေးရွာပင်ဖြစ်သည်။ ထိုရွာသည် ရွာကြီးဖြစ်သည်။ အိမ်ခြေနှစ်ထောင်ကျော်ရှိလိမ့်မည်ထင်သည်။ အဝေးပြေးကားလမ်းမကြီးနှင့်လည်း အလှမ်းနီးသည်။ သစ်ကား၊ ကုန်တင်ကား၊ ခရီးသည်တင်(စ)ကား စသည်များက မပြတ်မလပ်၊ ကိုယ်ပိုင်ကား၊ မော်တော်ဆိုင်ကယ်များကလည်း နေ့ညမပြတ် သွားနေသည်ဟု သိထားရသည်။

ထိုရွာဘက်မှလှည့်ဝင်လို့ကတော့ ကိုယ့်မသာကိုယ်ထမ်းရမည့်ကိန်းတည်း။ စဉ်းစားစရာ နှစ်ချက်မရှိတော့သည်။ ကျန်ရွာနှစ်ရွာဘက်က အဝင်အထွက်ရွေးရလိမ့်မည်။ သို့သော် ဒီနေရာတွင် ရွာခံလူမပါ၍မဖြစ်။ ပါကိုပါမှ။ သည်လိုပါလာခဲ့သော် ထိုလူသည် ရွာသုံးရွာအပေါ်၌ တစ်နည်းနည်းအားဖြင့် ဩဇာရှိရမည်။ ဩဇာရှိသည့်အပြင် ကြောက်ရွံ့ခံ့ညားလျှင် ပိုကောင်းသည်။

သို့ရာတွင် ဒီလိုလူစားမျိုးက ဘုရားလူကြီးတို့၊ ရပ်ရေးရွာရေးဆောင်ရွက်သည့် လူစားမျိုးဆိုတော့ မဖြစ်နိုင်ပေ။ သူတို့က ဒီအလုပ်မျိုးလုပ်သည့်လူကိုလည်း အားပေးကူညီမည်မဟုတ်။ ဆိုးကျိုးသာပေးပေလိမ့်မည်။

ကောင်းသည်မှာ ရွာသုံးရွာတွင် ဒိတ်ဒိတ်ကြဲလူမိုက်ဖြစ်ဖို့လိုသည်။ နာမည်ကြီးလူမိုက်ဖြစ်ရမည်။ ဒီလိုလူစားမျိုးကို ကိုးသချိုင်း





မောင်ပိုင်းက အလိုရှိ၏။ သူနှင့်သာပူးပေါင်းလုပ်ပါက ဒီလုပ်ငန်းအောင်ကိုအောင်မြင်ရမည်ဟု တစ်ထစ်ချ စိတ်ကတွက်သည်။

ထို့ကြောင့် ကိုးသချိုင်းမောင်ပိုင်းသည် ခုတ်ဂူကလေးတစ်ခုတွင် ခေတ္တနားသလိုလိုနှင့် ဝင်ထိုင်သည်။ စံအေးကလည်း ထို့နည်းတူဝင်ထိုင်သည်။

သူတို့နှစ်ယောက်သည် ခရီးသွားဟန်လွှဲ ဤသချိုင်းကုန်းသို့ရောက်လာဟန်အဖြစ် နားနေခိုနေပုံဖမ်းထားသည်။ သချိုင်းမှ ဖြတ်သွားဖြတ်လာများကပင် သူတို့နှစ်ယောက်အား မသိမသာ တဲခတ်သွားကြသည်။

ဘယ်တလူတွေပါလိမ့်တူသော အကြည့်ဖြင့် ကြည့်သွားကြသော်လည်း သူတို့နှစ်ယောက်က မသိသလိုလို သိသလိုလို နေခဲ့သည်။ သို့သော် ကိုးသချိုင်းမောင်ပိုင်းကတော့ အတော်လေ့လာပြီ။ အလစ်အတာမရှိရလေအောင် အကွက်ကျကျ တော့စေ့စေ့ လေ့လာမှတ်သားပြီးမှ စံအေးကို တစ်ချက်ငဲ့စောင်းကြည့်လိုက်ကာ —

"ဒီရွာသုံးရွာမှာ ဒိတ်ဒိတ်ကြဲ လူမိုက်ကော ရှိသလား"

မထင်မှတ်သောမေးခွန်းကြောင့် စံအေး ဖြတ်ခနဲလှည့်ကြည့်သည်။ ပါးစောင်တွင်ခဲထားသော ဆေးပေါ့လိပ်တိုတို နှစ်ဖွာသုံးဖွာ



www.burmeseclassic.com

www.burmeseclassic.com



ဖွာထုတ်သည်။ ပြီးမှ ဆေးပေါ့လိပ်တိုကို လက်ညှိုးလက်

အသာယူရင်း …

"လှုမိုက် … လှုမိုက်ဟုတ်လား၊ ကိုးသချိုင်းမောင်

တျုပ်တို့လုပ်မယ့် အလုပ်နဲ့ လှုမိုက်နဲ့က ဘယ်လို

စပ်မှုရှိနေလို့လဲဗျာ"

"ဟာ၊ ရှိတာပေါ့။ ရှိတာမှသိပ်ရှိပြီလား။ မင်းကြည့်

ကွာ။ ဒီရွာက ရွာသုံးရွာ။ ရွာကြီးတွေ။ ပြီးတော့ သ

ကလည်း အဲဒီ ရွာသုံးရွာရဲ့အလယ်မှာလို။ အဝင်အ

အသွားအလာ မလွယ်ကူသလို အန္တရာယ်လည်းများ

မဖြစ်ရင် ကိစ္စမရှိဘူး။ ဖြစ်လာလို့တတော့ ပြေးပေါ

ဘူးမှတ်။ သေဖို့သာပြင်ထား။ အဲဒါကြောင့် ရွာ

တယ်။ သူ့ကို ဓားစာခံထားရမယ်။ ကြားခံလူ

တို့လုပ်ချင်တာ အလုပ်ဖြစ်အောင် လုပ်ရမယ်ကွ။ 

ကြုံလာရင် သူ့ကိုထိုးကျွေးရမယ်။ သူနဲ့ကွယ်ပြီး အ

ရှန်းရမယ်။ မင်း သဘောပေါက်ပလား"

ကိုးသချိုင်းမောင်ဝိုင်းက သူတင်ကြုံတွေးထော

ပြောပြလိုက်သည်။ ခုမှ စံအေး တွေးမိသွားပုံရ၏။ မျက်

လက်ခနဲ အပြုံးတစ်ချက်တောက်သွားသည်။





"ဩော် … ဒီလိုလား။ ရှိပ့။ ဒီသုံးရွာမှာတော့ နာမည်ကြီးလူမိုက်ပေါ့။ သူက တိတ်ဆိုတာနဲ့ မီးကိုရေနဲ့ဖျန်းတာမှ ကြာချင်ကြာလိမ့်ဦးမယ်။ မီးကို သေနေတာပဲ။ ဓားထွန်းကြိုင်တဲ့"

"မင်းနဲ့ရင်းနှီးသလား"

"ရင်းနှီးသလားမမေးနဲ့။ အတော့်ကိုရင်းတာ။ ထောင်ထဲကို ဓားထိုးမှုတစ်ခုနဲ့ ရောက်လာတုန်းက သူ့ကိုကြည့်ရှုခဲ့ရဖူးတယ်။ အိပ်ဆောင်မှာလည်း တစ်ခန်းတည်း အိပ်ရာချင်းကပ်လို့ နေခဲ့ရတာ"

"အေး၊ အဲဒါဆိုကောင်းတာပေါ့။ သူနဲ့ငါတွေ့ချင်တယ်။ ဖြစ်မလား"

"မဖြစ်စရာ ဘာအကြောင်းရှိလို့လဲ။ ဖြစ်တာပေါ့။ ခုလား"

"နေဦး။ ခု မဟုတ်သေးဘူး။ မနက်ဖြန် သန်ဘက်လေး ငါပြောမယ်ကွာ"

ကိုးသချိုင်းမောင်ဝိုင်းက ရက်ကိုမှန်းဆ၍ ပြောသည်။ စံအေးကမူ ခုချက်ချင်းသွားတွေ့ချင်သော်လည်း ဆရာတင်ထား သူက သွေးအေးအေးရှိနေသေးသဖြင့် ရှေ့မတိုးရဲဘဲ အသာငြိမ် နေလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

ဓားထွန်းကြိုင်ကို တွေ့လိုက်ရသောအခါ၌ ကိုးသချိုင်းမောင်ပိုင်းသည် စေ့စေ့စပ်စပ်လေ့လာအကဲခတ်ကြည့်သည်။ အသက်အားဖြင့်လေးဆယ်၊ လေးဆယ့်နှစ်ခုတု မှန်းရသည်။ အသားကမဖြူမညို။ အရပ်မြင့်မြင့်၊ ဗလကောင်းကောင်းဖြစ်သည်။ မျက်နှာမှာလေးထောင့်စပ်စပ် ကျနေသည်။ နဖူးပေါ်တွင် ခပ်စောင်းစောင်းအမာရွတ်ကြီးက သူ့ဘဝ၏လူမိုက်သက်တမ်းတွင် ဂုဏ်ပုဒ်တစ်ခုကဲ့သို့ ဖော်ပြနေသလိုရှိသည်။

"စံအေး၊ မင်းတို့က ဘာဖြစ်ချင်လို့လဲ"

စကားပြောပုံပြောလက်ကပင် ထောင့်မကျိုးချိုး။ မာဆတ်ဆတ်ရှိသည်။ ခုမှစ၍ သိကျွမ်းကာစရှိသေး၏။ ဒီလိုအသုံးအနှုန်းကြောင့် ကိုးသချိုင်းမောင်ပိုင်း၏ရင်ထဲ၌ မနှစ်မမြို့ကြီးဖြစ်သွားမိသည်။ သို့သော် အလုပ်အဆင်ပြေဖို့က အဓိကဖြစ်သည်။ မကျေနပ်မှုကို ရင်ထဲမျိုချလိုက်ပြီး အသာငြိမ်နေလိုက်ရ၏။





"ဒီလို ကိုထွန်းကြိုင်ရဲ့။ ကျုပ်တို့ အလုပ်တစ်ခုလုပ်ဖို့ အစီအစဉ်တစ်ခု ရှိနေတယ်။ အဲဒီကိစ္စမှာ ကိုထွန်းကြိုင်ရဲ့ အကူအညီလည်းလိုအပ်နေလို့"

စံအေးက လုပ်ငန်းစဉ်၏ သဘောသဘာဝကို အကုန်အစင် မပြောသေးဘဲ ခပ်လျှိုလျှိုသာပြောသည်။ ဓားထွန်းကြိုင်က စံအေး၏ စကားကြောင့် ဘယ်လိုအဓိပ္ပာယ်ကောက်သည်မသိ။ မျက်လုံးပြူး မျက်ဆံပြူးကြည့်တာ ...

"ဟေ့ ... စံအေး၊ တို့ရွာသုံးရွာကို ဓားပြတိုက်ဖို့လား။ အနုကြမ်းစီးဖို့လား။ ဒါမျိုးတော့ ငါပါလို့ မဖြစ်ဘူးနော်။ မင်း သိပါတယ်။ ငါက ဓားပြမတုတ်ဘူး။ လူမိုက်၊ ရိုက်တယ်၊ နှက်တယ်၊ ဓားထိုးတယ်၊ လူသတ်ရမှာ မကြောက်ဘူးကွ။ ဒါပေမယ့် ဓားပြတိုက်ရမှာတော့ လန့်တယ်။ ငါတစ်ခါမှ မလုပ်ဖူးတဲ့အလုပ်"

အလုပ်က ဘာမှန်းညာမှန်းမသိခင်ကပင်လျှင် ခါးခါးသီးသီး ငြင်းနေ၏။ လူမိုက်ထဲတွင် ဒီလိုလူစားမျိုးလည်း ရှိသေးပါကလား ဟု ကိုးသချိုင်းမောင်ပိုင်း တွေးမိလိုက်သည်။ စံအေးကမူ တဟဲဟဲ ရယ်နေပြီးမှ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ ... ကိုထွန်းကြိုင်ကတော့ လုပ်တော့မယ်။ ကိုယ်ထင်တာ ကိုယ်လျှောက်ပြောနေတာကိုး။ အဲဒီအလုပ်မျိုး လုံးဝမဟုတ်ဘူး"

"ဒါဆို ဘာလဲ"

"သချိုင်းကုန်းမှာ လုပ်မယ့်အလုပ်လေ"

"ဟေ သချိုင်းမှာ .."

ဓားထွန်းကြိုင်က အံ့ဩသံနှင့်ဆိုသည်။ ကိုးသချိုင်းမောင်ပိုင်း ကပါဝင်၍ ...

"ဟုတ်တယ် ကိုထွန်းကြိုင်၊ ကျွန်တော်တို့လုပ်ရမှာက သချိုင်းကုန်းမှာပါ။ အလုပ်ဖြစ်ရင် ခင်ဗျားအတွက်လည်း တစ်စုရမှာ။ အညီအမျှပဲလေ"

ဓားထွန်းကြိုင်သည် နဖူးကြောများကို ကြုတ်ထားသည်။ ဘယ်လိုအလုပ်မျိုးလိမ့်ဟူသောအတွေးဖြင့် တွေးနေပုံရသည်။ အတန်ကြာမှမေးသည်။

"နေစမ်းပါဦး။ ခင်းတို့က သချိုင်းကုန်းမှာ အလုပ်လုပ်မယ်ဆိုတော့ ဘာအလုပ်မို့လဲ။ ဘာတွေ ရမှာမို့လဲ။ ငါတော့ ဘယ်လိုမှ မစဉ်းစားတတ်အောင်ပဲကွာ"

စံအေးက ဝင်ရှင်းသည်။





"ဒီလိုပါ၊ သချိုင်းကုန်းက မြေပုံတစ်ခုကို တူးဖော်ဖို့ပါ။ အဲဒီကိစ္စမှာ ခင်ဗျားဝင်ပါမှ နေရာကျမှာမို့ ခင်ဗျားကို လာဆွေးနွေးတာ"

"တယ်၊ ခင်းတို့အလုပ်က တစ်မျိုးပါလား။ ကြံကြီးစည်ရာကွာ။ သေတဲ့သူရဲ့ အလောင်းကိုတူးတော့ ဘာရမှာမို့လဲ။ ပြောပါဦး။ ရွှေထွက်မှာတဲ့လား။ ဟား ... ဟား ... ပေါက်ပေါက်ရှာရှာပဲ။ ပုပ်ပွနေတဲ့ လူသေကိုသွားဖော်လို့တော့ အကျိုးမရှိ ဘာမရှိနဲ့"

"ဒီမှာ ကိုထွန်းကြိုင်ရဲ့။ ဒါက ခင်ဗျားအတွေးကိုး။ ရတာမရတာက ကျွန်တော်တို့အလုပ်။ သေချာပေါက် ရွှေထွက်မယ်မှန်း သိထားလို့လုပ်တာ။ ခင်ဗျား ဒီရွာမှာနာမည်ကြီးလို့ စံအေးကပြောတာမို့ လာပြီးပူးပေါင်းတာပါ။ ခင်ဗျား လုပ်ချင်သပဆိုလုပ်။ မလုပ်ချင်လည်းရတယ်"

ကိုးသချိုင်းမောင်ပိုင်းက စိတ်မရှည်သဖြင့် ခပ်ပြတ်ပြတ်ပြောသည်။ တောပြောတောင်ပြောနှင့်အချိန်တွေ အလဟဿမခံနိုင်။ ဓားထွန်းကြိုင် မပါဝင်လို့လည်း အလုပ်မဖြစ်နိုင်ဟု စိတ်ဆုံးဖြတ်ကာ ပြောချလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သောလေသံဖြင့်ပြောသည်။

"တော၊ ခေါင်းကြီးတွေ့ပြီ၊ သိပ်မကြာတော့ဘူး၊ စံအေ ရေ အားစိုက်လိုက်ကြဦးစို့ ..."

စံအေး၏လက်မှ ပေါက်ပြားမှာပို၍ပို၍ သွက်လက်ေ တော့၏။

* * *

အခေါင်း၏အဖုံးကို ဖွင့်လိုက်၏။ အပုပ်နံ့ကြီးသည် ေ ခနဲ ထွက်လာသည်။ အလွန်ဆိုးသောအနံ့ကြီးကို မခံစားနိုင်ကြသ တွင်းနှင့်ခပ်ဝေးဝေးပင် ဆုတ်ခွာလိုက်မိကြတော့သည်။

ဒီမျှအထိ အနံ့အသက်ဆိုးဝါးနေလျှင် ကိုင်တွယ်ဖို့ မလွယ်တော့ ကိုးသချိုင်းမောင်ပိုင်းက စဉ်းစားမိသည်။ အလော ကြီးသည် အတော်ပင်ပုပ်ပွနေလောက်ပြီ။

ကိုးသချိုင်းမောင်ပိုင်းသည် ကြိုတင်ယူဆောင်လာသေ ပလတ်စတစ်လက်အိတ်ကိုစွပ်လိုက်သည်။ ယခုအခါ၌ သူသ အဆင့်မြင့်လာပြီဟု ဆိုရမည်။ ယခင်ကလို အလောင်းကို လက် မကိုင်တော့။ ပလတ်စတစ်လက်စွပ်ပြီးမှကိုင်သည်။ ပြီးလျှင် လ အိတ်ကိုချွတ်ကာ အခေါင်းထဲ၊ မြေကျင်းထဲ စွန့်ပစ်ရုံသာရှိသည





ဆားထွန်းကြိုင်မှာ ကိုးသချိုင်းမောင်ပိုင်း၏စကားကြောင့် တွေဝေ သွားတော့သည်။ ထို့ပြင် ကိုးသချိုင်းမောင်ပိုင်းကိုလည်း သူ့ အထင်မသေးရဲသလို ရှိသွားသည်။ သတ္တိကောင်းသည်ကိုလည်း တွက်မိသည်။ တော်ရုံတန်ရုံလူတိုလည်း အလျှော့ပေးမည့်ပုံမပေါ်။ ထို့ကြောင့် ဆားထွန်းကြိုင် လေသံပြောင်းသွား၏။

"ကောင်းပြီ။ မင်းတို့လုပ်မယ့်သချိုင်းက ဘယ်သချိုင်း လဲ"

"ကိုထွန်းကြိုင်တို့ရွာက သုံးပန်လှသချိုင်း"

စံအေး၏ အဖြေစကားကြောင့် ဆားထွန်းကြိုင် မျက်လုံး ပြူးသွားကာ ...

"ငါတို့ရွာကသချိုင်း"

"အင်း ... "

"နေဦး ... ဘယ်သူ့မြေပုံလဲ"

"ဦးရပ်စိန်လျှောင်ရဲ့မြေပုံ"

စံအေးစကားဆုံးသည်နှင့် တစ်ပြိုင်တည်း ဆားထွန်းကြိုင်က တအံ့တသြလေသံဖြင့် ...

"အလို၊ အေးရွာက ရပ်စိန်လျှောင်လား။ အေးရွာမှာတော့ ဒီလူက အချမ်းသာဆုံးပဲ။ ကုန်စုံဆိုင်ရှိတယ်။ လော်လီ



www.burmeseclassic.com

www.burmeseclassic.com



ကားကသုံးစီး။ ကိုယ်ပိုင်ကားတစ်စီးနဲ့ ရွှေငွေလည်း အပြည့်ပဲ။ ဒါထက်နေပါဦးကွ၊ မြေပုံထဲမှာ ဒီပစ္စည်းတွေ ထည့်မြှုပ်မှာတဲ့လား။ မဟုတ်သေးပါဘူး"

အလုပ်သဘောကို နားမလည်တန်ဖြင့် ပြောလိုက်ရာ ကိုးသချိုင်းမောင်ပိုင်းက စကားကြောရှည်နေမည်စိုးသဖြင့် ဝင်၍...

"မြေပုံထဲမှာ ကားတွေထည့်မြှုပ်တာမြှုပ်တာ အကြောင်း မဟုတ်ပါဘူးဗျ။ အဲဒီအထဲက ရွှေငွေနဲ့ ပစ္စည်းက အဓိက။ အဲဒါတွေ မြေကြီးသြဇာမဖြစ်ဖို့က ကျုပ်တို့တာဝန်ပဲ"

"ကောင်းပြီလေ။ မင်းတို့အလုပ် ငါနားမလည်ဘူး။ ငါ ဘာတာဝန်ယူပေးရမှာလဲ"

"ကျုပ်တို့အတွက် လုံခြုံရေးပဲ။ တကယ်လို့ ရပ်ရွာက ကျုပ်တို့အလုပ်လုပ်နေတာကိုသိသွားရင် ခင်ဗျား အကာအကွယ်ပေးဖို့ပဲ။ ထွက်လမ်းဝင်လမ်းက သေးကင်းကင်း ပြန်ထွက်သွားနိုင်ဖို့ ခင်ဗျား ကူညီရမှာ။ ကျန်တဲ့ကိစ္စ ကျန်တဲ့အပိုင်းက ကျုပ်တို့ဖာသာကျုပ်တို့ လုပ်သွားမယ် ဒါပဲ ..."

"ဘယ်တော့လဲ၊ ဘယ်အချိန်လဲ"

မိတ်ဆွေစာပေ



"ဒီတစ်ရက်နှစ်ရက်အတွင်း။ ညဘက်မှာ ..."

ကိုးသချိုင်းမောင်ပိုင်း၏အဖြေစကားကြောင့် ဆားထွန်းကြိုင်မှာ ...လုံးအဝိုင်းသားဖြင့် သူတို့နှစ်ယောက်အား ငေးကြည့်နေမိ ...သည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၄)

နံနက်ခင်းကတည်းကရွာသောမိုးသည် နေ့တစ်ဝက်
သည်အထိ မစဲ။ တစိမ့်စိမ့် ရွာလျက်ရှိ၏။ တိတ်မှတိတ်ပါ့မ
ဟုပင် ထင်မိသည်။ ညနေသုံးနာရီခန့်ကျမှ မိုးလုံးဝတိတ်သွ
တော့သည်။

မိုးတဖျောက်ဖျောက်ရွာနေတုန်းက အတော်ပင်စိတ်ဓာတ်
ခဲ့ရသည်။ ဒီမိုးကြောင့် အလုပ်လုပ်မှ လုပ်ဖြစ်မည်လားတု
မထင်ခဲ့။ လုပ်ရကိုင်ရမလွယ်။ အနံ့အသက်ကလည်း မိုးရေကြေ
ဆိုးဆိုးဝါးဝါးရှိမည်။ အပုပ်ရည် အဝေရည်များကလည်း တစ်ကိုယ်
ပေကျံနိုင်သည်။ ခြောက်ခြောက်သွေ့သွေ့ဆို တော်သေးရဲ့။

တော်သေးသည်။ မိုးတိတ်သွားသည်။ နေပွင့်လာသည်
နေရောင်ခြည်ကြောင့် နံနက်ခင်းကမိုးစက်ပေါက်တို့ ခြောက်သွ
လိမ့်မည်။ အထိုက်အလျောက်ပဲ အစိုဓာတ်ရှိကောင်းရှိမည်။
မရှိ။ ဒီလောက်ဆို မဆိုးသေးဟု ကိုးသချိုင်းမောင်ဝိုင်းက ကျိတ်
ကျေးဇူးတင်မိလေသည်။

* * *





ည ဆယ့်နှစ်နာရီထိုးလေပြီ။

မိုးဦးသို့ရောက်ခဲ့လေပြီဖြစ်သော်လည်း နွေကဆောက်ခဲ့
ာရွာ၏ မီးကင်းတဲများသည် ယခုတိုင် မဖျက်သိမ်းသေးတာန်
၏။ မီးကင်းသံချောင်း ဆယ့်နှစ်ချက်တိတိကို ကြားရသည်။
ချောင်းခေါက်သံများ တစ်ရွာမှတစ်ရွာဆီသို့ ဆက်သွား၏။
ာင်းစောင့်သူများ မအိပ်သေးကြောင်းထင်ရှားသည်။

အနည်းငယ်တော့ စိတ်အနှောင့်အယှက်ဖြစ်မိသည်။ မီးကင်း
ားတွေမအိပ်ပါက သူတို့အလုပ်အတွက် အခက်အခဲရှိနိုင်သည်။

သူတို့အလုပ်ခွင်တွင် အလုပ်လုပ်ကိုင်နေစဉ် မီးရောင်မြင်
ွားရင်သော်လည်းကောင်း၊ ပေါက်တူးပေါက်သံ၊ ပေါက်ချွန်း
သံကြားသွားရင်သော်လည်းကောင်း မသင်္ကာဖွယ်ဖြစ်သွားနိုင်
ည်။ အန္တရာယ်ကို အဖော်ညှိပြီးတံခါးလိုက်သလိုရှိမည်။ အရေးပေါ်
ချောင်းခေါက်၍ လူစုလူဝေးနှင့် ဝိုင်းထားရင်ဒုက္ခ။ ပြေးလို့လွတ်
ာမည်မဟုတ်။

ကိုးသချိုင်းမောင်ဝိုင်းသည် အခြေအနေအရပ်ရပ်ကို စဉ်းစား
...

"ကိုထွန်းကြိုင်၊ အလုပ်လုပ်လို့ ဖြစ်မှဖြစ်ပါ့မလားဗျ"

"ဘာဖြစ်လို့လဲ ကိုဝိုင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဓားထွန်းကြိုင်က သေွးအေးအေးနှင့်ပြန်လည်မေးလိုက်

ကိုးသချိုင်းမောင်ပိုင်းက ...

"ဒီလိုလေဗျာ။ ကင်းသမားတွေ အခုထိမအိပ်ကြသေး

ဆိုတော့ ကျုပ်တို့အလုပ်အတွက် အနှောင့်အယှက်ဖြစ်

ဖြစ်လာနိုင်တယ်။ ဥပမာ မီးရောင်မြင်သွားလို့၊ မြေ

ဆွသံကြားသွားလို့ မယုံသင်္ကာဖြစ်မှာစိုးရိမ်လို့ပါ။ ည

တော့ တော်ရုံတန်ရုံအသံတောင် အတော်ကျယ်တာလ

အကျိုးအကြောင်းကိုရှင်းပြလိုက်သည်။ ဓားထွန်းကြိုင်

ကွမ်းတံတွေးကို ထွီခနဲထွေးလိုက်ပြီးမှ ...

"သိတော့ကော ဘာအကြောင်းလဲကွ။ ငါ့အသံကြား

ဒီကောင်တွေ ရှေ့တောင်တိုးလာဝံ့မှာမဟုတ်ဘူး။ တိုး

ရဲတဲ့အကောင်ရှိရင်လည်း ခါးကြားကဓားမြှောင်စာမိပြီး

မှတ်တော့"

မိုက်ကန်းညစ်ကျယ်စကားကြောင့် ကိုးသချိုင်းမောင်

အပြုံးယဲ့ယဲ့ပြုံးမိသည်။

"ဒါက ကိုထွန်းကြိုင်အထင်ကိုး။ တစ်ယောက်ချင်း

ယောက်ချင်းတော့ ဘယ်လာပါ့မလဲ။ နေရာလည်းကြ

ဦးလေဗျာ။ သုသာန်လေ။ တော်တော့်သတ္တိနဲ့လာရဲမလ





သံပုံတီးပြီး သုံးရွာစလုံးထွက်လိုက်လို့ကတော့ မလွယ်

ဘူး"

ထိုစကားကြောင့် ဓားထွန်းကြိုင် ငိုင်သွားသည်။ ကိုးသချိုင်း

မောင်ပိုင်းကိုလည်း သူ့အထင်မသေးရဲတော့ပေ။ ဒုန်းမိုက်သည့်

သူမိုက်မျိုးမဟုတ်ဟုလည်း တွေးမိသည်။ နေရာ နေရာနှင့် အကွက်

ချလုပ်ကိုင်တတ်သည့်ဉာဉ်ရှိပါကလားဟုလည်း သဘောပေါက်မိ

သည်။ စံအေးထက်များစွာသာသည့်အရည်အချင်းများ ကိုးသချိုင်း

မောင်ပိုင်း၏ဦးနှောက်၌ ရှိနေကြောင်း သတိထားမိလိုက်သည်။

စံအေးကား ယခုထိအိပ်နေဆဲရှိသည်။ ညောင်ပင်ကို ကျော

မှီကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသည်။ ခေါင်းချသည်နှင့်

ချော်တတ်သည့်လူစား။ ကိုးသချိုင်းမောင်ပိုင်းနှင့် ဓားထွန်းကြိုင်တို့

ချီအချပြောဆိုနေသည်ကိုပင် ကြားမည်မထင်ချေ။

မိုးရိပ်ကြောင့် အလင်းပျပျသာရှိနေသောအနေအထားကို

ဓားထွန်းကြိုင်တစ်ချက်လှမ်းကြည့်နေပြီးမှ ပြောသည်။

"သိပ်လည်း စိတ်ပူမနေပါနဲ့။ သ...န်းကုန်းနဲ့နီးတဲ့ ကင်း

သမားကျော်ဦးတို့၊ ဗလကြီးတို့၊ မြဒင်တို့ကို ငါအရက်

တိုက်ထားပါတယ်။ ဒီကောင်တွေ အတော်ကလေးမူးနေ

ကြတာ။ မကြားပါဘူး။ မူးမူးနဲ့အိပ်ပျော်သွားမှာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ခုလောက်ဆို အိပ်များပျော်နေပြီလားမသိဘူး'

ကွမ်းယာနှင့် အရက်နံ့ရောနေပါကလားဟု ထင်ခဲ့မိသည် ခုမှ ဆားထွန်းကြိုင်ပါးစပ်က မှန်းသိတော့သည်။

ထိုအခိုက်တွင် အေးရွာထဲမှ ခွေးအူသံကို ကြားလိုက်ရ သည်။ ရှည်လျားစွာပင် ဆွဲဆွဲငင်ငင်အူနေသည်။ တစ်ဆက်တည်း မှာပင် နောက်ခွေးများကလည်း အူလိုက်ကြသည်။ ထို့နောက် တဝုတ်ဝုတ်ဟောင်သံများ၊ တဂိန့်ဂိန်အော်သံများ စီညံသွားတော့ သည်။ ထို့နောက် ကျန်ရွာနှစ်ရွာစလုံးပါ ဆက်သွားသည်။

ခွေးအူသံများကြောင့် စောစောက တစပြင်ကဲ့သို့ငြိမ် သက်နေသောရွာသုံးရွာသည် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ထိုစဉ် မိုးသက်လေပြင်းသည် တဟူးဟူးဝှေ့ယမ်းတိုက်ခတ်သွားပြန်သည်။

ညောင်ကိုင်းများ သွက်သွက်ခါသွား၏။ ရွက်ချင်းခတ်သံ၊ အကိုင်းချင်းရိုက်သံကြောင့် တဝုန်းဝုန်းမြည်ဟည်းသွား၏။ ညောင် ပင်ပေါ်၌ အိပ်စက်နေကြသော ငှက်အပေါင်းပင် လန့်ကာထပျံနေ သည်။ တစ်ချို့က အလန့်တကြားပင် အော်မြည်ကာ တိုသည် ပျံသန်းလျက်ရှိ၏။

ထိုအချိန်တွင် သုသာန်ဘက်ဆီမှ ငှက်ဆိုးတစ် ဘင်သည် ဂိခနဲထိုးကာ ပျံပြေးလေတော့သည်။ အားလုံးပင် ြန်ကိုက်ထား





သလို ဆက်တိုက်ဖြစ်ပေါ်လာသဖြင့် ညသည် ချောက်ချောက်ချားချား အလေးရှိသွားစေသည်။

ထိုအသံဗလံများကြောင့်လား မပြောတတ်။ စံအေး လန့် နိုးလာသည်။ အိပ်မှုန့်စုံမွှားကြောင့်လား၊ အထိတ်တလန့်ကြောင့် လားမဆိုနိုင်။ ပြူးပြူးပျာပျာအသံဖြင့် ...

"တာ ... ဘာတွေဖြစ်ကုန်ပြီလဲ"

ကိုးသချိုင်းမောင်ပိုင်းက စံအေးကိုလှမ်းကြည့်သည်။ အလင်း ရောင်မှုအောက်တွင် စံအေးကို စိုးရိမ်ကြောက်လန့်သောမျက်နှာဖြင့် တွေ့ရသည်။ စံအေးကား ဒီလိုအတွေ့အကြုံမျိုး မရှိဘူးသေး၍ မျက်လုံးပြူးကြီးတို့၊ မိုကြိုင်တို့၊ ပိန်သေးတို့ကား ခဏခဏကြုံဖူးနေ သည်။ ရိုးနေပေပြီ။ အထိုက်အလျောက်ပဲ ကြောက်ကြတော့သည်။ စံအေးကြောက်သည်ကို အပြစ်ဆိုဖွယ်ရာမရှိဟု ကိုးသချိုင်းမောင်ပိုင်း တွေးကာ ...

"ဘာမှဖြစ်တာ မဟုတ်ပါဘူးကွာ။ လေပြင်းတိုက်တာပါ"

ခပ်ပေါ့ပေါ့သဘောထား၍ ဖြေလိုက်သည်။ စံအေးမှာ အထိတ်တလန့်နိုးလာပြီးနောက် ပြန်အိပ်လိုဟန်မတူတော့ချေ။ ဆေးလိပ်တိုကို အသားမီးခြစ်ဖြင့် မီးတို့နေသည်။ ပုဆိုးကြား ညှပ်ထားသော ဆေးလိပ်တိုကို နှစ်လုံးယူကာ ဆေးလိပ်မီးတို့သဖြင့် ဘေးပတ်ဝန်းကျင်

www.burmeseclassic.com



ကမီးရောင်မမြင်နိုင်။ ကိုးသချိုင်းမောင်ဝိုင်းက ဒီကောင် သတိထ
ပေးလိုက်သေး၏။

"ဟော့ စံအေး၊ မင်း ဆေးလိပ်ဖွာရင် မီးကို ရဲခနဲ ရဲခ
မဖြစ်စေနဲ့။ မီးရောင်မြင်လို့မဖြစ်ဘူး။ သတိထား ..."

ဟုပြောလိုက်ရာ စံအေးက ခေါင်းညိတ်ရင်း

"အေးပါ" ဆို၏။

ထို့နောက် ဆေးလိပ်ကို လက်ခုပ်ဖြင့် ကွယ်ကာကွယ်ကာ ဖွာရှိုက်နေတော့သည်။ ထိုကဲ့သို့ ထိုင်နေကြသည်မှာ နာရီဝက် သာသာခန့် ရှိသွားလေပြီ။ နာရီဝက်ခန့်ရှိသွားသော်လည်း မီးကင်း ဆယ့်နှစ်နာရီခွဲကြောင်း သံချောင်းခေါက်သံမကြားရတော့။ နာရီဝက် တစ်ကြိမ် မခေါက်ခြင်းအားဖြင့် မီးကင်းသမားများ အိပ်ပျော်နေ ဖြစ်ကြောင်း သိသာနိုင်၏။

ရှေ့ကင်းမှ နာရီဝက်သံချောင်းခေါက်မှ နောက်ကင်းတ များမှ လိုက်ခေါက်ကြသည်မှာ မီးကင်းတဲများ၏ ထုံးစံဖြစ်နေ သလားမသိ။

"ကိုဝိုင်းရေ၊ နာရီဝက်သံချောင်းခေါက်သံ မကြားရ
ထောက်ရင် ဒီကောင်တွေအိပ်နေကြပြီထင်တယ်"

ဟုဓားထွန်းကြိုင်၏ စကားအဆုံးတွင် ကိုးသချိုင်းမောင်ဝိုင်း





က အိတ်ထောင်ထဲမှ လက်နှိပ်ဓာတ်မီးအသေးစားကို နှိုက်ယူလိုက် ၏။ လက်နှိပ်မီးထိုးကာ မိမိလက်တွင်ပတ်ထားသော နာရီဒိုင်ခွက် ကို ကြည့်သည်။ ဆယ့်နှစ်နာရီခွဲ၍ ငါးမိနစ်ပင်စွန်းလေပြီ။

ကိုးသချိုင်းမောင်ဝိုင်း ထိုင်ရာမှထလိုက်ပြီး ...

"သွားကြစို့။ ခုချိန်က သက်ကြီးတွေတောင် အိပ်ပျော်
တဲ့အချိန်ပဲ။ ကဲ စံအေးရေ၊ ပစ္စည်းပစ္စယတွေယူတော့။
ကိုထွန်းကြိုင်က ရှေ့ကလမ်းပြ။ နောက်က ကျုပ်တို့
လိုက်မယ်"

အေး၊ ကောင်းပြီဟုဆိုကာ ဓားထွန်းကြိုင်မှာ ရှေ့မှ ဦးဆောင်ထွက်သွားသည်။ စံအေးက ဂေါ်ပြား၊ ပေါက်ချွန်း၊ ပေါက်တူး၊ သံတူရွင်းများထမ်းကာလိုက်သည်။ ကိုးသချိုင်းမောင်ဝိုင်း က ကြက်ကြော်နှင့်အရက်ပုလင်းကိုယူကာ ခပ်သုတ်သုတ်လိုက်ခဲ့ လေသည်။

* * *

အရက်ပုလင်း၊ ကြက်ကြော်များဖြင့် ကွင်းပိုင်ကြီးအား ဘင်မြှောက်ပြီးနောက် လုပ်ငန်းစဖို့ ပြင်ဆင်ကြသည်။

ကွယ်လွန်သည်မှာ အရက်နှစ်ဆယ်ခန့်သာရှိသေးသည့် မြုံပုံတစ်ခု။ ထိုပတ်ဝန်းကျင်တွင် ငါးဆယ်ကျော်တန် ဗယောင်းတိုင်



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးတိုင် ထွန်းညှိလိုက်၏။ သရက်ပင်၊ မန်ကျည်းပင်၊ လက်ပံပင်၊ ညောင်ပင်ကြီးများက အုပ်ဆိုင်နေသဖြင့် ချောက်ချားဖွယ်ပင် တိတ်ဆိတ်လျက်ရှိလေသည်။ တစ်ခါတစ်ရံ၌ ညပုရစ်များက အမှတ်မထင်အော်လိုက်သေး၏။ တစ်ခါတစ်ခါ၌ ပိုးစုန်းကြူးများ လင်းခနဲ လင်းခနဲ တောက်ပသွားတတ်သည်။ ထိုအနေအထားများကပင် ညကိုကောင်းကောင်းကြီး ခြောက်လှန့်နေသကဲ့သို့ ထင်ရ၏။

ဖယောင်းတိုင်အလင်းကြောင့် မြေပုံကြီး၏ အနီးတစ်ဝိုက်တွင်မူ အတော်အတန်လင်းထိန်နေသည်။ စံအေးသည် မကြောက်တတ်ပါဘူးဟုဆိုသော်လည်း တကယ်နဖူးတွေ့ဒူးတွေ့လုပ်ရသောအခါ၌ ခပ်ရှုံ့ရှုံ့နေပုံရသည်။ ဟိုကြည့်လိုက်၊ သည်ကြည့်လိုက်နှင့် ဖြစ်နေသည်။ ဟိုအမှောင် သည်အမှောင်အတွင်းမှ ဘွားခနဲ ပေါ်လာမည့်အရိပ်သဏ္ဌာန်တွေကို စိုးရွံ့နေသလားမဆိုနိုင်။ သချိုင်းကုန်း၌ တစ္ဆေ၊ သရဲ၊ နာနာဘာဝတို့ရှိသည်ဟု ယုံကြည်နေသလားမသိ။ ကြောက်နေတာကတော့ အမှန်တည်း။

“ဟော့ စံအေး၊ ဟိုကြည့်ဒီကြည့်နဲ့ ဘာလုပ်နေတာလဲ။ အချိန်မရှိရတဲ့အထဲ မင်းအဘိုးလိုက်ရှာနေတာလား။ မြန်မြန်လုပ် ပေါက်ပြားကိုင်”





ကိုးသချိုင်းမောင်ဝိုင်းက စံအေးကိုမာန်လိုက်ရာ စံအေးက မကျေမနပ်ကြည့်ကာ ...

“ဘာ ကိုဝိုင်းကလဲ၊ ကျုပ်က ဒီအလုပ်မျိုး တစ်ခါမှမလုပ်ဖူးတာမဟုတ်ဘူး။ ပြီးတော့ သချိုင်းကုန်းလေဗျာ။ အချိန်က ည။ ကိုဝိုင်းပဲစဉ်းစားကြည့်။ ဘယ်လောက်ကြောက်စရာကောင်းလဲ။ စောစောကဆို ဟိုဇရပ်ထဲက ညည်းသံကြီးကြားလိုက်ရသလိုပဲ”

“အေးကွ၊ ဟုတ်တယ်။ ငါလည်းကြားမိလိုက်သလားလို့”

မားထွန်းကြိုင်ကပါ စံအေးလေသံလိုက်သွားပုံရ၏။ ကိုးသချိုင်းမောင်ဝိုင်း တက်တက်ပက်ပက်ရယ်သည်။ ရယ်သံတစ်ဝက်ဖြင့်ဆိုသည်။

“တယ်ဟုတ်နေကြပါလား။ အတိုင်အဖောက်ကို ညီနေတာပဲ။ ဒီလိုအသံမျိုးဆိုတာ ဘာဆန်းလို့လဲ။ စိတ်ချောက်ချားရင်ထင်ယောင်ထင်မှား ကြားတတ်တာပဲ။ ကဲ ... စကားရှည်နေလို့ အလုပ်ဖြစ်မှာမဟုတ်ဘူး။ လုပ်ကြရအောင်”

ပြောပြောဆိုဆိုပင် ကိုးသချိုင်းမောင်ဝိုင်းက ပေါက်ချွန်းဖြင့်မြေသားတွေကို ဖွလိုက်သည်။ မနက်က ရွာခဲ့သောမိုးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မြေသားများမှာ စိုထိုင်းနေသည်။ တစွပ်စွပ်တူးလိုက်ရင်း ရေသံပါနေသလိုရှိ၏။ ရွံ့မှာ စီးထိုင်းထိုင်း။

"စံအေး၊ မင်းက ပေါက်ပြားနဲ့ ပေါက်ပေါက်ပြီး မြေသားတွေဘေးကိုဖယ်၊ ကိုထွန်းကြိုင်လာတယ်။ ဖယောင်းတိုင်တွေမီးငြိမ်းမယ်၊ သတိထား"

ကိုးသချိုင်းမောင်ပိုင်းမှာ ပါးစပ်ကလည်းပြော၊ လက်မလည်း အဆက်မပြတ်လုပ်ရှားသည်။ ဓားထွန်းကြိုင် သတိပေးသလို လေတိုးနေသောဖယောင်းတိုင်ကို လက်ဖြင့် ကာ၍ ကာ၍ပေးနေရသည်။ စိတ်ချ မငြိမ်းစေရဘူးဟုလည်း နှုတ်ကဆိုလိုက်သေး၏။

ကိုးသချိုင်းမောင်ပိုင်းနှင့် စံအေးတို့ အတော်အတန်တူးလိုက်သောအခါ မြေကျင်းမှာ ဒူးသာသာအနက်သို့ ရောက်သွား၏။ ဗိုကြိုင်၊ ပိန်သေးတို့နှင့် အလုပ်လုပ်ခဲ့စဉ်က ကိုးသချိုင်းမောင်ပိုင်း အဖို့ ဒီလောက်မပင်ပန်းခဲ့ပေ။ သူတို့ကို လိုအင်သလိုညွှန်ကြားစေ ခိုင်းရုံသာ။ ခုတော့ လူသစ်များနှင့်မို့ ကိုယ်တိုင်ဝင်ကျဲနေရပြီ။ မောလွန်းလှသဖြင့် ကျင်းနှုတ်ခမ်းတွင် ထိုင်ချလိုက်ရင်း ...

"ဗိုး ... မောလိုက်တာ။ ရွံ့က ရေစိုနေတော့ ထိုင်းနေတာကိုး။ အကော်ရ၊ အပေါက်ရ မသက်သာဘူး"

ဓားထွန်းကြိုင်က ...





"ဖါဆင်းမယ်။ ကိုပိုင်းမောရင်ဖယ် ..."

"ခင်ဗျားဆင်းလို့မဖြစ်ဘူး။ ခင်းဗျားက ဒီရွာကရွာခံ။ ခင်ဗျားရဲ့ကိုယ်ပေါ်မှာ၊ အကျႌပေါ်မှာ၊ လုံချည်ပေါ်မှာ ရွံ့တွေပေကလူးနေတာတွေ့သွားရင် မသက်သာစရာ၊ အမှိုက်ကစ ပြဿဒါးလောင်ဆိုတာအိမျိုး၊ အမှုပေါ်သွားနိုင်တယ်၊ ဝင်မလုပ်နဲ့"တု တားလိုက်သည်။

ဓားထွန်းကြိုင်က ကိုးသချိုင်းမောင်ပိုင်း၏ အမြော်အမြင်ကို ရင်ထဲကချီးကျူး လိုက်မိသည်။ ဒီမျှအထိ အသေးစိတ်က သတိဝီရိယရှိတတ်ပေစွဟူ၍လည်း အောက်မေ့မိလိုက်သည်။

"ကိုပိုင်း မောတယ်ဆိုလို့ပါ"

"ကိစ္စမရှိဘူး၊ မြေသား စိုနေလို့သာ၊ ခြောက်နေရင် ဒီလောက်မတုတ်ပါဘူး"

ဟုပြောပြီး ကိုးသချိုင်းမောင်ပိုင်းထသည်။ ဇေါ်ပြားကိုယူ မြေများကိုကော်၍ ကျင်းပေါ်သို့ ပက်၍ ပက်၍ တင်နေတော့

ခဏအကြာတွင် ခေါင်းကြီးနှင့် ဇေါ်ပြားထိခတ်သံ ကျလစ်ကို ကြားလိုက်ရတော့သည်။ ခေါင်းကြီး ပေါ်လုပေါ်ခင်ကို သိလိုက်ရသော ကိုးသချိုင်းမောင်ပိုင်းက အားတက်



www.burmeseclassic.com

www.burmeseclassic.com



သောလေသံဖြင့်ပြောသည်။

"ဟော၊ ခေါင်းကြီးတွေ့ပြီ။ သိပ်မကြာတော့ဘူး၊ စံအေး
ရေ အားစိုက်လိုက်ကြဦးစို့ ..."

စံအေး၏လက်မှ ပေါက်ပြားမှာပို၍ပို၍ သွက်လက်ေ
တော့၏။

* * *

အခေါင်း၏အဖုံးကို ဖွင့်လိုက်၏။ အပုပ်နံ့ကြီးသည် ဟော
ခနဲ ထွက်လာသည်။ အလွန်ဆိုးသောအနံ့ကြီးကို မခံစားနိုင်ကြသ
တွင်းနှင့်ခပ်ဝေးဝေးပင် ဆုတ်ခွာလိုက်မိကြတော့သည်။

ဒီမျှအထိ အနံ့အသက်ဆိုးဝါးနေလျှင် ကိုင်တွယ်ဖို့
မလွယ်တဲ့ ကိုးသချိုင်းမောင်ဝိုင်းက စဉ်းစားမိသည်။ အလော
ကြီးသည် အတော်ပင်ပုပ်ပွနေလောက်ပြီ။

ကိုးသချိုင်းမောင်ဝိုင်းသည် ကြိုတင်ယူဆောင်လာသေ
ပလတ်စတစ်လက်အိတ်ကိုစွပ်လိုက်သည်။ ယခုအခါ၌ သူ
အဆင့်မြင့်လာပြီဟု ဆိုရမည်။ ယခင်ကလို အလောင်းကို လက်
မကိုင်တော့။ ပလတ်စတစ်လက်စွပ်ပြီးမှကိုင်သည်။ ပြီးလျှင် လ
အိတ်ကိုချွတ်ကာ အခေါင်းထဲ၊ မြေကျင်းထဲ စွန့်ပစ်ရုံသာရှိသ





ခါသုံးပဲဖြစ်၏။

လက်အိတ်စွပ်ပြီးနောက် အိတ်ထဲက လက်နှိပ်ဓာတ်မီး
ယ်စားကိုယူသည်။ အခေါင်းထဲက အလောင်းကောင်၏ အနေ
ထားကို ကြည့်ရန်ဖြစ်သည်။ ထိုစဉ် ဖယောင်းတိုင်မီးကိုင်ထား
ာမားထွန်းကြိုင် သူ့အနီးသို့ကပ်လာ၏။

"ကိုဝိုင်းရေ ... အနံ့ကြီးက တော်တော်ဆိုးတာပဲ။
အသက်ရှူတောင် ကျပ်သွားသလိုပဲနော် ..."

ဟုမားထွန်းကြိုင်က အနံ့အသက်ကို မခံစားနိုင်သော
သံဖြင့် ခပ်တိုးတိုးဆိုလိုက်ရာ ကိုးသချိုင်းမောင်ဝိုင်းကလည်း
ဘဲခနဲတစ်ချက်ရယ်နေပြီးမှ ...

"လူသေမှတော့ ပုပ်စော်နံတာမဆန်းပါဘူးဗျာ။ ခင်ဗျား
တို့ကျုပ်တို့သေရင်လည်း ဒီလိုပဲ ပုပ်ကြရမှာပဲ"

"တာ ဒါကတော့ဒါပေါ့ကွာ။ ဒါပေမယ့် လူကောင်းကတော့
ဘယ်လာအနံ့ခံနိုင်ပါ့မလဲ။ တော်တော်ဆိုးတဲ့အနံ့ကြီး"

ကိုးသချိုင်းမောင်ဝိုင်းက အချိန်မီအလုပ်လုပ်ရဦးမည်မို့
အားကိုရှည်ရှည်ဝေးဝေးပြောမနေချင်တော့ပေ။ ခပ်တိုတိုပြတ်ပြတ်
...

"တဲ ... ကိုထွန်းကြိုင်။ ကျုပ်တို့မှာ အချိန်သိပ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ ခုပဲ နှစ်နာရီထိုးနေပြီ။ အပုပ်နံ့မခံနိုင်ရင် ခပ်ဝေးဝေးကနေ ကျုပ်တွင်းထဲဆင်းလိုက်ဦးမယ်"

"အဲ၊ ငါလည်းကြည့်မယ်" ဟု ဓားထွန်းကြိုင်ကဆို၏။

"ဖြစ်မလား၊ ခင်ဗျား ကြောက်နေဦးမယ်"

"ဟ ... ငါက ဘာလို့ကြောက်ရမှာလဲ။ လူတောင်သတ်ခဲ့ဖူးတာပဲ"

ဟုဆိုရင်း ကျင်းနှုတ်ခမ်းအထိ တိုးသွား၏။ ကိုးသချိုင်းမောင်ဝိုင်းက ဘာမျှမပြောတော့။ သူ၏ ရှေ့သို့တိုးလိုက်သွားသည် ထို့နောက် သေသူ၏မျက်နှာပေါ်တည့်တည့်သို့ လက်နှိပ်မီး ထိုးပြသည်။

ဓားထွန်းကြိုင်လည်း ကိုးသချိုင်းမောင်ဝိုင်း မီးထိုးပြလိုက်သည့်နေရာဆီသို့ ငုံ့ကြည့်မိလိုက်သည်။ ရုတ်ခြည်းပင် နောက်သို့ ခုန်ဆုတ်ရင်း နှုတ်ကလည်း ...

"ဟာ ... လန့်လိုက်တာ"

ဓားထွန်းကြိုင်၏အဖြစ်ကိုကြည့်ရင်း သူ တဟက်ဟက်ပက်ပက် ရယ်သည်။ ရယ်သံဖြင့်ပြော၏။

"ဘာခုမှ ကြောက်နေရတာလဲ။ ခင်ဗျားပဲ လူသတ်လာတဲ့ လူဆို"



ဓားထွန်းကြိုင်မှာ ကိုးသချိုင်းမောင်ဝိုင်း၏စကားကြောင့် အောင့်သက်သက်ဖြစ်သွားပုံရသည်။ လေသံမာမာဖြင့် ...

"မင်းပဲကြည့်ပါဦးတော့"

ကိုးသချိုင်းမောင်ဝိုင်းက စကားဆက်မနေတော့ပေ။ မီးရောင်ထိုးထားသည့်နေရာကို ကြည့်လိုက်သည်။ လူသေအလောင်းကြီးမှာ အလွန်ပင်အမြင်ဆိုးအောင် ပုပ်ပွနေပေပြီ။ အသားမှာ ဖြူဖွေးလျက် ပွယောင်းယောင်းကြီးဖြစ်နေ၏။ ထို့ပြင် မျက်လုံးကြီး နှစ်လုံးမှာမူ ပြူးထွက်ကာ အပြင်သို့ပင်ရောက်နေတော့သည်။ ...းစပ်မှာတာနေ၏။

အလွန်ထူးခြားသည်မှာ လူသေ၏လျှာကြီးပင်ဖြစ်သည်။

"ဟာ၊ လျှာကြီးကလည်း အရှည်ကြီးပါလား။ တစ်ခါမှတောင် မမြင်ဖူးဘူး"

ဟု စံအေးက အံ့ဩသောလေသံဖြင့် ပြောလိုက်ရာ ကိုးသချိုင်းမောင်ဝိုင်းကပါ ထောက်ခံသောလေသံဖြင့် ...

"ဟုတ်ပါရဲ့ကွာ။ လျှာက ဒီလောက်တောင်ရှည်ရသလား ကွာ။ ငါလည်း တစ်ခါမှမကြုံဖူးဘူး။ ဒါ ပထမဦးဆုံးပဲ စံအေးရေ့ အင်း ... လူကြီးတွေကတော့ ပြောဖူးကြတယ်။ လျှာရှည်လိုက်တာ မိကျောင်းသားကျနေတာပဲလို့ ပြောဘဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားလေကွာ”

စံအေးက ခေါင်းရမ်းရင်း ...

“ဒါက မကြောင်းသားမဟုတ်ဘူးဗျ။ ရှေ့နေဖြစ်နိုင်တယ်”

“ဘာကြောင့် ရှေ့နေဖြစ်နိုင်တယ်လို့ မင်းပြောနိုင်တာလဲ စံအေးရ”

“ဒီလိုလေ ကိုဝိုင်းရ။ ကျုပ်တို့ခင်ဗျားတို့ အမှုဖြစ်ရင် ရှေ့နေတို့၊ ဝတ်လုံတို့ ငှားကြတယ်မဟုတ်လား။ တရားခွင်မှာ အာပေါင်အာရင်းသန်သန်နဲ့ ပြောတာလေ။ အဲ သလောက်လျှာရှည်ကြတာလေ။ သူတို့သေရင်လည်း ဒီအလောင်းလိုပဲ လျှာကြီးထွက်လာကြလိမ့်မယ်ထင်တယ်”

ကိုးသင်္ချိုင်းမောင်ဝိုင်းက ခေါင်းကို တစ်ချက်နှစ်ချက်ခါလိုက်ပြီး ...

“ခင်းတို့သေရင် လျှာထွက်မထွက်တော့ မသိဘူး။ ဒါပေမယ့် လျှာကိုက်ပြီးသေမှာတော့ သေချာတယ်”

“ဘာဖြစ်လို့ လျှာကိုက်ရမှာလဲ ကိုဝိုင်းရဲ့”

“ဒီလိုလေကွာ။ အမှုသည် ကျေနပ်အားရအောင် မဟုတ်တာရော၊ ဟုတ်တာရော ပြောရတဲ့အတွက်လေကွာ။ ကဲ... ဒါတွေ ပြောနေလို့ အလုပ်ပြီးမှာမဟုတ်ဘူး။





ရော့၊ မင်းက မီးထိုးပြထား။ ငါဆင်းမယ်”

လက်နှိပ်ဓာတ်မီးကလေးကို စံအေးလက်သို့ပေးပြီး ကိုးသင်္ချိုင်းမောင်ဝိုင်း တွင်းထဲဆင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



(၅)

လင်းရောင်မပျို့တစ်ပျို့အချိန်လောက်တွင် ကိုးသချိုင်းမောင်ဝိုင်းတို့သည် ရွှေထုပ်ငွေထုပ်ထမ်းပြန်လာသူများကဲ့သို့ ခြေလှမ်းများမှာ ပေါ့ပါးသွက်လက်နေတော့သည်။

မိတ်ဆွေစာပေ

# ကိုးသချိုင်းမောင်ဝိုင်းနှင့်သုသာန်ထဲက ချစ်ဇာတ်လမ်း

(၁)

"တုတ်နိုင်ပါ့မလား၊ မောင်ကာလုရဲ့"

ပြောပုံက မယုံတစ်ဝက်ယုံတစ်ဝက်ယုံရခက်ကြီး လေသံနှင့်ပါပေသည်။ ထိုသို့အမေးအမြန်းခံလိုက်ရသဖြင့် အောင်ဘာတစ်ယောက် လှစ်ခနဲမျက်နှာပျက်သွားသေးသည်။

အောင်ဘာသည်လည်း ခေသူတော့မဟုတ်၊ သူ့နယ်၊ သူ့ရွာ၊ သူ့အသေ၌ လက်ရဲဇက်ရဲဖြစ်သည်။ ထစ်ခနဲရှိ ရိုက်ပြီးပြီ၊ ထိုးပြီးပြီ၊ သတ်ပြီးပြီ။ ဒါတင်ပဲလား။ မဟုတ်သေးပါ။ ရှာနီးချုပ်စပ်တွင် ကြက်ဝိုင်းကောင်းပြီးလား။ အောင်ဘာရောက်သွားသည်။ သူရောက်သလို့များ ဝေစုပေးရင်ပေး၊ မပေးလို့ကတော့ လောင်းကြေးတွေလုပြီးသား။ မိုက်ဆိုသည့်အကောင်တွေ ရိုက်ပြီးသား။ အားလုံးကို နှိမ်ခေါ်ရသည့်သတ္တိအပြည့်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖဲဝိုင်းဖြစ်ပြန်လျှင်လည်း အောင်ဘနှင့်မလွတ်။ အော
ရောက်လာတာနှင့်ဝိုင်းထိန်းရသည်။ ဝိုင်းမပျက်အောင်၊ အ
အယှက်မပြုအောင်၊ ရိုက်ပွဲမဖြစ်အောင်ချော့ရသည်။ အရက်နှင့်
ကြော်နှင့်ဧည့်ခံရသည်။ ဆက်ကြေး၊ အပြည့်အဝပေးရသည်။
နယ်ပယ်အားလုံးကပင် အောင်ဘတူသောနာမည်ကို မကြား
လောက်အောင်အော့ကြောလန်ခဲ့ကြသည်။

သို့သော် အောင်ဘကို လူကိုယ်တိုင်တွေ့လိုက်ပါက ပု
သလဲဆက်ဆံကြရသည်။ အရေးတယူ ပြုကြရသည်။ အစ်
ကြီးတန် အစ်ကိုကြီး၊ ညီလေးတန် ညီလေးဟု ပြောဆို
အောင်ဘ ခွင့်လွှတ်သည်။ သို့မဟုတ်ပါက အောင်ဘ၏ လက်သီ
မိသွားတတ်ကြ၏။

လွန်ခဲ့သော နှစ်နှစ်လောက်က နိုင်ငံရေးအခြေအနေ ပြေ
သွားသည်။ စစ်အစိုးရက နိုင်ငံရေးစင်မြင့်ပေါ်တက်လာသည်။ စ
ရောက်လာသည်နှင့် တစ်ပြိုင်တည်း အုပ်ချုပ်ရေးကို သူတို့
ခွက်ထဲ ထည့်လိုက်သည်။ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေ
မိုးရေးဆိုတာက နာမည်ကျော်ကြားသူအားလုံးကိုဖမ်းလိုက်သည်

အောင်ဘလည်း အဖမ်းခံခဲ့ရ၏။ ကျော်စောမှုဖြင့်ဖြစ်သည်





ထောင်ဆယ်နှစ်ကျသည်။ အကြိမ်ကြိမ်ထောင်ကျခြင်း၊ အချုပ်ခန်းထဲ ရောက်ခြင်းအဖို့၌ အောင်ဘအတွက် ထမင်းစားရေသောက် အလုပ် လောက်သာဖြစ်သည်။ သိပ်ဆန်းလှသည်မဟုတ်။ သာမန် ဖြစ်ရိုး ဖြစ်စဉ်ဟု သဘောထားခဲ့သည်။

ယခုတစ်ကြိမ် ထောင်တွင်းရောက်သောအခါ၌လည်း အောင်ဘအဖို့ ပူပင်သောကမရှိ။ အောင်ဘတွင် မိဘမရှိပေ။ အစ်မကြီးတစ်ယောက်နှင့် ညီမတစ်ယောက်သာရှိသည်။ သူတို့လည်း သူတို့အိမ်ထောင်နှင့်သူတို့။ အသင့်အတင့်တော့ နေနိုင်ကြသည် ချည်းဖြစ်သည်။

အောင်ဘလှည့်ကြည့်ဖို့မလို။ သူ့ဘဝအတွက် ဖေါ်ကျကျ ပြားကျကျ နေလိုက်ရုံသာရှိသည်။ ထို့ကြောင့် ထောင်ထဲဝင်လာ တတည်းက ဘာမျှမပူ။ ထောင်ထဲ၌ မိတ်ဟောင်း၊ ဆွေဟောင်း အပြင် မိတ်သစ်ဆွေသစ်များဖြင့် ထိတွေ့ရသဖြင့် ပျော်မိလိုက် သေးသည်။

ခိုးမှု၊ တိုက်မှု၊ လုယက်မှု၊ စားပြမှု၊ ခါးမှု၊ လူသတ်မှု စသောအမှုပေါင်းစုံ လူပေါင်းစုံ ကြုံတွေ့ရသောကြောင့် မိတ်ဆွေ အပေါင်းအသင်းစုံလာရသည်ဟု အောင်ဘခံယူထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ အမှုစုံထဲတွင် ပြောင်ကြီးကို တွေ့ခဲ့ခြင်း ဖြစ်သည်။ အောင်ဘသည် အမှုပေါင်းစုံများကြားထဲတွင် ပြောင်ကြီးကိုမှရွေးပြီး အထူးစိတ်ဝင်စားခဲ့ရပေသည်။ စိတ်ဝင်စားမည်ဆိုလျှင်လည်း စိတ်ဝင်စားဖို့ကောင်းလှ၏။

ပြောင်ကြီးမှာ ဖိုးတွမ်တီးအမှုဖြင့် ထောင်ထဲရောက်နေသည်မှာကြာပြီ။ လွတ်ဖို့တစ်နှစ်၊ တစ်နှစ်ခွဲလောက်ပဲလိုတော့သည်။ ဆုမှတ်ရက်ကောင်းပါက ဒီ့ထက်မြန်နိုင်၏။ ပြောင်ကြီးက ဆုမှတ်ရက်ကောင်းကောင်းရဖို့အတွက် ညစောင့်ဘာယာလုပ်သည်။ ညစောင့်ဘာယာများကို တစ်ဆောင်တည်းတွင် သတ်မှတ်ချထားသည် မဟုတ်။ ထောင်အမှုထမ်းများက အလှည့်ကျအဆောင်ပြောင်း၍ ချထားပေးသည်။ တစ်ဆောင်၊ နှစ်ဆောင်၊ လေးဆောင်၊ ငါးဆောင် ဟူ၍ရှိသည်။ တစ်ပတ်လျှင် တစ်ဆောင်ပြောင်းပြီး ဘာယာလုပ်ကြရသည်။ ခုံးဆောင်မှာမူ နိုင်ငံရေးအကျဉ်းသားများ များ၍အဆောင်မလှည့်ရ။ သူ့အဆောင် သူ့ဘာယာနှင့်သူ။

အောင်ဘရှိသော နှစ်ဆောင်သို့အောင်ဘတို့ဘာယာအဖွဲ့ ရောက်လာသည်။ ထိုစဉ်က လူလည်အောင်ဘသည် အခန်းလှူကြီးနှင့်ပေါင်းမိကာ အခန်းစည်းကမ်းထိန်းသိမ်းရေး ဘုတ်ကိုင်လုပ်နေ



သည်။ ဒီမှာတင် အောင်ဘနှင့်ပြောင်ကြီး ဆက်သွယ်မှုရသွားတော့သည်။

ညဘက်အခန်းတံခါးပိတ်ပြီးသွားလျှင် အပြင်ထွက်၍ မရတော့။ တိုအခန်းဒီအခန်းမှာ လိုတာရှိလျှင် ဘာယာများကိုသာ အားကိုးကြရသည်။ ဘာယာများမှာမူ အခန်းလေးခန်း၏အပြင်၌ နေကြရသည်။ ဘာယာတန်းတစ်လျှောက်သွားနိုင်သည်။ အခန်းလေးခန်းစလုံးဆီသို့ သွားလာလို့ရသည်။ တစ်ခန်းနှင့်တစ်ခန်း တောင်းသမျှ မှာသမျှပစ္စည်းကို ယူငင်ပို့ဆောင်ပေးလို့ရပေသည်။

ထိုကဲ့သို့ ပတ်သက်ရာပတ်သက်ကြောင်းကလေးများမှ၍ အောင်ဘနှင့်ပြောင်ကြီးတို့ တစ်စတစ်စခင်မင်သွားကြသည်။ တစ်ယောက်နှင့်တစ်ယောက် သူ့အမှုအကြောင်း၊ ကိုယ့်အမှုအကြောင်း ပြောရာမှ ပြောင်ကြီးနှင့်ဓါးပင်မလုပ်ငန်းကို အတော်ကြီး စိတ်ဝင်စားသွားရခြင်း ဖြစ်သည်။

အောင်ဘသည် လုရမလား၊ ရိုက်ရမလား၊ ဓားထိုးရမလားနည်းနည်းမှုလက်မတွန့်။ သတ္တိရှိပါသည်။ သို့ရာတွင် ညအချိန်တော် သုသာန်ထဲသွားပါဆိုလျှင်တော့ စိတ်မရဲ။ ကြောချမ်းမိသည်။

ပြောင်ကြီးကို အောင်ဘအတော်အထင်ကြီးမိသည်။





www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် "အဲဒီအလုပ်ကို ခင်ဗျား တစ်ယောက်တည်း လုပ်တာလား" ဟုမေးကြည့်သည်။ ပြောင်ကြီး ခေါင်းခါရင်း ...

"ဟာ၊ ဒါတစ်ယောက်တည်း ဘယ်လုပ်နိုင်ပါ့မလဲ။ နှယ်နှယ်ရရ သတ္တိရှိတဲ့လူတောင် သချိုင်းထဲသွားပါဆိုရင် ဘယ်သွားနိုင်မှာလဲကွာ။ သရဲကြောက်တာနဲ့ လိပ်ပြာလွင့်ပြီးသေမှာ" ဟုဆိုလျှင်အောင်ဘ ...

"ဒါဆိုရင် ဘယ်သူတွေနဲ့သွားတာလဲ။ လူအုပ်ဖွဲ့သွားတာလား"

ဟု ထောက်မေး မေးသည်။

"ဟာ၊ အုပ်စုဖွဲ့သွားလို့ ဝေစုခွဲရင် ဘယ်မှာရတော့မလဲ ရတာနဲ့ခွဲဝေတာနဲ့ မကာမိဖြစ်နေမှာပေါ့။ တို့အဖွဲ့က နှစ်ယောက်သုံးယောက်။ ဒါ အများဆုံးပဲ"

"ဪ ... ဒီပဲလား"

"အေး ... ဒီပဲ။ တို့မှာ ဆရာရှိတယ်။ သူက ဒီလုပ်ငန်းမှာ အလွန်ကျွမ်းတယ်။ သတ္တိလည်းကောင်းတယ်"

"ဪ ... ဟုတ်လား။ ဘယ်သူတဲ့လဲ"

"အရင်တုန်းကတော့ သူ့နာမည်က မောင်ဝိုင်းပါပဲ။ နောက်တော့ကိုးသချိုင်းဝင်ခဲ့လို့ ကိုးသချိုင်းမောင်ဝိုင်းလို့





ခေါ်ဝေါ်ခဲ့ကြတာကွ"

"ကျွန်တော်တောင် တော်တော်စိတ်ဝင်စားမိတယ်။ ဗဟုသုတရအောင် တစ်ခါနှစ်ခါလောက်တောင် လိုက်ကြည့်လိုက်ချင်သေးတယ်"

"ရပါတယ်။ ဆရာမောင်ဝိုင်းကို ပြောပြထားမယ်။ လိပ်စာလည်း ပေးခဲ့မယ်။ အဲအကွက်ကောင်းတွေ့မယ်ဆိုရင် ပိုကောင်းတယ်။ ဝေစုများများပေးမှာပါ"

ဟုပြောင်ကြီးက အာမခံချက်ပေးသွားခဲ့သည်။

ထို့နောက် တစ်နှစ်ခန့်အကြာတွင် ပြောင်ကြီးလွတ်သွားသည်။ လွတ်လူတု ညဘက်တွင် စာရင်းခေါ်သည့်ညကလည်း ပြောင်ကြီးသည် အောင်ဘအား လွတ်လျှင် သူ့ဆီသို့ ဆက်ဆက်လာရန် မှာကြားသွားခဲ့သေးသည်။

ပြောင်ကြီးလွတ်သွားပြီး ခြောက်လခန့်အကွာတွင် အောင်ဘလည်း လွတ်လာသည်။ ထောင်ကျစဉ်က ဆယ်နှစ်ဆိုသော်လည်း ဆယ်နှစ်မနေလိုက်ရချေ။ အယူခံတင်ရာတွင် အောင်ဘမှုမထင်ရှားသဖြင့် ကျော်စောမှု မဖြစ်နိုင်ဟုဆိုကာ သက်ဆိုင်ရာက လွတ်ခွင့်ပေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လျှင် လွတ်ချင်းပင် အောင်ဘသည် ပြောင်ကြီးနေသည့်ဆီသို့ လိုက်သွားသေးသည်။ သို့ရာတွင်ပြောင်ကြီးနှင့် မတွေ့ခဲ့ ခရီးထွက်သွားသည်တု သူ့မိသားစုက ပြောပြသည်။ ဘယ်ခရီး ဘယ်သို့သွားသည်ဟုလည်း အတိအကျမသိခဲ့ရ။

သို့သော် အောင်ဘသည် အစ်မနှင့်နှမရှိရာသို့ ခေတ္တပြန်နေခဲ့၏။ ရွာ၌ ယခင်ကမူလအတိုင်း သောက်စားမှုယစ်နေလိုက်သေးသည်။ မကြာခင်ကာလမှာပင် အောင်ဘတို့ရွာ၏ နှစ်ရွာကျော် မရမ်းတောပင်တွင် အသုဘတစ်ခုဖြစ်ကြောင်း ကြားသိလိုက်ရလေသည်။

အတော်ချမ်းသာသောမိတများ၏ သမီးဖြစ်သည်။ နာမည်က မယဉ်ယဉ်နွဲ့ဖြစ်သည်။ အပျိုဖြစ်သည်။ ရွာ၏ကွမ်းတော်ကိုင် ပန်းတော်ကိုင်ဟုလည်း ကြားသိရသည်။

ထိုသတင်းရလျှင် အောင်ဘအသေအချာစုံစမ်းပြီးနောက် ပြောင်ကြီးထံသို့ အလျင်အမြန်ပြေးလာခဲ့သည်။ အဆင်သင့် ပြောင်ကြီးနှင့်တွေ့သည်။ ပြောင်ကြီးကတစ်ဆင့် ကိုသချိုင်းမောင်ပိုင်နှင့်ပါ တွေ့လိုက်ရပေသည်။

အောင်ဘက သူစုံစမ်းသိရှိသမျှကို မောင်ပိုင်းအားပြော လိုက်ပါသည်။ မောင်ပိုင်းက သိချင်သောအချက်အလက်များကို ထောက်၍ထောက်၍ မေးနေရာမှ "တုတ်နိုင်ပါ့မလား မောင်ဘာ





ရဲ့"သခော်တော်တော် ဆိုလိုက်သဖြင့် အောင်ဘမျက်နှာပျက်သွားရခြင်း ဖြစ်လေသည်။

စင်စစ်သော် အောင်ဘ၏အမည်ရင်းမှာ အောင်ဘပင် ဖြစ်ပါလျက် မောင်ကာလုဟု အသစ်ထွင်ကာ ခေါ်လိုက်သဖြင့်လည်း မကျေနပ်ပုံမျိုး ရှိသွားမိပါသည်။ နည်းနည်းတော့ ကျဲမြီးတိုသွားသော်ငြားလည်း မောင်ပိုင်းကို ယှဉ်ပြိုင်နိုင်ဖို့မလွယ်မှန်း သဘောပေါက်သည်။ မောင်ပိုင်း၏ ဥပတိရုပ်အသွင်အပြင်က ကြမ်းတမ်းသည်။ ဗလတောင့်သည်။ လက်မောင်းလက်ဖျံတို့က ခိုင်မာတောင့်တင်းသည်။ ဂုဏ်မြောက်ကြီးမားသည်။ မည်သူ့ကိုမျှ ကြောက်စိတ်မထားသည့်ပုံက ပေါ်လွင်လျက်ရှိ၏။

အောင်ဘသည် သူ့စိတ်ကို အတတ်နိုင်ဆုံး လျှော့လိုက်လေသည်။

* * *

မောင်ပိုင်းသည် မီးသေနေသောဆေးလိပ်တိုကို ကောက်ယူသည်။ မီးခြစ်ဖြင့် မီးညှိအောင်ညှိပြီး သုံးလေဖွာဆက်တိုက်ဖွာသည်။ ပြောင်ကြီးက ရေနွေးကြမ်းကို တစ်ငုံသောက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ကိုအောင်ဘရဲ့။ ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ယဉ်ယဉ်နွဲ့သေတာ သုံးရက်တောင်ရှိနေမှပဲ။ ဘာလို့ မြေမမြှုပ်ကြသေးကြတာလဲ။ အလောင်းကို ရွာအပြင် ထုတ်ပြီး သင်္ချိုင်းဇရပ်ထဲမှာ ဘာလို့သွားထားကြရသလဲ။ ဘာရည်ရွယ်ချက်တွေရှိနေကြလို့လဲ။ အဲ့ဒါ မရှင်းဘူးဗျ"

ဟုကောက်ခါငင်ခါ မေးလိုက်လေသည်။ အောင်ဘက ချောင်းတစ်ချက် ဟန့်လိုက်သည်။ ပြီးမှပြောသည်။

"ဒီလိုရှိတယ် ကိုပြောင်ကြီး။ ယဉ်ယဉ်နွဲ့က ရွာထဲမှာ သေတာမဟုတ်ဘူး။ ရွာပြင် ပဲခင်းထဲသွားရင်းပိုးထိတာ။ ရွာအပြင်ကတဲမှာ ဆုံးတာလေ။ ပြီးတော့ ပိုးထိသေတာ ဆိုတော့ ရိုးရိုးသေတာမဟုတ်တော့ဘူးဗျ။ အစိမ်းသေ ဖြစ်နေပြီ။ ဒါမျိုးဆို ရွာက ရွာထဲအသွင်းမခံကြတော့ဘူး။ ရွာနာတယ်လို့ အယူရှိကြတာကိုး။ အဲဒါကြောင့် ရွာပြင်က သင်္ချိုင်းကုန်းမှာပဲ ထားရတာ"

ပြောင်ကြီးက အင်းတစ်ချက်လိုက်လိုက်ပြီးမှ ဆိုသည်။

"သေမှတော့ မထူးတော့ပါဘူးဗျာ။ တစ်ခါတည်း မြေမြှုပ် သဂြိုဟ်လိုက်တာ အေးပါသေးတယ်။ အလုပ်ရှုပ်တယ်။ ဒီမသာကြီးက အသက်ပြန်ရှင်လာမှာမှ မဟုတ်ဘဲ"





"အဲသလို ပြောရင်တော့ ရတာပေါ့ ကိုပြောင်ကြီးရဲ့။ ဒါပေမယ့် ခုယဉ်ယဉ်နွဲ့သေတာက ကိုးဆယ်ခြောက်ပါး ရောဂါ မဟုတ်ဘူးလေ။ ပိုးထိသေတာ။ ပြီးတော့ သူ့ မိဘတွေဆိုတာကလည်း ဒီသမီးကလေးတစ်ယောက် တည်းရှိတာ။ ချစ်လိုက်တာလည်း တုန်နေကြသတဲ့။ မြွေဆိပ်မှန်နေတဲ့သမီးကလေး ပြန်ရှင်လာမယ်လို့တောင် ထင်နေသေးတာ။ ခုထက်ထိ ကောင်းပေ့တော်ပေ့ဆိုတဲ့ မြွေဆရာ၊ မြွေဆေးတွေနဲ့ အလောင်းကို လာလာကြည့် နေသေးသတဲ့။ မြွေဆရာတွေ အလောင်းကို စမ်းသပ် ကြည့်ရှုပြီး လက်မြှောက်ပြန်သွားကြတာချည်းပဲလို့ ပြောကြ တာပဲ"

မောင်ဝိုင်းက ဘာထင်မြင်ချက်မျှ မပေး။ ဆေးလိပ်ကို ဖွာနှင့်သာ နားထောင်နေသည်။ အောင်ဘ စကားအဆုံးတွင် ပြောင်ကြီး ထရယ်၏။ ရယ်ပြီးမှ ...

"အဲ့ဒါ ခက်တာပေါ့။ လူတွေက အယူမသီးသင့်တဲ့နေရာ မှာ အယူလိုက်သီးနေတာ။ သေမှတော့ ဘာထူးမလဲ။ အသက်ပြန်ရှင်လာမယ့်ကိစ္စမှ မဟုတ်တာ"

တုဆိုလိုက်ရာ အောင်ဘက လူတတ်ကြီးလုပ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုပြောင်ကြီး။ ခင်ဗျား အဲ့သလိုတော့ မပြောနဲ့
ကျွန်တော်တို့ရွာက အောင်သိဒ္ဓိဘုရားပွဲမှာ ဇာတ်ပွဲကြည့်
တယ်။ ဇာတ်အဖွဲ့နာမည်တောင်မေ့နေပါပြီ။ ကြာပြီ။ အဲ့
ဇာတ်ထဲမှာ ယောကျ်ားလုပ်တဲ့မင်းသား ပိုးထိရော
မင်းသားသေပြီဆိုပြီး ဖနီးမယားနဲ့ မိဘများက အဲ့
ယောကျ်ားကိုဖောင်ပေါ်တင်ပြီး မျှောလိုက်ကြတယ်။ အဲ့
အလောင်းဖောင်ကြီးရေစုံမျှောပါလာတာပေါ့။ ဆိပ်ကမ်း
တစ်ခုရောက်တော့ အဲ့ဒီကမ်းစပ်မှာ ညီအစ်မသုံးယေ
ကလည်း ဆိပ်ကမ်းနားမှာရေချိုးနေကြတယ်။ အစ်မကြီး
လုပ်တဲ့သူက ပထဦးဆုံးဖောင်ကြီးကိုမြင်တယ်။ မြင်တော
ညီမတွေကိုလက်ညှိုးညွှန်ပြီးပြောတယ်။ ရေကူးကျွမ်း
ညီမလတ်က အဲဒီဖောင်ကြီးကိုသွားဆွဲခဲ့တယ်။ ကမ်းနား
အစပ်ရောက်တော့ အလောင်းကိုယ်ငွေ့က ရှိနေသေး
ညီမငယ်က ဆေးဆရာအဖေကိုပြေးခေါ်တယ်။ ဆေးဆရာ
ကြီးက ဆေးကုပေးလိုက်တာနဲ့ မြွေဆိပ်တွေပြယ်သွား
လူကောင်းပကတိပြန်ဖြစ်သွားပါရော။ အဲ့ဒီတော့မှ ပြဿနာ
တက်တော့တာပဲဗျို့။ ညီအစ်မသုံးဖော် လင်လုကြပါ
ရောလား။ သူရသင့်တယ်။ ငါရသင့်တယ် ဖြစ်နေချိန်မှာ





မယားကြီးလည်း သတင်းကြားလို့လိုက်လာပြီး သူ့လင်ပါ
ဆိုတဲ့ ဇာတ်လမ်းလေ။ သိပ်ကောင်းတာပဲ။ သိပ်လည်း
မမှတ်ချင်တော့ဘူးဗျာ။ အဲ့ဒီဇာတ်ထုပ်ဗျာ။ မြွေဆိပ်ပြေ
သွားတာရှိခဲ့ဘူးတယ်လေဗျာ"

ဟု ဇာတ်ကွက်ဇာတ်လမ်းနှင့်တကွ ပြောပြလိုက်လေသည်။
မောင်ပိုင်းသည် အောင်ဘ၏ဇာတ်ထုပ်ကို နားထောင်နေရာမှ
ဆေးလိပ်တိုကို အဝေးသို့လွှင့်ပစ်လိုက်သည်။

ပြီးမှ ... လေသံခပ်အေးအေးဖြင့် ပြောသည်။

"ထားပါတော့ အောင်ဘရာ။ ဒါတွေက တို့အလုပ်မှ
မဟုတ်တာ။ မြွေဆိပ်ပြေဆေးတွေရှိပါလျက်နှင့် မကာကွယ်
နိုင်ဘူးဆိုတာ သူတို့ညံ့ဖျင်းလို့ပါ။ အချိန်မီကုသရမှာပေါ့။
သေပြီးမှ ပြန်ရှင်ဖို့ မလွယ်တော့ပါဘူး။ တစ်ခုပဲရှိတယ်။
တို့က တို့အလုပ်တို့လုပ်မယ်။ ပစ္စည်းဥစ္စာရတနာတွေ
မြေကြီးထဲမှာ အလဟဿ မဖြစ်သွားဖို့ဘဲ"

"ဘယ်တော့လောက်မှ စမလဲ"

ပြောင်ကြီးက မေးသည်။ မောင်ပိုင်းက ချက်ချင်းဖြေသည်။

"မနက်ဖြန်ညကွာ။ အောင်ဘ မင်းက မနက်ဖြန်စောစော
တို့ဆီလာခဲ့။ ပြောင်ကြီးက ငါမှာလိုက်တဲ့ပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့် စုဆောင်းထား၊၊ သံတူးရှင်းတစ်ချောင်း၊ သံစို့တစ်ချောင်း၊ တူကအသေးနဲ့အကြီးနှစ်ခု၊ တော်တော်ထက်တဲ့ ကပ်ကြေးတစ်လက်၊ ကျန်တာလုပ်နေကြအတိုင်း ဖရောင်းတိုင်နဲ့ မီးခြစ်ပေါ့။ လုပ်နေကြအတိုင်း စီစဉ်ထားလိုက်"

"ပေါက်ချွန်း၊ ပေါက်ပြားနဲ့ဂေါ်ပြားရော"ဟု မေးသည်။

မောင်ဝိုင်းက ခေါင်းခါရင်း "မသိဘူးကွ။ အလောင်းက ဇရပ်ထဲမှာဆိုတော့ မြေတူးစရာလိုမှမလိုဘဲ။ ခေါင်းဖွင့်ရုံပဲ။ ခေါင်းတောင်သံစွဲမထားဘူးဆိုရင် သံတူရှင်း၊ စို့တောင်လိုမှာမဟုတ်ဘူး။ ခုတာက လိုရမယ်ရယူနိုင်းရတာ"ဟု ဆိုလေသည်။





(၂)

ည ...

တစပြင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ အမှောင်ထုသည် တက်သည်ထက် တက်လာနေသလိုရှိလေသည်။ တစ်လံအကွာလောက်ကိုပင် တစ်ယောက်နှင့်တစ်ယောက် မမြင်စွမ်းနိုင်အောင်ဖြစ်သည်။

အသေးစားလက်နှိပ်ဓာတ်မီး၏ မီးရောင်သည် မှောင်ထဲ၌ ပိုးစုန်းကြူးကလေးများ တိုဒီပျံဝဲနေလေသလား ထင်ရသည်။ တောလမ်းကလေးမှာ လှည်းတစ်စီးသာ ခပ်ချောင်ချောင် မောင်းနှင်သွားနိုင်ရုံဖြစ်သည်။ ဝဲယာဘေးရှိ သစ်ပင်ချုံနွယ်များမှာ ည၏အမှောင်နှင့်ရုံလို ဖြစ်နေသည်။ ဝါးတင်ပြွန်လို မြင့်မားမို့တက်နေသည်ဟု စိတ်တာ ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ရသည်အထဲ တစ်ခါတစ်ခါ လေပြင်းသည် မထင်မှတ်ဘဲ ဝေါခနဲတိုက်ခတ်သွားတတ်လေသည်။ ထိုအခါ၌ ဝဲယာ ဘေးရှိ ချုံနွယ်ပင်များမှာ လေပြင်းဒဏ်ကြောင့် နာနာဘာဝများ ဆွေ့ဆွေ့ခုန်လေသလား မပြောတတ်။ လက်တန်ရှည်ကြီးများဖြ တစ်ယောက်ကိုတစ်ယောက် ရိုက်ပုတ်လိုက်သလို တဖြောင်းဖြောင်း တရှဲရှဲမြည်ဟည်းသွားတတ်ပြန်၏။

သစ်ပင်ချုံနွယ်များ ညလေ၏တိုက်ခတ်တိုးဝှေ့မှုကြော တဝုန်းဝုန်း၊ တဖျန်းဖျန်းမြည်သွားသဖြင့် ခိုအောင်းအိပ်စက်နေ သည့် ဇီးကွက်၊ ဇီးကြက်များမှာ ထိတ်လန့်တကြားရှိသွားတ တူ၏။ အသံမျိုးစုံ အော်တစ်ကာ ဟိုမှသည်မှ ပျံဝဲသွားကြလေသည် ထိုအချိန်၌ ညကမ္ဘာကလေးသည် ရုတ်ခြည်းပြိုကွဲပျက်စီးသွ လေသရော့သလား ထင်ရ၏။

ညသည် တစ်ခဏအတွင်း၌ ချောက်ချောက်ချားချားရှိ တတ်သည်။

"ဂီး ..."

တစ်ချိန်တည်း၊ တစ်ပြိုင်တည်းလိုလိုမှာပင် ငှက်ဆိုးတ ကောင်သည် "ဂီ"ခနဲထိုးကာ အဝေးဆီသို့ ပျံသွားပုံရသည်





ဝေးရှိလယ်ကွင်းများကို ဖြတ်သန်းပျံသွားရင်းလည်း ဂီခနဲ၊ ဂီခနဲ ကြိမ်တိုင်တိုင် ထိုးသွားလိုက်သေးသည်။

ကြားထဲ ချုံတစ်ချုံထဲမှ အမှတ်မထင် ဝုန်းခနဲခုန်ထွက်ကာ ပြေးသွားသောကြောင့် ကျောပင်ချမ်းစိမ့်သွားမိသည်။ သတ္တိခဲ အောင်ဘသည်ပင် ထိုအသံကြောင့် အလန့်တကြား 'အမေ့'တု လိုက်မိသည်။ ချက်ချင်းလည်းမောင်ပိုင်းနှင့် ပြောင်ကြီးကြား သို့ တိုးဝင်သွား၏။

မောင်ပိုင်းက လျင်သည်။ မြန်သည်။ အသံကြားရာအရပ် သို့ ဖျတ်ခနဲ ဓာတ်မီးထိုးသည်။ ယုန်ငယ်တစ်ကောင် အထိတ် တ် အလန့်လန့် ပြေးသွားသည်ကို လှစ်ခနဲတွေ့လိုက်ရပေသည်။

ပြောင်ကြီးက အောင်ဘကို ခနဲတဲ့တဲ့လေသံဖြင့် ...

"ဘယ်လိုလဲ၊ ကိုအောင်ဘရဲ့"

ဟုပြောလိုက်ရာ အောင်ဘကလည်း ...

"လစ်ဦးတဲ့မှပဲ။ အမှတ်တမဲ့ဆိုတော့ လန့်သွားတာပေါ့"

ဟု၍ ပက်လိုက်သည်။ ခေတ္တအကြာတွင် ခွေးအူသံသဲ့သဲ့ကို ကြားလိုက်မိသည်။ ဆွဲဆွဲငင်ငင် အူနေခြင်းဖြစ်သည်။

ခွေးအူသံကြားလိုက်ရသဖြင့် ရှာနှင့်အတော်ကလေးနီးလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီတု မောင်ပိုင်း ခန့်မှန်းမိလိုက်သည်။ စောင်းငဲ့ကြည့်ရင်း အော
ကို မေးသည်။

"ရှာနဲ့သိပ်မဝေးတော့ဘူးထင်တယ်"

"ဟုတ်တယ်။ သိပ်မဝေးလှတော့ဘူး"

"အဲဒီ တို့လက်နှိပ်ဓာတ်မီးတိုးတာ သတိထားမှ
မသုံးနဲ့။ ရှာက မီးမြင်လို့ မသင်္ကာဖြစ်နေဦးမေ
မှောင်ထဲစမ်းလျှောက်တန်လျှောက်ကွာ။ အောင်ဘ
လမ်းသိတယ် မဟုတ်လား"

"သိပါတယ်"

"အဲဒီ ရှေ့ကသွားကွာ"

ရှေ့ကသွားကွာဟုဆိုလိုက်သဖြင့် အောင်ဘ ကျော
သွား၏။ ရှေ့ကလည်းမသွားရဲ၊ နောက်ကလည်းမနေရဲဖြစ်နေ
အောင်ဘကိုကြည့်ရင်း ပြောင်ကြီး ဟက်ခနဲတစ်ချက်ရယ်
အောင်ဘသည် ပြောင်ကြီးက မသိမသာ ရယ်ပွဲဖွဲ့လိုက်သည်
မခံချိမခံသာ ဖြစ်သွားသည်။ စိတ်ကိုတင်းသည်။ မခံချင်စိတ်
ရင်ကိုကော့ပြီး ရှေ့တိုးသွားလိုက်သည်။

တစ်လှမ်းနှစ်လှမ်း လှမ်းလိုက်စဉ်မှာပင် ...





"ဗုန်း၊ ဗုန်း၊ ဗုန်း"

ဟုမြည်သွား၏။ အောင်ဘ နောက်သို့ပြန်ဆုတ်သည်။
မောင်ပိုင်းနှင့်ပင် ကိုယ်လုံးချင်းဝင်တိုက်မိကြသည်။ လက်ဖြင့်တွန်း
ရင်း "ဘာမှကြောက်စရာမလိုဘူး၊ တောသတ္တဝါတစ်ကောင်ကောင်
လန့်ပြီး ထွက်ပြေးသွားတာနဲ့တူတယ်"ဟုပြောသည်။ သို့ရာတွင်
အောင်ဘမှာ ကြောက်စိတ်မပြယ်သေးသဲဖြစ်၍နေသည်။ ရှေ့မှ
ခပ်ဖြည်းဖြည်းလျှောက်သည်။

"အောင်ဘရေ၊ သချိုင်းက ဘယ်နားလောက်မှာလဲ"

"ရှာရဲ့အနောက်ဘက်မှာ"

အသံတုန်တုန်ယင်ယင်ဖြစ်ကာ ခပ်တိုတိုပြောသည်။

"ရှာနဲ့နီးသလား၊ ဝေးလား"

"ဝေးတော့ ဝေးတယ်ဗျာ"

"ဝေးတော့ ဝေးတယ်ဆိုတော့ ဘာကရှိနေလို့လဲ"

"အနောက်မယ်တော်ဆိုလား၊ ဘာလားတော့မပြော တတ်
ဘူး၊ နတ်ကွန်းနဲ့ ညောင်ပင်ကြီးတော့ရှိတယ်။ အဲဒ
ကရပဲလို့ ပြောကြတယ်။ သရဲလည်း အင်မတန်ခြောက်
သတဲ့"

အနောက်မယ်တော်ဟုဆိုလိုက်သဖြင့် မောင်ပိုင်းသတိ



www.burmeseclassic.com

www.burmeseclassic.com



သလို ရှိသွားသည်။ ပြောင်ကြီးဆီသို့ စောင်းငဲ့ကြည့်ရင်း "ပြောင်ကြီး၊ ကွင်းပိုင်ကြီးတင်ဖို့ အရက်နဲ့ကြက်ကြော်ပါလာရဲ့လား"ဟုမေးသည်။

"ပါပါတယ်။ ကွင်းပိုင်ကြီးအတွက်တင်မတုတ်ပါဘူး။ လိုရမယ်ရဆိုပြီး လက်ဖက်၊ ကွမ်းယာတို့ပါ အဆင်သင့်ယူလာခဲ့သေးတယ်"

ဟု အိတ်ကိုမော့ပြ၍ ဆိုလတ်ရာ လျှာကြောရှည်သော အောင်ဘက ...

"နေကြစမ်းပါဦး။ ဒီလိုလုပ်တဲ့အလုပ်မှာလဲ ကွင်းပိုင်တို့ ဘာတို့ ပူဇော်ပသရသေးတဲ့လား။ ကျွန်တော်သိရသလောက်တော့ ခါးပြတိုက်တဲ့လူတွေကသာ သေနတ်တွေထောင်ပြီး ကြက်ကြော်နဲ့ အရက်တင်ပြီး ကွင်းပိုင်ကို တင်ကြမြောက်ကြတယ်လို့ပဲ သိထားတာ။ ခုတာက ..."

ဟု ဆိုနေရာ ပြောင်ကြီးက စကားပြတ်သွားအောင်ဖြတ်၍ ပြောလိုက်လေသည်။

"မင်း မသိပါဘူးအောင်ဘရာ။ အဲဒါတွေပြောနေရရင် အရှည်ကြီးပဲကွ။ တစ်ခါကဆို ကွင်းပိုင်မကျေနပ်လို့တဲ့ အလိုပိတ်ထားတဲ့ခေါင်းထဲမှာ မြွေတောက်ကြီးရောက်နေ





တာပဲ။ ခေါင်းအဖုံးဖွင့်လည်းဖွင့်လိုက်ရော 'ရှူး'ခနဲ မြွေကြီးထွက်လာတာ။ ပေါက်မယ်တကဲကဲနဲ့။ အလုံပိတ်ထားတဲ့ အခေါင်းထဲ ဒီမြွေကြီးဘယ်လိုဝင်ပြီး ခွေနေနိုင်မလဲ။ ကွင်းပိုင်ကြီးမကျေနပ်လို့ ရောက်နေတာနေမှာပေါ့။ မင်းစဉ်းစားကြည့်လေကွာ။ မတုတ်နိုင်ဘူးလား"

"အင်း ဖြစ်နိုင်တာပေါ့ကွာ"

ဟု အောင်ဘ ခေါင်းတညိတ်ညိတ်ဖြင့် ဆိုသည်။ ထိုအခိုက်တွင် အတော်အတန်ဝေးကွာလှသော ရွာတောင်ဘက်ဆီမှ ခွေးအူသံတစ်ခု စတင်ကြားလိုက်ရသည်။

"ဂူး ... ဝူး ... ဝူး ..."

"ဝုတ် ... ဝုတ် ... ဝုတ်"

"ဝိုဝို ... ဝိုဝို ... ဝိုဝို ..."

"ဂရမ်း ... ဂရမ်း ... ဂရမ်း"

ဟာန်းပိန်နေသောခွေးများမှ တစ်ကောင်နှင့်တစ်ကောင် အဆောအလဲ ကိုက်ခဲနေကြလေပြီ။ ဘေးမှအချန်အရန်များကလည်း တဝုတ်ဝုတ်ဟောင်နေရာမှ ဝင်ခဲဝင်ဆွဲကြလေ၏။ အကိုက်ခံရသောခွေးမှာ တစ်ကောင်နှင့်အများဖြစ်ဟန်တူသည်။ ဂိ ... ဂိဟု အော်မြည်နေရာမှ တကိန်ကိန်အော်၍ ထွက်ပြေးသွားဟန်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲခံခွေးများမှ ထွက်ပြေးလွတ်မြောက်သွားပုံရသော ခွေးကိုမျှော်ကြည့်ရင်း တညီတညွတ်တည်း အူလိုက်ကြတန်သည် သံရှည်ဆွဲလျက် အူလိုက်သဖြင့် ထိုအူသံ၏နောက်သို့ တစ်ရွာလုံးရှိ ခွေးများကလည်းလိုက်၍ အူလိုက်ကြပြန်၏။ ဒီတစ်ကြိမ် ခွေးအူသံများမှာ တော်တော်နှင့်မရပ်။ သံရှည်ဆွဲနေသောကြောင့် စိတ်မရှည်စရာကောင်းလှပေသည်။ အိပ်ကောင်းချိန်မို့ စိတ်မရှည်သူအချို့က ထ၍ ခဲနှင့်ပစ်သလား၊ တုတ်နှင့်ရိုက်သလား၊ လေးခွနှင့်ဆွဲလေသလား မပြောတတ်။

"ကိန်း ... ကိန်း ... ကိန်း ..."

ဟုအော်မြည်လျက်ရှိလေသည်။ ထိုစဉ်မှာပင် ...

"ဖျဉ်း ... ဖျဉ်း ... ဖလွှ ..."

မောင်ဝိုင်းတို့၏ အနီးအနားက ချုံအတွင်းထဲမှ ရုတ်ခြည်း ထွက်ပေါ်လာပြန်သည်။ အင်မတန် သတ္တိကောင်းပါသည်ဟု ဆိုရသော မောင်ဝိုင်းကိုယ်နှိုက်ပင်လျှင် ဖျဉ်းခနဲကြက်သီးထသွားမိ၏။ ပြောင်ကြီးလည်း ဟာခနဲမြည်ရင်း ဇက်ပုသွားတော့သည်။

အောင်ဘမှာမူ ...

"အမလေး၊ ကယ်တော်မူကြပါ"





ဟုထအော်ရင်း မောင်ဝိုင်းနှင့်ပြောင်ကြီးကြားထဲသို့ ...ဘင်းတိုးဝင်လိုက်သည်။ တိုက်မိတိုးမိသောအရှိန်ကြောင့် ပြောင်ကြီး ...မှာ ချုံထဲသို့ဟတ်ထိုးလဲကျသွားမတတ်ရှိလေသည်။ ပြောင်ကြီး ...သိုးနည်းနှာတင်းသွားပုံဖြစ်သည်။

"ဒွိလခွိး... ။ အောင်ဘ မင်းဘယ်လိုဖြစ်တာလဲ"

"ဟော့ကောင်၊ မင်းက တော်တော်အပြောကောင်းတဲ့ အကောင်။ မင်းကော မလန့်ဘူးလား"

အောင်ဘ မခံချင်စိတ်ဖြင့် ပြန်ပက်သည်။ ပြောင်ကြီးက ...သေးစားလက်နှိပ်ဓာတ်မီးဖြင့် အောင်ဘဆီထိုးကြည့်ရင်း ...

"လန့်တာ မလန့်ရဘူးလို့ မပြောပါဘူး။ မင်းဝင်တိုက်တာနဲ့ပဲ လူတောင်ချုံထဲလဲတော့မလို့ကွ။ သတိထားဖို့ ငါပြောတာ"

ဟုပြန်ခွပ်သည်။ အချီအချဖြစ်နေကြသော အောင်ဘနှင့် ...ပြောင်ကြီးအား နောက်လှည့်ကြည့်ပြီးမှ...

"တော်ကြစမ်းပါကွာ။ အဲ့သလိုဖြစ်နေလို့တော့ လိုရာခရီး ရောက်တော့မှာ မဟုတ်ဘူး။ အောင်ဘရေ၊ မင်းပြောတဲ့ ညောင်ပင်ကြီးဆိုတာ ရောက်ခါနီးပြီလား"

...စကားဖြတ်မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့တစ်ကွေ့ဆို ရောက်လုပါပြီ"

ခွေးအူသံများက မရပ်မနားရှိနေဆဲပင်တည်း။

* * *

ညောင်ပင်ကြီးမှာ အဓိကရအပင်ကြီးလား မပြောတတ်။ ကြီးမားအုပ်ဆိုင်းနေသည်။ ကွင်းထီးတည်းတွင် တစ်ပင်တည်းရှိနေသဖြင့် ဗြိတ္တာကြီးတစ်ကောင်ငုတ်တုတ်ထိုင်နေသည့်အလား ထင်ရသည်။ မှောင်မည်းသောညများ၌ ဒီသစ်ပင်ကြီးဆီသို့ လာရဲကြမည်မထင်။ အရဲစွန့်၍လာခဲ့လျှင်လည်း ဒီညောင်ပင်ကြီးအနီးရောက်တာနှင့် ထိတ်လန့်ကာ ရူးသွပ်သွားနိုင်သည်။

မောင်ပိုင်းတို့ညောင်ပင်ကြီးနှင့် မလှမ်းမကမ်းအရောက်တွင် မထင်မှတ်ဘဲ လေပြင်းသည် ဝေါခနဲဝှေ့ရမ်းတိုက်သွားသည်။ ညောင်ကိုင်းများ လေဝှေ့အားကြောင့် တဖြဲဖြဲမြည်တည်းသွား၏။ အကိုင်းများလည်း တဖြဉ်းဖြဉ်းရိုက်ခတ်နေသည်။ ရွက်ချင်းလည်းတိုက်နိုက်မိကြသဖြင့် တဖြောဖြောအော်ညည်းလျက်ရှိသည်။

ထိုစဉ် အိပ်တန်းတက်နေကြတာ ကျီးတန်းများမှ အလန့်တကြားထပျံရင်း တအာအာအော်တစ်နေကြသည်။ ဖိုင်း





အုပ်စုလည်းအဝေးသို့ပျံသန်းပြေးသွားကြ၏။

"ဇီးကွက် ... ဇီးကွက်"

ဇီးကွက်တစ်ကောင်သည်လည်း ကြောက်အားလန့်အားဖြင့် အရှေ့စူးစူးသို့ သံကုန်အော်ကာ ထွက်ပြေးပျံသန်းသွားလေတော့သည်။ လေတိုးသံလား၊ ညည်းသံလား မဆိုနိုင်။ တအီအီမြည်သံကြီးက အဆက်မပြတ်ပေ။

"ငါတို့လာတာကို သိနေလို့လား မဆိုနိုင်ဘူး။ တို့တို ခြောက်လန့်နေပြီထင်တယ်"

အောင်ဘကား အသည်းငယ်ပုံရှိသည်။ စိုးရိမ်မကင်း လေသံဖြင့်ပြောသည်။ ဖြောင်ကြီးသည် အောင်ဘ၏ အကြောက်အလန့်ကို အာရုံပြောင်းသွားစေရန် စကားလမ်းလွှဲလိုက်သည်။

"ဟေ့၊ အောင်ဘ။ ငါ မသိလို့တစ်ခုမေးစမ်းပါရစေဦး"

"ဘာလဲ ..."

အောင်ဘ လေသံတုန်တုန်ဖြင့် မေးသည်။

"သေသွားတဲ့ ယဉ်ယဉ်နွဲ့က ဒီညောင်ပင်နီရှာမှာတော့ အချောဆုံးအလှဆုံးဆို"

"အေး၊ လကွာ။ အဲဒီ ဘာဖြစ်သတုန်း"

"ငါ စဉ်းစားမိတာတစ်ခုရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစဉ်းစားတာလဲ၊ မြန်မြန်ပြောကွာ"

ကြောက်စိတ်မပြေသေးဟန်ရှိနေသော အောင်ဘက ဘုဆတ်ဆတ်ဆိုလိုက်လေသည်။ ပြောင်ကြီး တစ်ချက်ဟီးခနဲရယ်လိုက်ပြီးမှ ...

"အောင်ဘရာ၊ စိတ်ရှည်ရှည်ထားစမ်းပါ၊ ဒီလိုကွ။ အင်မထိအင်မတန်ချောမောလှပပါလျက်နဲ့ သွားတွေကြမှ ရွှေသွားလေးချောင်းတောင် စိုက်ရသတဲ့လား။ သွားတွေမကောင်းလို့လား"

ဟုအားလုံးမတွေးမိကျသည့်အချက်ကို ကောက်မေးသည်။ မောင်ဝိုင်းသည်ပင် ခေတ္တငိုင်သွားသည်။ အောင်ဘထံမှ စကားတစ်ခွန်းမျှထွက်မလာ။

"လေးချောင်းတောင်စိုက်တယ်ဆိုတော့ လှချင်လို့လို့မဆိုနိုင်ဘူး။ အလှစိုက်တဲ့ သူတွေကတော့ တစ်ချောင်းပဲ။ သွားတက်မှာ စိုက်တာများတယ်။ ရယ်လိုက်ပြုံးလိုက်ရင် ရွှေသွားကလေးပေါ်လာပြီး လှတယ်လို့ထင်အောင်လေ"

ဟူ၍ပြောင်ကြီးက သူ့ထင်မြင်ချက်ကိုပြောပြသည်။ မောင်ဝိုင်းသည် စိတ်ထဲကနေ ပြောင်ကြီး၏စကားကို ထောက်ခံမိ





လိုက်၏။ အောင်ဘသည်လည်း ဘာမျှပြန်ပြန်မပြောနိုင်တော့သလို ဆိုင်ငိုင်ဖြစ်သွားလေသည်။ အတန်ကြာမှ ...

"အေးကွာ။ မင်းပြောသလို ငါလည်းမတွေးမိလိုက်ဘူး။ တုတ်မယ်ထင်တယ်။ သွားတွေ မကောင်းလို့ ရွှေသွားစိုက်ထားတာ ဖြစ်ချင်ဖြစ်မယ်"

ဟုအောင်ဘက လေသံအေးအေးနှင့် ဆိုသည်။ ယခုအခါ၌ အောင်ဘ၏စကားသံမှာ ပုံမှန်အနေအထားအတိုင်းရှိလာပြီမို့ ကြောက်စိတ် ပြေသင့်သလောက်ပြေသွားလေပြီဟု ယူဆရသည်။

ညလေသည် စောစောကလို ခပ်ကြမ်းကြမ်းမဝှေ့ရမ်းတော့သဖြင့် ညောင်ပင်ကြီး၏ပတ်ဝန်းကျင်မှာ တိတ်ဆိတ်သွားလေသည်။ တိတ်ဆိတ်သွားပုံမှာလည်း အံ့ဩစဖွယ်ဖြစ်သည်။

တစပြင်ကဲ့သို့ ခြောက်သွေ့တိတ်ဆိတ်ခြင်းမျိုးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၃)

မောင်ဝိုင်း၏အသံမှာ ခပ်တိုးတိုးဖြစ်၏။

သို့သော် ညသည် တစပြင်ပ[illegible] ကိတ်ဆိတ်နေသ[illegible] မဆိုသလောက်ကြားနေရသည် ထင်၏။ မောင်ဝိုင်းသည် ဈေး[illegible] ပင်ကြီး၏ပင်စည်အနီးတွင် ခြေစုံရပ်လျက်ရှိသည်။ လက်ဖက်ခွက်[illegible] နဖူးအထက်ဆီသို့ ခပ်ပင့်ပင့်မြှောက်ကိုင်လျက် မျက်လွှာကို အ[illegible] မှိတ်လျက် နှုတ်ကတတွတ်တွတ်ရွတ်ဆိုလျက်ရှိသည်။

“ရှာစောင့်နယ်စောင့် မယ်တော်ကြီးခင်ဗျား။ သားေ[illegible] တို့သတိတရ၊ အားကိုးတကြီးနဲ့ မယ်တော်ကြီးအ[illegible] ကွမ်းတစ်ယာ၊ လက်ဖက်ပွဲဖြင့် ပူဇော်ဆက်သပါတ[illegible] သုံးဆောင်တော်မူပါ။ သားတော်တို့ အခုလုပ်မယ့်လုပ်[illegible] အပေါ်မှာလည်း စောင့်ရှောက်တော်မူပါ။ နှောင့်ယှက်တ[illegible] သောရှာသူစုန်းကဝေကအစ ဥစ္စာစောင့်၊ မြေဘုတ်တိ[illegible]





သရဲတစ္ဆေ ပြိတ္တာတို့ကို မနှောင့်မယှက်နိုင်အောင် မဖျက်ဆီးဝံ့အောင် မယ်တော်ကြီးတားဆီးပေးပါ။ တန့်တားပေးပါ။ ခုလည်း သားတော်တို့အနေနဲ့ ဒီပစ္စည်းလာယူတာ မတရားလုယူတယ်လို့ မဆိုနိုင်ပါဘူး။ အလတသဖြေကြီး ပြဲဖာဖြစ်သွားမှာမို့ ယူရခြင်းဖြစ်ပါတယ်။ ဒီအတွက် မယ်တော်က ကူညီစောင့်ရှောက်ပေးစေလိုပါတယ်”

မောင်ဝိုင်းသည် သူတတ်သလောက်၊ မှတ်သလောက်များဖြင့် [illegible]ပူဇော်ပသနေသည်။ ထို့နောက် ကွင်းပိုင်ကြီးအတွက်ဆိုကာ [illegible]ကြက်ကြော်နှင့်အရက်ကိုဆက်၏။ မောင်ဝိုင်းပူဇော်ပသနေသည်ကို [illegible]ကြည့်နေသောအောင်ဘသည် အရက်ပုလင်းကိုမြင်ရသောအခါ၌ [illegible]တွင်းချဥ်ချင်သလိုဖြစ်လာသေးမိ၏။

ဒီမလာခင်စောစောက ရဲဆေးသဘောဖြင့် တစ်ယောက်တည်း [illegible]တစ်လုံးဆွဲခဲ့သေးသည်။ သုသာန်ထဲရောက်သည့်အထိ အရှိန်သ[illegible] [illegible]သွားလိမ့်မည်မဟုတ်ဟု ထင်မိ၏။ သို့သော် လမ်း၌အ[illegible] [illegible]လန့်များကြုံ၍ ရင်ခုန်ခဲ့ရသဖြင့် အမူးဒီဂရီသည် ယခုကျနို[illegible] [illegible]ဘူး။ ထပ်ဆွဲခွင့်ရရင် ကောင်းမှာပဲဟု အတွေးစိတ်များပေါ်[illegible]

ပြောင်ကြီးကမူ မောင်ဝိုင်းနှင့် ဒီလုပ်ငန်းမျိုး [illegible] [illegible]ပူး၍ ရိုးနေပေပြီ။ အထူးစိတ်ဝင်စားမနေ။ ပ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အာရုံစိုက်ထား၏။ ဒီညောင်ပင်ကြီးမှာ အဓိကရအပင်ကြီးဖြစ်သည် ဟုထင်မိသည်။ ပင်စည်လုံးပတ်ကြီးသလောက် အကိုင်းအခက် အရွက်တွေ အတော်အုပ်ဆိုင်းနေသည်။

အပင်၏ဝန်းကျင်တွင် မှောင်ပိန်းနေသည်။ ဖရောင်းတိုင် အလင်းရောင်သည် အမှောင်ကို ရဲရဲတွမတိုးဖောက်နိုင်သလိုရှိသည် ညောင်ပင်ကြီး၏အောက်တွင် နတ်စင်အပျက်အစီးများ စုပုံနေသည် ဘုရားပုံတော်အဟောင်းအနွမ်းများအချို့ တွေ့ရသည်။ ဘိုးတော်ရုပ် အကျိုးအပဲ့များလည်း စွန့်ပစ်ထားကြသည်။ မြင်းမြှုရှင်အရုပ်များ အပင်တွင်တို့လို့တွဲလောင်း။ ပုံမကျပန်းမကျ။

မမျှော်လင့်သည့်အခိုက်တွင် လေသည်အဘယ်အရပ်ဆီ ရုတ်ခြည်းခုန်ပေါက်ပြေးထွက်လာသည်မသိ။ ညောင်ကိုင်းများ၊ ဝရုန်း သုန်းကားဖြစ်သွား၏။ တိုးလို့တန်းလန်း ဆွဲချိတ်ထားသည့် မြင်း များအသက်ဝင်လာဘိသကဲ့သို့ ကဆုန်ဆိုင်ရန် ဟန်တပြင် ရှိနေလေသည်။

မောင်ပိုင်းတို့လုပ်ငန်းကို မနှစ်မြို့တန်ရှိသည်ဟု ပြော မဆီမဆိုင်ပျော့မိလိုက်သေးသည်။ ရင်ထဲမှာ မသိုးမသန့်ဖြစ်မိသ

"တဲ ... သွားကြမယ်"





မောင်ပိုင်းက ပြောလိုက်လေသည်။ ထိုအခါမှ ပြောင်ကြီးက တွေးများဖြုတ်ခနဲ ပျောက်ပျက်သွားတော့သည်။

* * *

သုသာန်များထဲတွင် ဒီသုသာန်သည် ထူးခြားသည်ဟု ရှည်ဖြစ်သည်။ သုသာန်ပတ်လည်တွင် ဝါးပင်ကြီးများ ဝိုင်းကြီး တ်လည်ဖြစ်နေပေသည်။ ဝါးပိုးဝါးပင်များသည် အုပ်စုလိုက် အုံ့ဖွဲ့ ကြသည်။ ပင်များများသည် မိုးယံကိုတိုးဖောက်တော့မည့်အလား င်ရသည်။

ပင်ခြေအောက်တွင်မူ ဝါးရွက်ခြောက်များ ပြည့်နှက်နေ၏။ ခြားသစ်ပင်ငယ်များပင် မပေါက်ရောက်နိုင်အောင် အရိပ်ကောင်း သည်။

ဝါးရွက်ခြောက်များကိုနင်းလိုက်တိုင်း တချွတ်ချွတ်မြည်နေ သည်။ တိတ်ဆိတ်သွေ့ခြောက်လျက်ရှိသောညထဲတွင် ထိုအသံ ည် အတော်ကလေး ကျယ်လောင်နေလေသည်။ ခြေသံလုံအောင် သ်လိုနည်းနှင့်မျှ လျှောက်လို့မရအောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ခြေသံကိုပင် တစ်ခါတစ်ရံ၌ ကိုယ့်ခြေသံမှ ဟုတ်ရဲ့လားဟု သံသယဖြစ်မိ၏။ ကိုယ့်နောက်ကျောမှ တစ်ဦးတစ်ယောက်ကပ်၍ လိုက်လာသယောင်ယောင်ထင်မိလိုက်သေးသည်။ နောက်ကျောမလုံမလဲဖြစ်သည်။ ခဏခဏလှည့်ကြည့်မိသည်။

စိတ်အထင်၌ ကိုယ့်နောက်တွင် နာနာဘာဝတစ်ကောင်ကောင်ကပ်၍ပါလာသလိုလို ဖြစ်နေသည်။ ကြက်သီးမွေးညင်းများတဖျန်းဖျန်းထမိသည်။ ခေါင်းကဆံပင်တွေ ထိုးထိုးထောင်ထောင်ထသွားသည်ထင်သည်။

"ဝူး ... ဝူး ... ဝူး"

မရှေးမနှောင်းမှာပင် ရှေ့ဘက်ဆီမှ ခွေးအူသံကြီးကို ကြားလိုက်ရပြန်သည်။ ခွေးသည် ဒီတစ်ကြိမ်၌ ရိုးရိုးအူသံမျိုးမဟုတ်။ ရင်ခေါင်းသံကြီးဖြင့် ဝဲဆွဲဆွဲတငင်ငင်အူလျက်ရှိသည်။ တစ်ကောင်တည်း တမြေ့မြေ့တဆွဲဆွဲ အူနေစဉ်မှာပင် နောက်ခွေးများကလည်း ကူညီဖေးမသည့်အနေဖြင့် လိုက်၍အူကြလေပြီ။

တစ်ရွာလုံးခွေးအူသံဖြင့် စီစီညံနေတော့၏။ ထိုအခိုက်...

"ဗုတ် ..."

ဟူသောအသံနက်ကြီးတစ်ခု မောင်ဝိုင်းတို့ရှေ့ မလှမ်းမကမ်းတွင်ဖြစ်သွားသည်။ "ဟာ ..." ဟူ၍ ခပ်ကျယ်ကျယ်





အော်သံကိုပါ တစ်ဆက်တည်းထွက်လာသည်။ သတိကြီး၊ လက်မြန်သောမောင်ဝိုင်းက ဖျတ်ခနဲလှမ်းဆွဲလိုက်သည်။ အောင်ဘလက်ကို မိရုံ ဆုပ်ကိုင်ဆွဲထားလိုက်ရသည်။ ဟာခနဲအော်ကာ နောက်ကြောင်းလှည့်ပြေးတော့မည့် အောင်ဘမှာ မလှုပ်သာအောင်ရှိသွား၏။ မြောင်ကြီးကလည်းသွက်သည်။ လျင်သည်။ အတွေ့အကြုံရှိနေသူပီ ဗုတ်ဆိုသည့်အသံ ထွက်ပေါ်လာရာဆီသို့ လက်နှိပ်ဓာတ်မီးအသေးစားဖြင့် လှစ်ခနဲဖမ်းထိုးကြည့်သည်။

"ချလွတ် ... ချလွတ် ... ရှပ်... ရှပ်"

မြည်သံနှင့်အတူ မြွေစိမ်းမြီးခြောက်တစ်ကောင် ငါးရှက်ခြောက်များကိုကိုး၍ လျှောခနဲပြေးသွားတော့သည်။ ထို့နောက် ချုံပင်ကြားထဲသို့ ဝင်သွားလေသည်။

"အောင်ဘရာ၊ ငါးပင်ပေါ်က မြွေပြုတ်ကျတာပါကွာ။ ဒီလောက်ပဲ လန့်ရလား"

မြောင်ကြီးက လေသံမြှင့်၍ပြောသည်။

"အမှတ်တမဲ့ဆိုတော့ လန့်တာပေါ့ကွာ"

"လန့်ပဲလန့်နိုင်လွန်းတယ်ကွာ။ ထောင်ထဲမှာတုန်းက မင်းပဲ ပြောခဲ့တယ်မဟုတ်လား။ မိုးပေါ်မှာ မာဃ၊ ရုပ်ရှင်မှာရွှေဘ၊ လူမိုက်လောကမှာအောင်ဘဆို၊ ဘယ်သူ့ရှ



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မထားဘူးဆိုကွ"

ပြောင်ကြီး၏ စကားလုံးများမှာ အောင်ဘာနှလုံးသားက လက်သီးပြင်းပြင်းဖြင့် ပိတ်တိုးလိုက်သလိုရှိပေသည်။ နင့်ခနဲခံစ လိုက်ရသောအောင်ဘာ မျက်နှာပျက်သွားလျက် ...

"ဟေ့ကောင်၊ ပြောင်ကြီး။ မင်း အဲ့ဒီစကားမျိုးမပြောနဲ့ ငါမခံနိုင်ဘူး။ လူလူချင်းတော့ ငါ့အကြောင်းသဘောပေါက် ပါတယ်။ တောင်ထဲမှာမင်းတွေ့တယ်မဟုတ်လား။ အေ လူမောင်တို့အုပ်စုကို ဖြိုလိုက်တာ။ ငါ့လက်ဆကို မင အတွေ့ပဲ။ တိုက်ပိတ်တောင်ခံရသေးတယ်လေ။ အေ ခုဟာက အကောင်အထည်မြင်ရတဲ့ကိစ္စ မဟုတ်ဘူး နာနာဘာဝတစ္ဆေသရဲကွ။ သူ ကိုယ်ထင်ပြမှ မြင်ရတာ မလန့်ဘဲ နေပါ့မလား။ မင်းစဉ်းစားကြည့်"

ဟုအောင့်သီးအောင့်သက်ဆိုသည်။ မောင်ဝိုင်းကခေါင်း လိုက်ငြိမ်းမှပြောသည်။

"ရန်ဖြစ်မနေစမ်းပါနဲ့ကွာ"

* * *





"ဖလပ် ... ဖလပ် ... ဖလပ်"

"ဝေါ ... "

"ရှဲ ... ရှဲ ... "

အသံမျိုးစုံ ထွက်လာပြီးနောက် ရဲခနဲမြည်ကာ ဝါးပင် ကိုင်းများတစ်ဖျားသည် ကိုင်းညွတ်ဆင်းလာ၏။ အတော်နိမ့်ကျလာ သည့်အခိုက်တွင် ပြောင်ကြီး၏ နှုတ်ဖျားမှ "တိုက် ...။ လုပ်လိုက် ငြိမ်ပြီထင်တယ်"ဟု လွှတ်ခနဲထွက်သွားလေသည်။ အောင်ဘာသည် ပြောင်ကြီး၏စကားအဓိပ္ပာယ်ကို ဘာမှန်းညာမှန်းမသိသော်ငြားလည်း တစ်ကိုယ်လုံး စိမ့်ခနဲတော့ရှိသွားမိသည်။ ရှေ့လှမ်းမည့်ခြေလှမ်းပင် ကိုဆိုင်းသွားသည်။

မောင်ဝိုင်းက ...

"လင်းဆွဲပါကွ"

ဟုပြောသည်။ မည်သူမျှ စောဒကမတက်တော့ပေ။ သင်္ချိုင်း ထဲသို့ ခပ်သုတ်သုတ်ပင်ဝင်ခဲ့ကြပေသည်။ အတော်ကျယ်ဝန်းသော သင်္ချိုင်းဖြစ်၏။

သင်္ချိုင်းအတွင်းရှိ မြေပုံများကိုကြည့်ရင်း ရွာ၏အခြေအနေကို မောင်ဝိုင်းခန့်မှန်းသည်။ အိမ်ခြေနည်းမည့်ရွာတော့ ဟုတ်မည်မထင်။



www.burmeseclassic.com

www.burmeseclassic.com



ရွာကြီးတစ်ရွာဖြစ်နိုင်သည်။ အိမ်ခြေပေါင်း တစ်ထောင်နီးပါးခန့် ရှိလိမ့်မည်ထင်ရသည်။

သချိုင်းထဲ၌ အုတ်ဂူများအတော်များများတွေ့ရသည်။ အချို့ဂူများမှာ ဟောင်းနွမ်းနေပြီး အကျိုးအပဲ့အပျက်အစီးများ ရှိနေသည်။ ကျွဲကျောင်းသား၊ နွားကျောင်းသားများလက်ဆော့တာ ဖျက်ဆီးလေသလားမသိ။ အချို့သောအုတ်ဂူများမှာမူ အဟောင်း ပကတိ။ ထုံးဖွေးဖွေးပင်ရှိသေး၏။

မြေပုံအသစ်၊ အဟောင်းများလည်း အပြည့်နီးနီး။

သုံးယောက်စလုံးသည် မြေပုံများ၊ အုတ်ဂူများ၊ ချုံနွယ်များ ကြား၌ လက်နှိပ်မီးအသေးကားကို မီးရောင်သိပ်မလာက်အောင် သတိထား ထိုးကြည့်လျက် ခပ်ဖြည်းဖြည်းလျှောက်လာခဲ့ကြသည်။

သချိုင်းဇရပ်နှင့် မနီးမဝေးအရောက်တွင် ...

"တာ ... တာ ... ဟိုမှာ၊ ဟိုမှာ သရဲ သရဲဗျာ"

တ၍ အောင်ဘာက ကြောက်ကြောက်လန့်လန့်ဆိုသည်။ သူ့စကားကြောင့် မောင်ဝိုင်းပင်လျှင် ခေါင်းနပမ်းကြီးသွားမိသည်။

"ဟိတ်၊ အောင်ဘာ ... မင်းဘာဖြစ်တာလဲ"

မောင်ဝိုင်းက စိတ်ဆိုးမာန်ဆိုး မေးသည်။ ပြောင်ကြီး ကလည်း





"ဟေ့ကောင်၊ အောင်ဘာ။ တိုးတိုးလုပ်စမ်းပါ။ မင်းအသံက ကျယ်လိုက်တာ။ မင်း ဘာမြင်လို့လဲ"

ဟုဟောက်လိုက်၏။ ကြောက်ရွံ့နေသော အောင်ဘာက လေသံတုန်တုန်ဖြင့် ...

"မင်း မတွေ့ဘူးလား။ ဟိုမှာ။ ဇရပ်ပေါ်မှာ မိန်းမကြီး ကွ။ ဆံပင်ဖားလျားချပြီး တို့ကိုလှမ်းကြည့်နေတာ။ မျက်လုံးကြီးကလည်း နီရဲနေတာပဲ"

ဟုပြောလိုက်ရာ မောင်ဝိုင်းနှင့်ပြောင်ကြီး နှစ်ယောက်စလုံး ခေါင်းကြီးသွားမိကြသည်။ ချက်ချင်းပင် အောင်ဘာညွှန်ပြသည့် ဇရပ်ကြီးဘက်သို့လည်း လှမ်းရှုကြည့်သည်။ ဟောင်းနွမ်းအိုမင်း နေသည့်ဇရပ်ကြီးမှာ မှောင်မည်းမည်းထဲ၌ ခပ်ရေးရေးတွေ့ရသည်။ အစ္ဆေအိုကြီးတစ်ကောင် ဆောင့်ကြောင့်ကြီးထိုင်ကာ သူတို့အား စိုမခန့် လှမ်းကြည့်နေဘိသကဲ့သို့ ထင်ရသည်။

ဇရပ်အတွင်းတွင် တစ်ခါတစ်ခါ မီးရောင်ကဲ့သို့ လင်းခနဲ မှိတ်ခနဲ ဖြစ်ပေါ်သွားသည်ကို သတိထားမိလိုက်သည်။ ထိုသို့ လင်းလက်သွားခိုက်တွင် အရိပ်သဏ္ဌာန်တစ်ခုမှာ ဘွားခနဲပေါ်လာ သည်။ လှုပ်လှုပ်ရှားရှား ယိမ်းထိုးလျက် တုပ်တန်းယက်မဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ခုန်၍တက်သွားသလို ရှိလေသည်။ ၎င်းအပြင် အောင်ဘပြောသလို မိန်းမကြီးတစ်ယောက် ဆံပင်ဖားလျားချထားသည်ဆိုသည့် မိန်းမကြီးကိုမူ အရိပ်အယောင်မျှမတွေ့မိ။

"မင်း၊ စိတ်ထင်လို့ပါ။ ဘာမှမရှိပါဘူး"

ဟုမောင်ပိုင်းကပြောသည်။

"ခင်ဗျား၊ သေချာမကြည့်လို့။ အဲ့ဒီမိန်းမကထဘီရင်လျားနဲ့ဗျာ။ စူးစူးဝါးဝါးကိုစိုက်ကြည့်နေတာ"

ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာကို မောင်ပိုင်းငြင်းချက်ထုတ်မနေတော့ပေ။ ရှေးလူကြီးသူမပြောသလို ကံနိမ့်သူတွေသာ တစ္ဆေသရဲပြိတ္တာကို မြင်တွေ့ကြရတာမျိုးဟု သဘောထားလိုက်၏။ အောင်ဘ အကြောက်ပြေအောင်သာ ...

"လုပ်မနေစမ်းပါနဲ့ အောင်ဘရာ။ တစ္ဆေသရဲဆိုတာ တို့ထက်နိမ့်ကျသူတွေပါ။ ခြောက်ရုံကလွဲလို့ ဘာမှမလုပ်နိုင်ပါဘူး။ လာ သွားကြမယ်"

ဟုဆိုသည်။ အောင်ဘ ခြေလှမ်းမရွေ့သေးဘဲ ရပ်မြဲရပ်နေရာမှ "ဟာ၊ ကုပ်လိမ်ချိုးနေမှဖြင့်" ဟု ဆိုပြန်သည်။ မောင်ပိုင်းစိတ်မရှည်။ စိတ်တိုသွားသည်။





"တဲ၊ မင်း အဲ့သလောက်သတ္တိနည်းရင် မလိုက်နဲ့တော့။ မင်း ဒီမှာပဲနေရစ်ခဲ့။ တို့သွားမယ်။ လာပြောင်ကြီး"

မောင်ပိုင်းက မာဆတ်ဆတ်ပြောလိုက်ရာ အောင်ဘခမျာ တစ်ကိုယ်လုံး နတ်ကျသလို တုန်သွားလေသည်။ သူတစ်ယောက်တည်းလည်း မနေရဲ၊ မထိုင်ရဲ။ နောက်ကျောပင် မလှည့်နိုင်အောင်ဖြစ်နေရှာ၏။

"ဟာ၊ အဲ့သလိုတော့ မထားခဲ့ပါနဲ့ဗျာ"

အောင်ဘ၏ စကားအဆုံးတွင် ပြောင်ကြီးက ...

"ဇရပ်ထဲမှ မီးရောင်လိုလိုမှတ်တယ်"

ဟုပြောရာ မောင်ပိုင်းက စိတ်မရှည်နိုင်သဖြင့် ...

"မင်းတို့ကလည်း တစ်ယောက်တစ်မျိုးပဲ။ သုသာန်ထဲ ဘယ်သူက မီးလာထွန်းမလဲကွာ။ လာပါ။ သွားကြမယ်"

ဟုဆိုကာ ရှေ့မှခပ်သုတ်သုတ်ထွက်သွားသည်။ ပြောင်ကြီးနှင့်အောင်ဘသည်လည်း သုတ်သီးသုတ်ပျာပင် လိုက်သွားကြတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



“တီး … တီး … အတင့်”

တိတ်ဆိတ်သောအကာလထဲ၌ ထိုအသံသည် တအစ်အစ် ထွက်ပေါ်လာသည်။ အင်မတိအုစ်တန်နားပါးလှသော မောင်ဝိုင်းသည် ထိုအသံကြောင့် ဆတ်ခနဲရပ်သည်။ ထို့နောက် အုတ်ဂူတစ်ခုဘေးသို့ ချဉ်းကပ်သည်။ ထို့နောက် ဂူဘေးတွင် ဆောင့်ကြောင့်ထိုင်သည်။

အောင်ဘနှင့်ပြောင်ကြီးသည်လည်း မောင်ဝိုင်းလှုပ်ရှား သလို လိုက်လှုပ်ရှားကြသည်။ ဂူအကွယ်တွင် နေရာယူကြပြီးနော ပြောင်ကြီးက မေးသည်။

“ကိုဝိုင်း ဘာတွေ့လိုက်လို့လဲ”

“ရှူး၊ တိုးတိုး၊ ဇရပ်ထဲက တတီးတီးနဲ့ကွ။ ဘာသံ မှန်းမပြောတတ်သေးဘူး။ တော်တော်ထူးဆန်းတယ်။ နားထောင်”

ယခုအချိန်၌ သူတို့သုံးယောက်သည် ဇရပ်ကြီးနှင့် အတော နီးနေပေပြီ။ စောစောက ပြောင်ကြီးပြောခဲ့သလိုပင် ဇရပ်ထဲ မီးရောင်ရှိုးတိုးရိပ်တိတ် မြင်မိသည်ဆိုသလို ခုမှ တကယ့်မီးရော လက်လက်ကိုမြင်ရသည်။ အလောင်းစင်တင်ထားသည့်ဘက် ဖြစ်သည်။ မီးတလက်လက်သည် ရှည်လျောမျောမျောခေါင်း တိုဘက်မှထွက်လာရသဖြင့် ခေါင်း၏အရိပ်မည်းမည်းပြ သ





မီးညှန့်လှုပ်ခါတိုင်း လှုပ်လှုပ်ယမ်းယမ်းဖြစ်နေတော့၏။ သရဲတစ္ဆေ များ လှုပ်ရှားသွားလာနေသလို ထင်ရပေသည်။

ထို့ပြင် တတင့်တင့်အသံကြီးက ပို၍ထူးဆန်းနေပြန်၏။

“အဟင့် … အတင့်၊ တီး”

မောင်ဝိုင်း နဖူးကြုတ်သည်။ အသံကိုသဲကွဲအောင် နားစွင့် သည်။ ဝေကွဲကြည့်သည်။ ညည်းသံလား၊ ရှိုက်သံလား၊ သေချာ အောင် ခွဲမရဖြစ်နေသည်။ သို့ပေမယ့် ဒီဇရပ်ပေါ်၌ လူတစ်ဦး တစ်ယောက်ရှိနေလိမ့်မည်ဟူ၍ကား ထင်မိ၏။

ဘယ်လိုလူမျိုး ဖြစ်နေမည်နည်း။

ခုလို ညအချိန်မတော် သုသာန်ဇရပ်ထဲသို့ လာဝံ့သူသည် ည်သူများရှိနိုင်မည်မဟုတ်။ အမင်္ဂလာများ၊ စွန့်ပစ်ထားရာဇရပ်နှင့် ပ်ဝေးဝေးနေလိုသူတို့သာ များသည်။ သုသာန်တစပြင်ဆိုသည် ာ သရဲ၊ တစ္ဆေများ၊ ကျက်စားရာအရပ်ဟုလူတို့က အစွဲထားကြ သဖြင့် ညအချိန်၌ လာရဲသူ အင်မတန်ရှား၏။ သေဆုံးသူများ၏ ဆွေမျိုးသားချင်းများပင် လာဝံ့ကြမည်မဟုတ်ချေ။ သံယောဇဉ်က သံယောဇဉ်၊ ခင်တာကခင်တာ၊ ချစ်တာကချစ်တာ။ သုသာန် ရောက်သည်အထိတော့ သံယောဇဉ်မပိုနိုင်။ သုသာန်မှာပဲ နေရစ် ခဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လှချည်ရဲ့ဆိုသူများပင် သေဆုံးသွားပြီးနောက် အဆိုပါ သေဆုံးသွားသူကိုပင် တိုနားရှိုးတိုးရိုပ်တိတ်မြင်ရလေမလား။ ဒီနားက ဗုန်းခနဲအသံဖြင့် ခြောက်လေမလားဖြစ်ကာ ကြောက်လန့်နေကြ သည်က များကြလေသည်။

ယခု တဟင့်ဟင့်ရှိနေပုံမှာဆန်းသည်။

"ကိုငိုင်း၊ အသံက တိုးတိုး တိုးတိုးနဲ့ကြားနေရတယ်။ ဘာသံကြီးမှန်းမသိဘူး"

ပြောင်ကြီးက လေသံခပ်အုပ်အုပ်ပြောသည်။ အောင်သ က…

"ညည်းသံလိုလိုပဲ။ ကော္ဘာ၊ ပီယဆေးလာဖော်တဲ့ လူတွေ များလား"

ဟုဏင်မြင်ချက်ကို ပြောသည်။ ပြောင်ကြီးက အောင်သ စကားကြောင့် ဖြတ်ခနဲလှည့်ကြည့်ကာ မေးသည်။

"ပီယဆေးဟုတ်လား။ ပီယဆေးဘာလုပ်ရတာမို့လဲ"

"သချိုင်းကုန်းမှာလုပ်တဲ့ ပီယဆေးက အစွမ်းထက်သတဲ့ ဘာလုပ်လုပ် ဘာကြံကြံအောင်သတဲ့။ အထူးသဖြင့် လူ ကာလသားတွေအတွက် မျက်နှာပွင့်ဆေးအဖြစ် တကယ် ကောင်းဆိုပဲ။ ကိုယ်ကြိုက်အမျိုးသမီးကို တို့လိုက်တာ





မနေနိုင် မထိုင်နိုင်ဖြစ်တော့တာပဲ။ အဲ့သလို ပြောကြတာပဲ"

"အဲ့သလောက်စွမ်းနေမှတော့ သချိုင်းကုန်းတိုင်းမှာ လူသေ ကောင်တွေအများကြီးရှိနေတာပဲ။ လာဖော်ကြတော့မပေါ့"

"ဒီလိုရှိတိုင်းမရဘူးကွ။ အစိမ်းသေ၄"

"အစိမ်းသေ …"

"အေး၊ တုတ်တယ်။ အစိမ်းသေမှ ဆေးစီရင်လို့ရတာ"

"မင်းပြောလိုက်မှ အဆန်းချည်းပဲ။ လူသေတာတောင် အစိမ်းရယ် အကျက်ရယ်ရှိသေးလို့လား"

"ရှိတာပေါ့ကွ။ ဥပမာ ကားတိုက်လို့သေတယ်။ လူသတ် လို့သေတယ်။ ရေနစ်လို့သေတယ်။ မိုးထိလို့သေတယ်။ အကြောင်းကြောင်းကြောင့် သေတာကို အစိမ်းသေ သေ တယ်လို့ဆိုကြတယ်။ ကိုးဆယ်ခြောက်ပါးရောဂါနဲ့ ဆုံးတာ မျိုးတော့ရိုးရိုးပေါ့။ ဥပစ္ဆေဒကကံနဲ့သေတဲ့အလောင်းမှ ဆေးစီရင်လို့ရတာ။ အထူးသဖြင့် အမျိုးသမီးမှ။ ဆရာက အဲ့သလို သေဆုံးတဲ့အမျိုးသမီးရဲ့ မြေပုံဘေးမှာ စည်းဝိုင်း ချ။ မန်းမှုတ်လိုက်ရင်ပဲ မြေကြီးထဲကခေါင်းကြီး ဘွားခနဲ ပေါ်လာသတဲ့။ ခေါင်းထဲကအမျိုးသမီးက ငုတ်တုတ်ထ ထိုင်တော့မှ သနပ်ခါးကျောက်ပြင်နဲ့ သနပ်ခါးတုံးပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အသွေးနိုင်း၊ အလိမ်းနိုင်း။ အလိမ်းနိုင်းတာတောင်မျက်
တင်မကဘူး။ ခြေဆုံးခေါင်းဆုံး ပြီးမှအဲ့ဒီလိမ်းထား
သနပ်ခါးကို နှီးနဲ့ခြစ်ချနိုင်းသတဲ့။ အတိုပြောရရင် အ
သနပ်ခါးကပီယဆေးပဲ။ ဒါပေမယ့် အင်မတန်ရခဲတ
လို့ပြောတာပဲ။ သေဆုံးသွားတဲ့ အမျိုးသမီးက ခေါင်း
ထမ်းပြီးအတင်းလိုက်လို့ ဆရာတပည့် အသက်လု
ကြရတာတဲ့။ တချို့ဆရာများ သေတာတောင်ရှိသ
ပြောင်ကြီးရေ"

အောင်ဘက သူကြားဖူးနားဝရှိသည့်အတိုင်း ပြောပြလိုက်
တာ ... မလွယ်ပါလားဟု တိုးညင်းစွာညည်းသည်။ မောင်ဝိုင်း
ပြောင်ကြီးနှင့် အောင်ဘတို့ အချီအချ ပြောဆိုနေသည်
စိတ်မဝင်စား။ ဇရပ်ပေါ်မှ တတီးဟီးနှင့် အရိပ်သဏ္ဍာန်များ လှုပ်
နေပုံကိုသာ အာရုံရောက်နေ၏။ ဖြစ်ပေါ်လာမည့် အခြေအနေကိုလည်း
ခန့်မှန်းနေသည်။

"အောင်ဘ၊ မင်းပြောသလို ပီယဆေးလုပ်တဲ့လူတွေ
ရင် ဒီညအဖို့ တို့အလုပ်ဖြစ်တော့မလား"

ပြောင်ကြီး စိုးရိမ်သံဖြင့်ဆိုသည်။ မောင်ဝိုင်းက စိတ်
သံဖြင့်မာန်သည်။





"ပြောင်ကြီး၊ မင်းတို့ တိတ်တိတ်နေစမ်း"
နှစ်ယောက်စလုံး ပတ်တောပိတ်သွား၏။ အတန်ကြာမှ...
"ဒီ လူတစ်ယောက်ယောက်ပဲ။ ဘာကြောင့် ရောက်နေ
တယ်မပြောတတ်ဘူး။ တို့ဇရပ်နားသွားကြည့်ကြမယ်"

* * *

"ယဉ်ယဉ်နွဲ့ရယ်။ မင်းကိုယ့်ကိုယ်ထားသွားတော့မှာလား။
ကိုယ်မင်းအပေါ်မှာ ဘယ်လောက်ချစ်ခဲ့ရတယ်ဆိုတာမင်း
သိသွားစေချင်တယ်။ ခုတော့ ကိုယ်တစ်ယောက်အသည်း
ကွဲမတတ်မခံစားနေရပြီ။ ကိုယ့်ကိုယ်ပါ မင်းခေါ်သွားပါ
လား။ မင်းနောက်ကို လိုက်ခဲ့ပါစေ။ ဘယ်ဘဝရောက်
ရောက် ကိုယ်မင်းအနားမှာ အဖော်ပြုနေရရင် ကျေနပ်နေ
ပါပြီ ... တီး ... တီး"

တတွတ်တွတ်ပြောရင်း တရှိုက်ရှိုက်ငိုညည်းသံကို ပီပီသသ
ကြားလိုက်ရလေသည်။ စကားသံကိုထောက်ခြင်းအားဖြင့် ယဉ်ယဉ်နွဲ့
၏ချစ်သူ သို့မဟုတ် ခင်ပွန်းဟု မောင်ဝိုင်းတွက်မိသည်။

ထို့ကြောင့် အောင်ဘ၏ နားနားသို့ကပ်၍ လေသံ
တိုးတိုးဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အောင်ဘ။ အခုသေတဲ့အမျိုးသမီးမှာ အိမ်ထောင်
ရှည်စားတို့ရှိတယ်လို့ မင်းကြားမိသေးလား"
ဟုမေးသည်။ အောင်ဘ ခေါင်းခါပြီး ပြောသည်။
"မကြားမိဘူး။ အပျိုလို့ပဲ သိထားတာဗျာ။ ဒီအ
ရောက်မှတော့ရည်းစားတို့ ဘာတို့ထားချင်ထားမှာ
"ရည်းစားဆိုလည်း ဒီလိုလာမှာမဟုတ်ဘူးကွ။ ကော
ကလေးက သေသွားပြီဥစ္စာ။ ခုဟာက ဆန်းသလိုလို
မောင်ဝိုင်း၏စကားအဆုံးတွင် ခေတ္တတိတ်ဆိတ်သွား
ခဏအကြာမှ ပြောင်ကြီးက "ဒီလိုဆို တို့အလုပ်ဖြစ်ပါတော့မလာ
ဟု စိုးရိမ်ပူပန်စွာ ဆိုလေသည်။ အောင်ဘက "ဘယ်လိုလုပ်မ
ဟု မေးသည်။ မောင်ဝိုင်းက ...
"တို့ဝင်လိုက်ရင် ကောင်းမယ်ထင်တယ်။ တနည်းနည်း
ပထုတ်ရင် ရမလားမသိဘူး။ မီးစင်ကြည့်ကရမှာပဲ။ တ
အလုပ်လုပ်တဲ့လူ မဖြစ်နိုင်တာတော့ သေချာပါတယ်"
ဟုဆိုလိုက်ရာ အားလုံးက သဘောတူသွားသည်။
ချင်းပင် ပုန်းနေရာမှ ကြိုင်တူထကာ ဇရပ်အနီးသို့ လျှောက်လာခဲ့

* * *





"တိတ်၊ ဇရပ်ထဲက ဘယ်အကောင်လဲ"
လေသံမာမာဖြင့် မောင်ဝိုင်းက ခြိမ်းခြောက်လိုက်၏။
ဝိုင်း၏အသံကြောင့် အခေါင်းဘေးတွင် ငုတ်တုတ်ထိုင်လျက်
သူမှာ လန့်ဖျပ်ခုန်ထရင်း ...
"အမလေး ..."
အာမေဋိတ်သံ ထွက်လာသည်။ ကြက်သေ သေသလို
ည့်နေပြီး သူ့တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်ယင်နေ၏။
"ညအချိန်မတော်ကြီး မင်းဒီမှာဘာလာလုပ်နေတာလဲ။
အလောင်းကို မဟုတ်မဟတ်လုပ်ဖို့အကြံနဲ့ ရောက်နေတာ
မဟုတ်လား။ မှန်မှန်ပြောစမ်း"
ဟောက်လက်စနှင့်ပင် မောင်ဝိုင်းက ဆက်တွန်းသည်။
ဆောင်းစင်သေးနားတွင် ရပ်မြဲရပ်နေရှာသူက လက်ကာရင်း...
"မဟုတ်၊ မဟုတ်ပါဘူး အစ်ကို။ ယဉ်ယဉ့်ကို ကျွန်တော်
ချစ်သူပါ။ ကျွန်တော်ကျိန်ဆိုကျိန်ရဲပါတယ်ဗျာ" ဟုဆိုသည်။
ကျွန်တော်ချစ်သူပါဟု ဆိုလိုက်သဖြင့် မောင်ဝိုင်းဝိုင်းသွား
၏။ တစ်ချက်တည်းပင် အောင်ဘ၏ မျက်နှာကိုလည်း ခပ်တည်
ည်လှမ်းကြည့်မိသည်။ ရေနံဆီးမီးခွက်၏ အလင်းရောင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘ၏မျက်နှာမှာ သွေးမရှိသလိုဖြူလျော်နေသည်။ ခင်ပွန်းမရှိ၊ ရည်းစားမရှိဟုပြောခဲ့သော အောင်ဘ၏စကားများသည် လိမ်သလို ဖြစ်နေတော့၏။

"မင်းက ဘယ်ရွာကလဲ။ နာမည်ဘယ်လိုခေါ်သလဲ"

ပုလိပ်စစ် စစ်သည်။ ထိုသူကား ခိုးတုပ်ခိုးထည်နှင့် မိသလို မျက်နှာတွင် စိုးရိမ်ကြောင့်ကြမှုများပေါ်လွင်နေသည်။

"ကျွန်တော်၊ ကျွန်တော်ဒီရွာသားပါအစ်ကို။ ကျွန်တော့် နာမည်ကမောင်ရုပ်ဆိုးပါ"

မောင်ရုပ်ဆိုး၏ အဖြေကြောင့် မောင်ဝိုင်းရယ်ချင်သလို ရှိသွားသည်။ နာမည်နှင့်လူမှာ အတော်လိုက်ဖက်သည်။ ဗလက တောင့်တောင့်။ လူကပုကွကွ။ အသားကမည်းနက်နက်။ နဖူးက တလင်းပြင်လိုပြန့်ပြူးပြီး နှာခေါင်းတွင်မူ လက်သီးဆုပ်ကြီးတင်ထား သလိုရောမ။

ဒီလို အရုပ်ဆိုးလှစွာသော မောင်ရုပ်ဆိုးနှင့် ပပဝတီကဲ့သို့ ချောမောလှပသော မယဉ်ယဉ်နွဲ့နှင့် ချစ်သူပါဟုဆိုသည့်စကားကို မည်သို့ယုံရမည်နည်း။ ယုံကြည်ဖွယ်မရှိအောင်ဖြစ်မိ၏။

"မင်း မဟုတ်တာပြောတော့မယ်"





"ဘာကိုလဲအစ်ကို"

"စောစောက မင်းချစ်သူဆို"

"ဟုတ်ပါတယ်။ ကျွန်တော့်ချစ်သူပါ"

မောင်ရုပ်ဆိုးက အခိုင်အမာပြောလိုက်သဖြင့် မောင်ဝိုင်း ကျေမနပ်ဖြစ်သွားသည်။ ချက်ချင်းပင် ခေါင်းသော့ချထားသော နိုဆီမီးခွက်ကိုယူလိုက်သည်။ ပြီးလျှင် အသင့်ဖွင့်ထားသော ခေါင်းထဲသို့ မီးရောင်ဖြင့်ငုံ့ကြည့်သည်။

အခေါင်းထဲ၌ သေသူ၏အလောင်းမှာ အိပ်ပျော်နေသကဲ့သို့ သည်။ ကိုယ်လုံးမှာ သွယ်လျလျရှိသည်။ အချိုးအဆက်ပြေပြစ် ည်။ မျက်နှာကလေးကလည်း ဝိုင်းစက်နေသည်။ နှုတ်ခမ်း လွှာမှာ လေးကိုင်းပမာရှိ၍ တင့်တယ်နေသည်။ ပြေသည့်နဖူးနှင့် တံမှာ ပြေပြေစင်းစင်းရှိလေသည်။ ဆံပင်မှာမူ မိန်းမတို့၏ဘုန်းကို ပြနေပုံရှိသည်။

ဒီရွှေဒီမျှ လှပသူကိုမှ မောင်ရုပ်ဆိုးက သူ့ချစ်သူဟု ခိုင်မာပြောနေသဖြင့် ဘယ်လိုမှနားမလည်နိုင်အောင်ဖြစ်သွားသည်။

"ဒီမှာ မောင်ရုပ်ဆိုး၊ မင်း တို့ကိုလိမ်မယ်လို့တော့မကြံ နဲ့။ မင်းကို တို့တရားဥပဒေနဲ့ အရေးယူလို့ရတယ်"

မောင်ဝိုင်းက သူ့ကိုယ်သူ ဘာလိုလို၊ ညာလိုလိုလေးဖြူး

မိတ်ဆွေစာပေ

www.burmeseclassic.com



ဖြင့် ဖိလိုက်သည်။ မောင်ရှုပ်ဆိုး ပျာပျာသလဲတောင်းပန်သည်။

"ဟာ၊ မလုပ်ပါနဲ့ အစ်ကိုရယ်။ ကျွန်တော်တောင်းပန်ပါတယ်။ ယဉ်ယဉ်နဲ့နဲ့ ကျွန်တော်နဲ့ ချစ်သူဆိုတာတလည်း အစ်ကိုတို့ မယုံကြည်နိုင်ဘူးဆိုတာ ကျွန်တော်သိပါတယ်။ ဖြစ်နိုင်ပါတယ်။ ကျွန်တော့်ကံက နည်းခဲ့တာကိုး။ ဒီအဖြစ်ကို ပြောရရင်တော့ နည်းနည်းရှည်မယ်၊ အစ်ကိုတို့ နားထောင်မယ်ဆိုရင်ပေါ့"

ရင်ဖွင့်လိုသည့် သဘောဖြင့် ပြောသည်တုနားလည်သည်။ မောင်ဝိုင်းက မီးတိုင်ခွက်ကို မူလနေရာတွင်ချသည်။ ပြီးမှဧရပ်၏ ကြမ်းခင်းတွင်ခြေပစ်လက်ပစ်တိုင်ချလိုက်သည်။ အောင်ဘနှင့် ပြောင်ကြီးကိုပါတိုင်ရန် မျက်ရိပ်ပြလိုက်၏။





(၄)

"ဒီလိုပါအစ်ကို။ ကျွန်တော့်တဝက လူအရုပ်ဆိုးသလောက် ကုသိုလ်ကံကလည်း ဆိုးပါတယ်။ အမှန်တော့ မိဘနှစ်ပါးက ဒီရွာသားတွေမဟုတ်ပါဘူး။ အစ်ကိုတို့သိမလားတော့ မပြောတတ်ဘူး။ တိုဘက်အဝေးကြီးက ဘန့်ဖွေးကုန်းရွာတဲ့ ...

"မိဘများက ဆင်းရဲလွန်းလို့ ဒီရွာမှာလာပြီး လယ်တွင်လုပ်ကြရသတဲ့။ ကောက်စိုက်ပျိုးနုတ်ချိန်ကြရင် အမေက ကောက်စိုက်ပျိုးနုတ်ပေါ့။ အဲ့သလိုနေလာရင်းနဲ့ ကျွန်တော့်ကို ကိုယ်ဝန်ရှိလာသတဲ့။ ကျွန်တော်မမွေးခင်တစ်လလောက်မှာပဲ အဖေဆုံးတယ်။ ညောင့်စူးပြီး အနာရင်းပြီး ဆုံးတာလို့ ပြောကြတာပဲ ...

"အမေတာ အဖေဆုံးပြီးနောက်ပိုင်းမှာ ကိုယ့်ရွာကိုယ် မပြန်တော့ဘဲ ဒီမှာနေရှာတယ်။ အဖေခေါင်းချရာက မွှာ



www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့လေ။ အဲ့သလိုနေနေရတဲ့ဘဝမှာ အမေတာတော် တော်ပင်ပန်းဆင်းရဲရှာပါတယ်။ ရွာပြင်မှာပဲ တဲတာလေး တစ်လုံးထိုးပြီး နေခဲ့ရတယ်။ ကျွန်တော့်ကို မွေးလာပြန် တော့လဲ အမေစိတ်ဆင်းရဲရပြန်တယ်ဗျူ။ ကျွန်တော်ရုပ်က ဆိုးလွန်းတာကိုး...

"ဒီစိတ်နဲ့ပဲ အမေကွယ်လွန်သွားရှာတယ်။ အဲ့ဒီတုန်းက ကျွန်တော်ငါးနှစ်ခြောက်နှစ်သားပေါ့။ အမေက ခဏခဏ ပြောပါတယ်။ သြော် ... ဖိုသားတလေးကို သူများသား သမီးလိုလှပချောမောစေချင်တာတဲ့။ အဲ့သလိုပါ အစ်ကို...

"အမေ မကွယ်လွန်ခင်က သားအရုပ်ဆိုးပေမယ့် ပညာ တော့တတ်မှတဲ့ဆိုပြီး ဆရာတော်ဦးဇဝနကျောင်းမှာထား ပေးပါတယ်။ အတန်းကျောင်းဘာယ်ထားနိုင်မှာလဲ။ ပိုက်ဆံ မှမရှိဘဲ။ ကျွန်တော်ဘုန်းကြီးကျောင်းမှာ သင်ပုန်းကြီး တို့၊ မင်္ဂလာသုတ်အထိ သင်ခဲ့ရတယ်။ ကျောင်းမှာပဲ နေရတာ ပေါ့။ ကျွန်တော့်မှာ အမှီအခိုကွယ်ဆိုတာ ရှိမှမရှိတာ ...

"ယဉ်ယဉ်နွဲ့နဲ့တွေ့တာကလည်း ဘာမှအဆန်းတကျယ် မရှိလှပါဘူး။ ကလေးဘဝကတည်းက ဆိုရမှာပါ။ သူ့ မိဘတွေက ဆရာတော့်ဆီမှာ ဥပုသ်စောင့်လာတိုင်း သူပါ





လာတတ်ပါတယ်။ ကလေးဘဝဆိုတော့ ဘာသိမှာမို့လဲ။ ဆော့တော့ပြေတော့အတူတူပေါ့။ တူတူပုန်းတာတို့၊ လိုက် တန်ပြေးတန်းကစားတာတို့ အစုံပဲ။ တစ်ယောက်နဲ့ တစ်ယောက် အတော်ခင်မင်ခဲ့ကြပါတယ် အစ်ကို ...

"နောက် သူကလေးလည်း အရွယ်ရလာရော ကျောင်း ကို မရောက်လာတော့ဘူး။ အိမ်မှာပဲ။ ဒါပေမယ့် ကံကြမ္မာ က တစ်မျိုးဖြစ်လာပြန်ရော။ ကျောင်းက ကပ္ပိယကြီးဦးအေး က ကျွန်တော့်ကို ဆွမ်းချိုင့်ပို့ခိုင်း၊ မြန်ယူခိုင်းဆိုတော့ ယဉ်ယဉ်နွဲ့နဲ့ပြန်ပြန်တွေ့နေကြရတာပေါ့ ..."

"ဒီတုန်းက ယဉ်ယဉ်နွဲ့ဆိုတာ တိုတုန်းက ကလေးမတုတ် တော့ဘူးအစ်ကို။ အရွယ်က အပျိုဖော်ဝင်စ။ လှမှလှပဲ။ ကိုယ်လုံးကိုယ်ပေါက်ကလည်း မျှစ်ရိုးပင်ပေါက်လို။ လုံးတျစ်ပြီး အချိုးကျလှနေတာကလား။ ကျွန်တော်အရမ်း ကို ခိုက်သွားတယ် ...

"ဒါပေမယ့် သူ့ဘဝနဲ့ ကျွန်တော့်ဘဝက မိုးနဲ့မြေကြီး လောက် ကွာခြားနေတာပါ။ သူကလှတယ်။ ချောတယ်။ တစ်ရွာလုံးရဲ့အချောအလှ။ ပစ္စည်းဥစ္စာလည်းချမ်းသာတဲ့ မျိုးရိုး။ ကျွန်တော်က တစ်တောင်ကြွက်။ မိဘမဲ့။ ဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com



နေကလည်း မရှိပြန်။ ရုပ်ရည်ကလည်းအစ်ကိုတို့အမြင်ပါပဲ။ ဘယ်လိုလုပ်ပြီး ကျွန်တော်နဲ့နီးစပ်နိုင်ပါမလဲ …။

"ကျွန်တော်ဖွင့်မပြောရဲပါဘူး။ သူ့ချက်နှာကလေးမြင်နေရရင် ကျေနပ်နေတဲ့ ဘဝပါ။ ကျွန်တော်ကသာ တစ်ဘက်သတ်အချစ်နဲ့ချစ်နေရတာပါအစ်ကိုရယ်။ ခုတော့လေ သူ … သူ ကျွန်တော့်ကို ခွဲခွာသွားပြီ၊ တီး … တီး … တင့် … တင့် …"

* * *

မောင်ရုပ်ဆိုးသည် သူ့ဘဝဇာတ်လမ်းကလေး တစ်စိတ်ဒ်ပိုင်းကို နတ်သံနှော၍ ပြောပြလေသည်။ တစ်ဘက်သတ်ချစ်က ဆိုးပါသည်တူသောစကားကို မောင်ဝိုင်းသတိပြုမိသည်။ ဝင်ဝိုင်းရင်ထဲ၌ ရယ်ချင်ပက်ကျိဖြစ်မိသေးသည်။ သို့သော်ယ်မိအောင် စိတ်ကိုထိန်းထားပြီးမှ …

"အေးကွာ။ မင်းရဲ့အချစ်က လေးစားထိုက်ပါပေတယ်။ ဒါပေမယ့် သေတဲ့သူလည်း သေခဲ့ပြီလေ။ လွမ်းနေလို့ကောဘာအကျိုးထူးမှာမို့လဲ။ ခုလည်းညနက်လှပြီကွ။ မင်းပြန်





ဖို့သင့်ပြီ။ ဒီရွာက တစ်ယောက်ယောက်သာ တွေ့မြင်သွားရင် ငါ့ညီအတွက် ပြဿနာဖြစ်နေပါဦးမယ်"

တုရှေ့ပြည်အေးတရားတော်ကာ မသိမသာနှင့်ကြည့်သည်။ မောင်ရုပ်ဆိုးက ခေါင်းမော့သည်။ လည်တခါခါဖြင့် ပြော၏။

"မပြန်ဘူးအစ်ကို။ ကျွန်တော့်ကိုသနားရင် ပြန်ဖို့မပြောကြပါနဲ့။ သူ့ကို ဒီသုသာန်ထဲမှာ တစ်ယောက်တည်းမထားရက်ဘူး။ သူကြောက်ရှာမှာပဲ"

ခက်တော့နေပြီဟု မောင်ဝိုင်းတွေးမိသည်။ သက်ပြင်းမောချလိုက်၏။ ထိုအခိုက် မောင်ရုပ်ဆိုး၏ မေးခွန်းတစ်ခုက အမှတ်မထင်ထွက်လာသည်။

"ဒါနဲ့ အစ်ကိုတို့က ဘယ်ရွာကလဲ"

မောင်ဝိုင်းခေါင်းထဲ အလုပ်ရှုပ်သွားသည်။ နေရာထိုင်ခင်းအတိအကျ ပြောလို့မဖြစ်။ အန္တရာယ်ကိုလက်ယက်ခေါ်သလိုဖြစ်သွားမည်။ လှိုလွှဲပြောမှ။

"တို့က မကျည်းစုကကွ။ ဘန့်ကွေ့ကုန်းမှာ နွားဝယ်ဖို့သွားစုံစမ်းတာ အပြန်မှာလမ်းမှားပြီး ဒီဘက်ရောက်လာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘကို မေးစမ်းထားခဲ့ပြီး ရှာစဉ်တွေကို ပါးစပ်ထဲ တွေ့သလို ပြောချလိုက်ရသည်။ ပြောင်ကြီးနှင့်အောင်ဘတို့က မောင်ပိုင်း၏မျက်နှာကို လှမ်းကြည့်သည်။ မောင်ပိုင်းက အသာ သဘောမျိုးဖြင့် မျက်စိမှိတ်ပြသည်။ ထို့နောက် သူတို့နှစ်ယောက် အသာလက်ကုတ်၍ ဇရပ်၏ထောင့်စွန်းတစ်နေရာသို့ ခေါ်ထုတ်ခဲ့၏

"ဗူး ... ဒီကောင်နဲ့တော့ မလွယ်ဘူးထင်တယ်"

မောင်ပိုင်းညည်းသည်။ ပြောင်ကြီးကဆိုသည်။

"ဒီကောင့်ကို ပထုတ်လိုက်ရင်ကော"

"စောစောကပဲငါပြောပြီးပြီ။ မပြန်ပါဘူးတဲ့ကွ"

အောင်ဘက လူမိုက်စကားပြောသည်။

"ဒီအချုပ်ရုံးကို အပြတ်ရှင်းလိုက်ရင် မကောင်းဘူးလား"

"ဟာ အောင်ဘ။ မင်းက အမှုနှစ်မှုထပ်အောင်လုပ်မလို့ လား"

မောင်ပိုင်းက ဆိုလိုက်ရာအောင်ဘက...

"ဘာကြောင့် နှစ်မှုထပ်ရမှာလဲ။ မောင်ရုပ်ဆိုးကိုရှင်း တာပဲ။ တစ်မှုပေါ့ဗျာ"

ဟုစောဒကတက်လိုက်သည်။ မောင်ပိုင်းက ခေါင်းခါ ပြော၏။





"မင်း အဲ့သလိုပြောလို့မရဘူး အောင်ဘ၊ ဒါ ဥပဒေ အမြင်ဘက်ကစကား။ မောင်ရုပ်ဆိုးကို ရှင်းတယ်ဆိုပါစို့။ ဒါတစ်မှု။ ပြီးတော့ ယဉ်ယဉ်နဲ့ကို တို့ဖျက်ဆီးယူထင် တာက တစ်မှုလေကွာ"

"မဆိုင်ပါဘူးဗျာ။ ဒီကောင်မလေးက သေနေပြီပဲ။ လူသေ အလောင်းက ပစ္စည်းယူတာပဲ။ အမှုမြောက်မလား"

အောင်ဘစကားကြောင့် မောင်ပိုင်းသက်ပြင်းချလိုက်သည်။

"ဒီလို တစ်ဇောက်ကန်းမပြောနဲ့အောင်ဘ၊ သေတဲ့သူက သေသွားပြီ။ မှန်တယ်။ သူ့ဆီက ပစ္စည်းတွေယူတယ်။ သူ့ကိုသတ်တာမဟုတ်တာကတော့ မှန်တာပေါ့။ ဒါပေမယ့် ဒီအလောင်းမှာပိုင်ရှင်ရှိသေးတယ်။ သူ့ဆွေမျိုးသားချင်း၊ မိဘမောင်ဘွားတွေက မကျေနပ်ရင် အလောင်းဖျက်ဆီး မှုတို့ ဘာတို့နဲ့ အမှုဖွင့်တိုင်ကြားလို့ရတယ်။ အဲဒါ မင်း သိလား"

မောင်ပိုင်းရှင်းပြသည်။ ပြောင်ကြီးက ...

"ဒီလိုဆို ဒီညအလုပ်မဖြစ်တော့ဘူးပေါ့"

ဟုဆိုလိုက်ရာ မောင်ပိုင်းက စိတ်ပျက်သံဖြင့် ...

"ဒီလိုပဲ အောက်မေ့ရတော့မယ်။ ဒီငနဲက မလွယ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတာကိုကြည့်။ ချက်ချာတယ်။ တို့ဒီအလုပ်
လုပ်တာကို သတင်းမပေါက်ကြားဘူးလို့ပြောလို့မရဘူး
ဒီအချစ်ရူးကို စိတ်မချရဘူး”

ဟူ၍ ပြောလိုက်ရာ အားလုံးငိုင်တွေသွားကြသည်။

“အဲဒါဆို ဘယ်လိုလုပ်ကြမလဲ”

ခေတ္တငြိမ်နေကြပြီးမှ အောင်သာ မေးသည်။

“ဘယ်လိုမှ မလုပ်နဲ့။ အောင်မြင်စွာ နောက်ကြောင်းပြ
လှည့်တာပဲကောင်းတယ်”

ပြောင်ကြီးက ...

“တောက် ... ပါးစပ်နားရောက်ခါနီးမှကွာ၊ တင်း ...”

ဟူ၍ တောက်ခေါက်သံနှင့်အတူ မကျေနပ်စွာဆိုလိုက်
မောင်ဝိုင်းက အလိုက်သင့်ပဲ ပြောသည်။

“စိတ်ပျက်မနေပါနဲ့ ပြောင်ကြီးရာ။ အလောင်းကြီး
ဒီတိုင်းနေမှာမှ မဟုတ်ဘဲ။ မြေကျဦးမှာပါ။ မြေကျ
ဆက်လုပ်ကြမယ်။ အောင်သာက ဘယ်နေ့မြေချတ
မြေပုံဘယ်နားမှာဆိုတာ အတိအကျလိုက်ထား”

မောင်ဝိုင်းသည် နောက်ရက်တွင် အလုပ်လုပ်ရန် အော
အား တာဝန်ချပေးလိုက်လေသည်။

မိတ်ဆွေစာပေ



၅။

မောင်ဝိုင်းတို့သုံးယောက်သုသာန်ထဲက ပြန်ထွက်လာသော
အခါ၌ အရှေ့မိုးကောင်းကင်တွင် ရောင်နီသည် ပျို့လုပျို့ခင်ရှိနေ
လေပြီ။ ရွာဘက်ဆီမှာလည်း အရုဏ်ဦးကြိုကြက်တွန်သံသဲ့သဲ့ကို
ခပ်ပျပျ ကြားနေရလေပြီသတည်း။ ။

# တိန်းအောင်ကျော်

မိတ်ဆွေစာပေ

www.burmeseclassic.com